ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဘဝကိုတန်ဖိုးရှိအောင် နေထိုင်**

လောက၌ လူအဖြစ်ကိုရခြင်းသည်လည်းကောင်း၊ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည်လည်းကောင်း၊ သူတော်ကောင်းတရားကို နာကြားရခြင်းသည်လည်းကောင်း၊ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်ခြင်းသည်လည်းကောင်း ခဲယဉ်းလှပါပေ၏။ (လူ့ဘဝကိုရ၍ အသက်ရှင်ခြင်းကို ရရှိကြသူတိုင်းသည် မိမိဘဝတန်ဖိုးရှိအောင် ပြုမူနေထိုင်ရာ၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့။ Thursday , 17 November 2016 (၈၇၄၈)



## မျက်စိအတွင်းတိမ်ဝေဒနာရှင်များ အခမဲ့ခွဲစိတ်ကုသခြင်း ဖွင့်ပွဲအခမ်းအနား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် တက်ရောက်အားပေး

စာမျက်နှာ - ၃



## မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ နှစ်နိုင်ငံအကျိုးတူရင်းနှီးမြှုပ်နှံရန် ဆွေးနွေး

စာမျက်နှာ - ၅

# ဖက်ဒရယ်စနစ်ကျင့်သုံးရာတွင် ပကတိအခြေအနေမှန်နှင့်ကိုက်ညီသည့်စနစ်ကို ကျင့်သုံးမှသာ အောင်မြင်မှုရနိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ဖက်ဒရယ်၏ သဘောလက္ခဏာများကို လေ့လာသိရှိရန်လိုအပ်ကြောင်း၊ ဖက်ဒရယ်ဟူသည့် ဝေါဟာရကို တရားဝင်လက်ခံသုံးစွဲလာကြပြီဖြစ်သည့်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံမှ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသို့ဆိုသည့် ဆောင်ပုဒ်များ၊ ကြွေးကြော်သံများကို ကြားနေရပြီး ထောက်ခံဖော်ပြသည့် ဆိုင်းဘုတ်များကိုလည်း အချက်အချာကျသည့်နေရာများ၌ မြင်တွေ့နေရပြီဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပြောကြားသည်။

နေပြည်တော်ရှိ Royal President Hotel ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည့် ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးက ထိုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

“ဖက်ဒရယ်စနစ်ကျင့်သုံးရာတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီကြောင်း၊ ရလဒ်ပိုင်းတွင်လည်း

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



ဖက်ဒရယ်စနစ်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## ရဲရဲဝံ့ဝံ့ ဆုံးခန်းတိုင်အောင် ပြည်သူ့အတွက်ကြိုးပမ်းဆောင်ရွက်

"သတိပြုရမည်မှာ လုပ်ရမည့်ကိစ္စကို မလုပ်ခြင်း၊ အမုန်းမခံခြင်း၊ ကျွမ်းကျင်ပိုင်နိုင်မှု မရှိခြင်းနှင့် လုပ်ငန်းကို ဆုံးခန်းတိုင်အောင် ဆောင်ရွက်နိုင်မှု မရှိခြင်းတို့ကြောင့် နောက်ဆုံးတွင် မိမိတို့ပြည်သူများ နစ်နာမည်ကို စိုးရိမ်မိပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အထူးစီးပွားရေးဇုန်များနှင့်စပ်လျဉ်း၍ ပြောကြားသွားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားခဲ့သည့် အလုပ်လမ်းညွှန် သတိပေးချက်မှာ အထူးစီးပွားရေးဇုန်အတွက်သာမက မည်သည့်လုပ်ငန်းနယ်ပယ်အတွက်ပင်မဆို လိုက်နာမှတ်သား အလေးထားဆောင်ရွက်ရမည့် ပကတိအခြေအနေနှင့် ထင်ဟပ်နေသော အခြေအနေမှန်များပင်ဖြစ်သည်။

အချို့လုပ်ငန်းနယ်ပယ်များတွင် တိုးတက်မှုနှေးကွေးနေခြင်း၊ သိသာသော တိုးတက်ပြောင်းလဲမှုများ အထင်အရှား မဖြစ်ပေါ်သေးခြင်းသည် အထက်ပါ အလုပ် လမ်းညွှန်ချက်ပါ သတိပေးထောက်ပြမှုများကဲ့သို့ လုပ်ကိုင်ဆောင်ရွက်မှုများ ရှိနေသေးသောကြောင့် ဆိုင်ရာကာယကံရှင်များ မနစ်နာဘဲ ရေရှည်တွင် ပြည်သူများသာ နစ်နာမှုရှိနိုင်သည်ကို မြော်တွေး စိုးရိမ် သတိပေးခြင်းဖြစ်သည်။

နိုင်ငံနှင့်ပြည်သူကို အကျိုးပြုရမည့် လုပ်ငန်းနယ်ပယ်အချို့တွင် လုပ်ရမည့်ကိစ္စတို့ကို မလုပ်ကိုင်ခြင်း သို့မဟုတ် မလုပ်မိခြင်း သို့မဟုတ် လုပ်ရကောင်းမှန်း မသိခြင်းတို့ရှိတတ်ရာ လုပ်ငန်းခွင်နှင့် အံဝင်ခွင်ကျဖြစ်သည့် ကျွမ်းကျင်ပိုင်နိုင်မှု မရှိခြင်း သို့မဟုတ် အမုန်းမခံခြင်း သို့မဟုတ် ပိုနေမြဲ ကျားနေမြဲနေခြင်း သို့မဟုတ် မလုပ်မရှုပ် သက်သာသလိုနေခြင်းတို့ကြောင့် ဖြစ်ကောင်းဖြစ်နိုင်သည်။ အလုပ်ကို ဆုံးခန်းတိုင်အောင်မလုပ်ခြင်းမှာလည်း အလားတူပင်ဖြစ်သည်။

မျက်မှောက်ကာလတွင် တိုင်းရင်းသားပြည်သူများ အေးချမ်းတည်ငြိမ်စွာဖြင့် နေထိုင်နိုင်ရန်အတွက် အလုပ်အကိုင်ဝန်းကျင်ကောင်းများရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါသည်။ ထိုအခြေအနေကောင်းများ ဖြစ်ထွန်းရန်အတွက် စီးပွားရေး၊ တည်ငြိမ်အေးချမ်းရေး နယ်ပယ်များအတွင်းရှိပတ်သက်သူများက အထက်ပါအလုပ်လမ်းညွှန် သတိပေးချက်ကို လေးနက်စွာမှတ်သားကာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

အဓိကရည်မှန်းချက်မှာ တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးကောင်းမွန်ရေးဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုကို သက်ဆိုင်သူတို့ မည်မျှဆောင်ရွက်သည်ဆိုသော်လည်း စီးပွားရေးဖွံ့ဖြိုးရေး၊ အလုပ်အကိုင်ကောင်းမွန်ရေးတို့ကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါက လူအများ အကျင့်စာရိတ္တ ယိုယွင်းလာပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် တည်ငြိမ်အေးချမ်းမှုကို ရရှိနိုင်မည်မဟုတ်ဘဲ ပြည်သူများသာ ဒုက္ခမျိုးစုံနှင့် မကြာခဏ ကြုံတွေ့နေရဦးမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အထူးစီမံကိန်းများဖြင့် ရှေ့ပြေးစီမံကိန်းများကို စတင်အကောင်အထည်ဖော်တော့မည်ဖြစ်သည်။ စီးပွားရေးစီမံကိန်းများဟုဆိုရာ၌ ယခုမှစတင်အကောင်အထည်ဖော်မည့် စီမံကိန်းများ မဟုတ်ဘဲ ယခင်အကောင်အထည်ဖော်ရန် စတင်နေသည့် စတင်မည့် သီလဝါ၊ ထားဝယ်နှင့်ကျောက်ဖြူအထူးစီးပွားရေးဇုန်များဖြစ်ပြီး အချို့စီမံကိန်း များမှာ အကြောင်းအမျိုးမျိုးတို့ကြောင့် ထိရောက်သည့်အကောင်အထည်ဖော်ခြင်း မရှိသေးသော စီမံကိန်းများဖြစ်သည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အလုပ်လမ်းညွှန်သတိပေးချက်နှင့်အညီ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုပြီး စီမံကိန်းလုပ်ငန်းနယ်ပယ်မှ တာဝန်ရှိသူများနှင့် သက်ဆိုင်သူများ အားလုံးတို့က စေတနာရှေ့ထားပြီး ပြည်သူများအတွက် ပေးဆပ်လိုမှုများဖြင့် အစွမ်းကုန်ကြိုးစားပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။

တိုင်းရင်းသားပြည်သူများ ဖူဖူလုံလုံပြည့်ပြည့်စုံစုံဖြစ်အောင်၊ အချိန်တို အတွင်းရောက်ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားထားပြီးဖြစ်ရာ ယခုအကောင်အထည်ဖော်ဆောင်ရွက်မည့် ရှေ့ပြေးစီမံကိန်းများ အောင်မြင်အောင်ဆောင်ရွက်ပြီး အနာဂတ်စီးပွားရေး ကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့မှသာ အထူးစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများ၏ အောင်မြင်စွာစွမ်းဆောင်နိုင်မှုများနှင့် မြန်မာနိုင်ငံ၏ တည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ရဲရဲဝံ့ဝံ့ သွက်သွက်လက်လက် ဆုံးခန်းတိုင်ဆောင်ရွက်ချက်များဖြင့် ယုံကြည်မှု၊ တိုးတက်မှု၊ အောင်မြင်မှုများ တိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြပြီး တိုင်းရင်းသားပြည်သူများလိုလားသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး တို့ကို ဆောင်ကြဉ်းပေးကြရန် တိုက်တွန်းပါသည်။ ။

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲရိုးရာအားကစားပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် နိုဝင်ဘာ ၁၆**

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုနှင့် ၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲ ရိုးရာအားကစားပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုနှစ် ဒီဇင်ဘာလူထုအားကစား လူထုလမ်းလျှောက်ပွဲကို နေပြည်တော်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဦးဆောင်၍လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ သက်ဆိုင်ရာအစိုးရအဖွဲ့များဦးစီး၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စီမံဆောင်ရွက်ထားပါကြောင်းနှင့် နေပြည်တော်ဝန်ကြီးဌာန အသီးသီးမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် လုပ်သားပြည်သူများ အင်ပြည့်အားပြည့် ပါဝင်ဆင်နွှဲစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကြီးမှူး၍ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ် (အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား)နှင့် လွန်ဆွဲ (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများ ကျင်းပရန် စီစဉ်ထားပါကြောင်းနှင့် နေပြည်တော် အခြေခံအထက်တန်းကျောင်းများ၌ ဝန်ကြီးဌာနအသီးသီးမှ ဦးဆောင်၍သော်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနိုင်ရေးအတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်ထားပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးများမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်း၊ ခရိုင်၊ မြို့နယ်များ၌ ဒီဇင်ဘာလူထုလမ်းလျှောက်ပွဲ ကျင်းပရန် ကြိုတင်စီစဉ်ထားရှိမှု၊ ဒီဇင်ဘာ အားကစားလ လျှပ်တစ်ပြက်အားကစားပြိုင်ပွဲများ ကျင်းပရန် ကြိုတင်စီစဉ်ထားရှိမှုအခြေအနေ၊ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ကျင်းပရန် ကြိုတင်စီစဉ်ထားရှိမှုတို့အား ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျာမနီဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့်ကျေးလက်လမ်းဖွင့်

**တောင်ကြီး နိုဝင်ဘာ ၁၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW) တို့ ပူးပေါင်းဆောင်ရွက်သည့် ကျေးလက်လမ်းဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့နယ် တောင်နီကျေးရွာ ရေပူကန်အနီး၌ ကျင်းပသည်။

ကျေးလက်လမ်း၊ တံတားဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ဂျာမနီဖွံ့ဖြိုးရေး ဘဏ်(KfW)နှင့် ပူးပေါင်း၍ ၂၀၁၄ ခုနှစ်မှစတင်ပြီး၍ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့နယ် တောင်လေးလုံး-တောင်နီလမ်း ၈ ဒသမ ၃၄ ကီလိုမီတာ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ရွာငံ-နဘမ်းကြီးလမ်း ၄ ဒသမ ၅၃ ကီလိုမီတာ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်- နမ့်ပေလိတ်လမ်း ၁၅ ဒသမ ၀၄ ကီလိုမီတာ စုစုပေါင်း ၂၄ ဒသမ ၉၁ ကီလိုမီတာတို့ကို ဆောင်ရွက်ခဲ့ကြောင်း ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ်၏ ပြောကြားချက်အရ သိရသည်။

ထို့နောက် တောင်လေးလုံး-တောင်နီကျေးလက်လမ်းအား ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဂျာမနီနိုင်ငံ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး Mr. Christain Ludwig Weber Lortsch၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်တို့နှင့် ဂျာမနီလွှတ်တော်ကိုယ်စားလှယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## လူကုန်ကူးခံရသူအား ပြန်လည်ထူထောင်ရေးစရိတ်ပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် လူကုန်ကူးမှုဖြင့် ဖွင့်လှစ်ခဲ့သောအမှုမှ လူကုန်ကူးခံရသူ မသန်းသန်းအိ (၁၆)နှစ်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ဘတ်ဂျက်ငွေထဲမှ ပြန်လည်ထူထောင်ရေးစရိတ် ငွေကျပ် ၁၀ သိန်းတိတိ ထောက်ပံ့ပေးအပ်ခြင်းကို ဒဂုံတောင်မြို့နယ်၌ နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဒုတိယရဲမှူးကြီး အောင်ကိုဝင်းက ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

**(စိုးဝင်း-MLA)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## စပါးဦးအထွက်ကောင်းသော်လည်း စပါးဈေးအဝယ်မလိုက်ဖြစ်နေ

**ချောင်းဆုံ နိုဝင်ဘာ ၁၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ယခုနှစ်အတွင်း မိုးစပါးစိုက်တောင်သူများအနေဖြင့် စပါးဦးမှာ ယခင်နှစ်ကထက်အထွက်ကောင်းသော်လည်း စပါးဈေးအဝယ်မလိုက်သဖြင့် လယ်သမားများက စပါးဈေးပြန်လည်ကောင်းမွန်လာစေရန်မျှော်လင့်နေကြကြောင်း လယ်သမားများထံမှသိရသည်။

"စပါးအထွက်ကတော့ ကောင်းသလောက်တော့ရှိတယ်။ ခုကစပါးက အဝယ်မလိုက်ဘူး။ အရင့်အရင်နှစ်တွေကထက်စာရင် ပြီးခဲ့တဲ့နှစ်ကဆို စလင်းထဲမှာ စပါးပေါ်တာနဲ့ဈေးကောင်းပေးပြီးလာဝယ်ကြတယ်။ ခုတော့ဈေးကလည်းကျတယ်။ အလုပ်သမားစရိတ်တွေလည်း ဈေးကြီးတာကြောင့် လယ်သမားတွေ အရှုံးပေါ်နေတယ်" ဟု နတ်မော်လယ်တွင်းတွင်လုပ်ကိုင်နေသည့် တောင်သူတစ်ဦးထံမှ သိရသည်။

လက်ရှိစပါးဈေးကျဆင်းနေပြီး ဒေသတွင် ပြည် ၂၀ ဝန်းကျင်ရှိ တင်းတောင်းဖြင့်ဆန်ကြမ်းအုပ်စု တင်း ၁၀၀ လျှင် လေးသိန်းကျော်၊ ဆန်ချောအုပ်စု တင်း ၁၀၀လျှင် ခြောက်သိန်းဝန်းကျင်သာရှိပြီး ယခင်နှစ်ထက်စပါးပေါ်ချိန်များတွင် စပါးဈေးများပိုမိုနိုင်ကြောင်းဒေသတွင်းကုန်သည်များထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# မျက်စိအတွင်းတိမ်ဝေဒနာရှင်များ အခမဲ့ခွဲစိတ်ကုသခြင်း ဖွင့်ပွဲအခမ်းအနား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် တက်ရောက်အားပေး

နေပြည်တော် နိုဝင်ဘာ ၁၆

**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီး (နေပြည်တော်)၌ ကျင်းပသည့် မဲခေါင်ဒေသအလင်းရောင်ခရီးစဉ်၏ မျက်စိအတွင်းတိမ်ဝေဒနာရှင်များ အခမဲ့ခွဲစိတ်ကုသပေးခြင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။**



**မဲခေါင်ဒေသအလင်းရောင်ခရီးစဉ်၏ မျက်စိအတွင်းတိမ်ဝေဒနာရှင်များ အခမဲ့ခွဲစိတ်ကုသပေးခြင်း ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်စဉ်။** (သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် အမြင်အာရုံချို့တဲ့သူ ၂၄၆ သန်းနှင့် မျက်စိကွယ်သူ ၃၉ သန်းခန့်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကာကွယ်ကုသနိုင်သော မျက်စိရောဂါများအနက် အဓိကမျက်စိမမြင်ခြင်းကို ဖြစ်စေနိုင်သော ရောဂါများမှာ အတွင်းတိမ်၊ ရေတိမ်၊ မျက်မှန်လိုအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းနှင့် ဆီးချို၊ သွေးတိုးရောဂါကြောင့်ဖြစ်သော ရောဂါများဖြစ်ပြီး အတွင်းတိမ်ရောဂါမှာ အားလုံး၏ ၆၀ ရာခိုင်နှုန်းရှိကြောင်း၊ ယခုလက်ရှိမြန်မာနိုင်ငံ၌ အတွင်းတိမ်ရောဂါဖြစ်ပွားနေသူ ခန့်မှန်းခြေ သုံးသိန်းခွဲခန့်ရှိရာ နှစ်စဉ်ခွဲစိတ်ပေးနိုင်သော အရေအတွက်မှာ တစ်သိန်းကျော်သာဖြစ်ပြီး ပိုမိုခွဲစိတ်ကုသပေးနိုင်ရန် လိုအပ်နေသေးကြောင်း။

WHO ၏ ရည်မှန်းချက်ဖြစ်သော အတွင်းတိမ်ခွဲစိတ်မှုနှုန်းမှာ လူဦးရေတစ်သန်းလျှင် ၃၀၀၀ သတ်မှတ်ထားရာ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ခွဲစိတ်မှုနှုန်းမှာ ၂၀၃၈ သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း။

အထူးသဖြင့် အတွင်းတိမ်ရောဂါဝေဒနာရှင်များကို ကွင်းဆင်းရှာဖွေပေးခြင်း၊ အခမဲ့ခွဲစိတ် ကုသမှုပြုလုပ်ပေးခြင်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မျက်မမြင်ကာကွယ်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာန မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆေးရုံကြီးများ၊ ခရိုင်အဆင့် ဆေးရုံကြီးများရှိ မျက်စိကုသဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းများအပြင် ပြည်သူလူထုတစ်ရပ်လုံးကလည်း တက်ညီလက်ညီ ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်မှသာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ရည်မှန်းချက်ဖြစ်သော ၂၀၂၀ ခုနှစ်တွင် ကာကွယ်ကုသ၍ရသော မျက်စိရောဂါများ လျော့နည်းပပျောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်၊ တရုတ်ပြည်သူ့ဆက်ဆံရေးအသင်းမှ အထွေထွေအတွင်းရေးမှူး Mr. Zhao Xiyuan၊ တရုတ်အမျိုးသားကုသိုလ်ဖြစ် မဟာမိတ်အဖွဲ့ အတွင်းရေးမှူး Mr. Liu Youping နှင့် တရုတ်နိုင်ငံ အိုင်အိုမျက်စိအထူးကုဆေးရုံမှ အတွင်းဝန် Mr. Peng Zhikum တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍ ဝိသာခါ ဖောင်ဒေးရှင်း နာယက ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်က မဲခေါင်ဒေသအလင်းရောင် ခရီးစဉ်တွင် ပူးပေါင်းပါဝင်လုပ်ဆောင်ရခြင်း ရည်ရွယ်ချက်နှင့် ဝိသာခါဖောင်ဒေးရှင်း၏ လူမှုအကျိုးပြုဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ဝိသာခါဖောင်ဒေးရှင်းမှ လှူဒါန်းသည့် Casseette Sterilizer တစ်လုံးနှင့် Autoclave နှစ်လုံးတို့ကို မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးအတွက် ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဆေးရုံအုပ်ကြီး ဒေါက်တာလှမာလာက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ တက်ရောက်လာကြသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယခု မဲခေါင်ဒေသအလင်းရောင်ခရီးစဉ်၏ မျက်စိအတွင်းတိမ် ဝေဒနာရှင်များ အခမဲ့ခွဲစိတ်ကုသပေးခြင်း နေပြည်တော်အစီအစဉ်ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၊ တရုတ်ပြည်သူ့ဆက်ဆံရေးအသင်း၊ တရုတ်အမျိုးသားကုသိုလ်ဖြစ် မဟာမိတ်အဖွဲ့တို့မှ အဓိကပံ့ပိုးကူညီကာ တရုတ်နိုင်ငံ ပင်လယ်ရပ်ခြား တရုတ်နွယ်ဖွားကုသိုလ်ဖြစ် ဖောင်ဒေးရှင်း၊ တရုတ်မသန်စွမ်းသူများဖောင်ဒေးရှင်း၊ အိုင်အို မျက်စိအထူးကုဆေးရုံအုပ်စု၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီး (နေပြည်တော်)တို့မှ ပူးတွဲပံ့ပိုးကူညီပြီး တရုတ်နိုင်ငံမှ မျက်စိဆရာဝန်ကြီးများအဖွဲ့မှ မျက်စိဝေဒနာရှင် ၅၂ ဦးတို့အား နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီး(ရန်ကုန်)တွင် လူနာ ၁၀၀ နှင့် သီတဂူ စက္ခုပါလ မျက်စိဆေးရုံကြီးတွင် လူနာ ၁၀၀ တို့အား ခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

## ❖ ဖက်ဒရယ်စနစ်မှ

ကွဲပြားခြားနားမှုများရှိသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ပကတိအခြေအနေမှန်နှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးမှသာ အောင်မြင်မှုကို ရနိုင်မည်ဖြစ်ကြောင်း၊ ဖက်ဒရယ်စနစ်ဆိုင်ရာများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန်လိုကြောင်း၊ ဒီဆွေးနွေးပွဲမှ ရရှိသည့် အတွေ့အကြုံများကို လက်ဆင့်ကမ်းနိုင်မည်၊ ဆက်လက်လေ့လာနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

ထို့နောက် The Euro-Burma Office (EBO) Myanmar မှ Executive Director ဦးဟန်ယောင်ဟွေ၊ ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာပိုင်းအစီအစဉ်မှ မစ္စတာ စတီဖန်ဆန် ဒီဖော့ဒ်နှင့် Forum of Federation မှ Program Director မစ္စတာ ဖီးလစ်ကွန်ပလင့်တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးများ၊ နိုင်ငံတကာပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဖက်ဒရယ်စနစ်မိတ်ဆက်ဆွေးနွေးခြင်း၊ စည်းလုံးညီညွတ်ခြင်းနှင့် မတူကွဲပြားခြင်း၊ လုပ်ပိုင်ခွင့်အာဏာခွဲဝေကျင့်သုံးခြင်း၊ သယံဇာတခွဲဝေခြင်း၊ ဖက်ဒရယ်စနစ်နှင့် ဘဏ္ဍာရေးဆိုင်ရာအစီအမံများနှင့် ဖက်ဒရယ်စနစ်တွင် လူနည်းစုအခွင့်အရေးများကို ကာကွယ်ပေးခြင်း စသည့် အကြောင်းအရာများကို



**တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်။**

ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာန မြန်မာပိုင်းအစီအစဉ်မှ မစ္စတာ စတီဖန်ဆန် ဒီဖော့ဒ် က "ကနေဒါနိုင်ငံရဲ့ ဖက်ဒရယ်စနစ်ဆိုင်ရာ အတွေ့အကြုံတွေကိုသာမက အိန္ဒိယ၊ ဂျာမနီစတဲ့ နိုင်ငံတကာရဲ့ ဖက်ဒရယ်စနစ် အတွေ့အကြုံတွေကိုပါ မျှဝေပေးနိုင်မှာဖြစ်လို့ ဝမ်းသာရပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ ဖက်ဒရယ်စနစ်ကျင့်သုံးတဲ့ အကြောင်းအရာအမျိုးမျိုးကို လေ့လာဆွေးနွေးကြမှာဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်ကို တည်ဆောက်တဲ့အခါ တည်ဆောက်မယ့်နိုင်ငံရဲ့ သမိုင်းကြောင်းအစဉ်အလာနဲ့ ပကတိအနေအထားအပေါ်မူတည်ပြီး ကိုယ့်နိုင်ငံနဲ့ ကိုက်ညီတဲ့ ဖက်ဒရယ်စနစ်ကို တည်ဆောက်ကြရမယ်ဆိုတာ အလေးအနက်ပြောကြားလိုပါတယ်။ ကနေဒါနိုင်ငံအပါအဝင် ဖက်ဒရယ်နိုင်ငံတွေရဲ့ ဖက်ဒရယ်စနစ် တည်ဆောက်ရေးအတွေ့အကြုံတွေအရ အမြော်အမြင်ရှိပြီး ကျွမ်းကျင်တဲ့နိုင်ငံရေးခေါင်းဆောင် လိုအပ်ပါတယ်။ နိုင်ငံရေးခေါင်းဆောင်တွေ အချင်းချင်းကြားမှာလည်း စေ့စပ်ပြေငြိမ်းနိုင်ဖို့ လိုပါတယ်။ နောက်ပြီး အားလုံးသဘောတူတဲ့ ဘုံသဘောတူညီချက်တစ်ရပ်ရှိဖို့ လိုအပ်တယ် စတဲ့ လိုအပ်ချက်တွေရှိပါတယ်။ နားလည်မှုဆိုတဲ့ အခြေခံတွေအပေါ် ဖက်ဒရယ်စနစ်ကို တည်ဆောက်မယ်ဆိုရင် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးသာမက နိုင်ငံရေးတည်ငြိမ်မှုနဲ့ စီးပွားရေးအရ ချမ်းသာကြွယ်ဝမှုကို ရရှိလာပါလိမ့်မယ်ဟု" ၎င်း၏အမြင်ကို ပြောကြားသည်။

အလားတူ The Euro-Burma Office (EBO) Myanmar မှ Executive Director ဦးဟန်ယောင်ဟွေက "တိုင်းရင်းသားရေးရာဝန်ကြီးဌာနက ကျွန်တော်တို့ကို ဖက်ဒရယ်စနစ်နဲ့ပတ်သက်ပြီး ဆွေးနွေးဖို့ ကမ်းလှမ်းခဲ့တဲ့အတွက် Forum of Federation အဖွဲ့နဲ့ ပူးပေါင်းပြီး နိုင်ငံတကာပညာရှင်တွေနဲ့အတူ ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဖက်ဒရယ်စနစ်တည်ဆောက်ရေးမှာ ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုတာ ဆွေးနွေးနိုင်ဖို့နဲ့ တိုင်းရင်းသားရေးရာဝန်ကြီးတွေအနေနဲ့ ဖက်ဒရယ်စနစ်ကို ပိုပြီးနားလည်အောင် ဒီပွဲကို ကျင်းပတာဖြစ်ပါတယ်။ လူတိုင်းက ဖက်ဒရယ်ကို လိုလားပေမယ့် ဖက်ဒရယ်ဆိုတာ ဘာလဲ၊ ဘယ်လိုလုပ်ရမလဲဆိုတာ မသိကြဘူး။ အချို့သူတွေရဲ့ ထင်မြင်တာတွေဟာ တလွဲစီဖြစ်နေတယ်ဆိုတာ တွေ့ရတယ်။ ဖက်ဒရယ်စနစ်ကို ပြည်နယ်နဲ့ တိုင်းဒေသကြီး ဝန်ကြီးအဆင့်တွေသာမက ပြည်သူတွေလည်း သိဖို့လိုပါတယ်။ ဖက်ဒရယ်စနစ်ကိုနားလည်မှ ဖက်ဒရယ်စနစ်ကို တည်ဆောက်နိုင်မှာဖြစ်တယ်။ ဖက်ဒရယ်ဆိုတာ အစိုးရအုပ်ချုပ်ရေးစနစ်တစ်ခုဖြစ်တယ်။ ဖက်ဒရယ်နဲ့ ဒီမိုကရေစီတွဲဖို့လိုအပ်ပါတယ်"ဟု ဖက်ဒရယ်စနစ်နှင့် စပ်လျဉ်းသည့် ၎င်း၏သဘောထားကို ပြောသည်။

ထို့အတူ Forum of Federation မှ Program Director မစ္စတာ ဖီးလစ်ကွန်ပလင့်က "ဖက်ဒရယ်စနစ်ဆိုတာ စည်းလုံးညီညွတ်မှု၊ စီးပွားရေးတိုးတက်မှု၊ အချင်းချင်းနားလည်မှုနဲ့ ငြိမ်းချမ်းမှုတွေကို ဖြစ်ပေါ်စေပါတယ်။ ကျွန်တော်တို့အဖွဲ့ဟာ ကနေဒါနိုင်ငံမှာ အခြေစိုက်ပြီး အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ ဖက်ဒရယ်နိုင်ငံ (၁၀) နိုင်ငံက စေလွှတ်ထားတဲ့ ဘုတ်အဖွဲ့ဝင်တွေ ပါဝင်ပါတယ်။ ဖက်ဒရယ်စနစ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ရတဲ့အချိန်အတွင်းမှာ ဆွေးနွေးသွားမှာဖြစ်ပါတယ်"ဟု ဖက်ဒရယ်စနစ်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းလင်းသည်။

ထို့ပြင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က "The Euro-Burma Office (EBO) Myanmar နဲ့ Forum of Federation မှ ပညာရှင်တွေက ဖက်ဒရယ်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ဦးဆောင်ဆွေးနွေးကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ဒီမိုကရေစီစနစ်ကို တည်ဆောက်မယ်ဆိုတော့ ဖက်ဒရယ်စနစ်နဲ့ပတ်သက်ပြီး သိရှိနားလည်နိုင်ဖို့ ဒီအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပတာဖြစ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်တဲ့အခါ ဖက်ဒရယ်နဲ့ပတ်သက်တဲ့ အသိပညာဗဟုသုတတွေ သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ဖက်ဒရယ်စနစ်တွေနဲ့ ပတ်သက်လို့လည်း နားလည်ဖို့ လိုအပ်ပါတယ်"ဟု ပြောကြားသည်။

**မင်းမင်းဇော် (ကလေး)**

# ဥရောပသို့ နောက်ဆုံးသွားရောက်သည့်ခရီးစဉ် အိုဘားမား စတင်၊ အမျိုးသားရေးဝါဒ ခေါင်းထောင်လာမှုကို သတိပေး

**အေသင် နိုဝင်ဘာ ၁၆**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် သမ္မတရာထူးတွင် တာဝန်ထမ်းဆောင်ချိန်အတွင်း ဥရောပသို့သွားရောက်သည့် နောက်ဆုံးခရီးစဉ်၏ ပထမခရီးတစ်ထောက်နိုင်ငံအဖြစ် ဂရိနိုင်ငံ အေသင်မြို့သို့ ရောက်ရှိနေကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်သမ္မတအဖြစ် ဒေါ်နယ်ထရမ့်ရွေးချယ်တင်မြှောက်ခံခဲ့ရပြီးနောက် အမျိုးသားရေးဝါဒခေါင်းထောင်လာနေပြီး ကမ္ဘာ့လွှမ်းခြုံမှုကို ဟန့်တားနေသော သဘောထားအမြင်များက ပြည်တွင်းနှင့် ပြည်ပတွင် ပြည်သူ့အာဏာလှုပ်ရှားမှုများကို ဖြစ်ပေါ်စေကြောင်း သမ္မတအိုဘားမားက ပြည်ပနောက်ဆုံးခရီးစဉ်နှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် သတိပေးပြောကြားသည်။

ကမ္ဘာ့လွှမ်းခြုံမှု ဆန့်ကျင်ခံရခြင်းနှင့်ပတ်သက်၍ အမေရိကန်ပြည်သူများအတွင်း မကျေမနပ်မှုများနှင့် စိုးရိမ်မှုများ ခံစားကြရသည်ကို မိမိအသိအမှတ်ပြုကြောင်း အိုဘားမားက အေသင်မြို့၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မက္ကဆီကိုနိုင်ငံနှင့်ထိစပ်နေသော အမေရိကန်နယ်စပ်ဒေသ၌ တံတိုင်းနံရံခတ်ပေးမည်၊ အမေရိကန်ပြည်ထောင်စုအတွင်းသို့ မွတ်စလင်များ ဝင်ရောက်မှုကို ယာယီပိတ်ပင်မည်၊ အမေရိကန်အလုပ်သမားများ ထိခိုက်နစ်နာစေသော ကုန်သွယ်ရေး သဘောတူညီချက်များကို ပြန်လည်ပယ်ဖျက်ပေးမည် စသည့် ကတိကဝတ်ပြုမှုများနှင့်အတူ ထရမ့်က မဲဆွယ်စည်းရုံးမှုများကို ဆွဲဆောင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ထရမ့်သည် အမေရိကန်ကာကွယ်ရေးဦးစီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန် ထိုက်တန်သူမဟုတ်ဟု အိုဘားမားက အစောပိုင်းတွင် ဝေဖန်ခဲ့သော်လည်း သမ္မတအဖြစ် ထရမ့်ရွေးချယ်ခံရပြီးနောက် ချောချောမွေ့မွေ့ အာဏာလွှဲပြောင်းပေးမည်ဟု ပြောကြားခဲ့သည်။

**ရိုက်တာ။**



# ဂျပန်နှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများ ဒေသတွင်းလုံခြုံရေးအတွက် ပိုမိုပူးပေါင်းရန် သဘောတူ

**ဗီယင်ကျန်း နိုဝင်ဘာ ၁၆**

လာအိုနိုင်ငံသို့ ရောက်ရှိနေသည့် ဂျပန်နှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများက ဒေသတွင်း လုံခြုံရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။




ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမိအီနာဒါနှင့် အရှေ့တောင်အာရှဒေသနိုင်ငံများ (အာဆီယံ) ကာကွယ်ရေးဝန်ကြီးများသည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ယနေ့ တွေ့ဆုံဆွေးနွေးခဲ့သည်။ ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမိအီနာဒါသည် လာအိုနိုင်ငံသို့ ပထမဆုံးအကြိမ် ရောက်ရှိသည့် ဂျပန်ကာကွယ်ရေးဝန်ကြီးဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် လာအိုကာကွယ်ရေးဝန်ကြီး ချန်စ်မိုနီ ချန်ယာလတ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံနှင့် ဂျပန်နိုင်ငံတို့အကြား ရှိရင်းစွဲရင်းနှီးဖော်ရွေသည့်ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်၊ အရှေ့နှင့်တောင်တရုတ်ပင်လယ်ဒေသတွင်းရှိ တင်းမာနေသော အနေအထားများကို ပြေလျော့စေရန် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမိအီနာဒါက အလေးအနက်ပြောကြားခဲ့သည်။

ဒေသတွင်းရေပိုင်နက်များတွင် တရုတ်နိုင်ငံ၏ ပါဝင်ပတ်သက်မှု မြင့်မားလာခြင်းကို ထိန်းသိမ်းသည့်အနေဖြင့် နိုင်ငံတကာဥပဒေဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အာဆီယံကာကွယ်ရေးဝန်ကြီးများက ဒေသတွင်းရေပိုင်နက်များတွင် ဂျပန်နိုင်ငံ၏ ရေကြောင်းဆိုင်ရာ စောင့်ကြည့်ထောက်လှမ်းရေး လုပ်ဆောင်ချက်များ တိုးမြှင့်လုပ်ဆောင်မည်ကို ထောက်ခံပါကြောင်း ပြောကြားခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ။**

# ဒုံးကျည်လက်နက်အစီအစဉ်အပေါ် ဥရောပသမဂ္ဂ၏စိုးရိမ်မှု အီရန်ပယ်ချ

**တီဟီရန် နိုဝင်ဘာ ၁၆**

မိမိတို့နိုင်ငံ၏ ဒုံးကျည်လက်နက်အစီအစဉ်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုဖြစ်ရသည်ဟူ၍ ဥရောပသမဂ္ဂ(အီးယူ)၏ ထုတ်ဖော်ပြောဆိုနေမှုများကို မိမိတို့ပယ်ချသည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဘာ့ရမ်ကွာဆမီက နိုဝင်ဘာ ၁၅ ရက်တွင် ပြောကြားကြောင်း တက်စနင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဒုံးကျည်များ ပစ်ခတ်စမ်းသပ်မှုများအပါအဝင် နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းရည် မြင့်မားရေးလုပ်ဆောင်ရာတွင် အခြားမည်သည့်ဆွေးနွေးစေ့စပ်ညှိနှိုင်းမှုကိုမျှ ပြုလုပ်နိုင်မည်မဟုတ်ဟု ဆိုသည်။

အီရန်နိုင်ငံအနေဖြင့် ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုများကို နိုင်ငံတော်၏ ကာကွယ်ရေးစွမ်းရည်မြှင့်တင်ရေး မူဘောင်အတွင်းမှ လုပ်ဆောင်နေခြင်းသာဖြစ်ခြင်းကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းသော်လည်းကောင်း၊ အလျှော့ပေးလိုက်လျောခြင်းသော်လည်းကောင်း ပြုလုပ်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

အီရန်၏ ဒုံးလက်နက်အစီအစဉ်အပါအဝင် ဒေသဆိုင်ရာစစ်ရေးလှုပ်ရှားမှုများအတွက် စိုးရိမ်ပူပန်မိကြောင်း ဥရောပသမဂ္ဂကောင်စီက မကြာသေးမီက ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အီရန်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက တုံ့ပြန်ပြောကြားခြင်း ဖြစ်သည်။

အီရန်အနေဖြင့် ဒေသတွင်း၌ ယုံကြည်မှုကင်းမဲ့ရှိနှင်းစွာ ကွဲလွဲစေမည့် ဒုံးကျည်ပစ်ခတ်စမ်းသပ်ခြင်းကဲ့သို့သော အပြုအမူများကို ရှောင်ရှားသင့်ကြောင်း ဥရောပသမဂ္ဂ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# အေအိုင်အိုင်ဘီ၌ အမေရိကန်ပါဝင်လျှင် တရုတ်နိုင်ငံကြိုဆိုမည်ဟုဆို

**ပေကျင်း နိုဝင်ဘာ ၁၆**

အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံရေးဘဏ် (အေအိုင်အိုင်ဘီ)၌ အမေရိကန်ပြည်ထောင်စု ပူးပေါင်းပါဝင်မည်ဆိုပါက ကောင်းမွန်လိမ့်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ကန်ရှောင်းက ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ပေကျင်းမြို့အခြေစိုက် နိုင်ငံပေါင်းစုံဖွံ့ဖြိုးရေးဘဏ်ဖြစ်သည့် အေအိုင်အိုင်ဘီဘဏ်တွင် အမေရိကန်ပါဝင်လာမည်ဆိုပါက တရုတ်နိုင်ငံ ကြိုဆိုမည်ဟုတ်၊ မဟုတ် သတင်းထောက်တစ်ဦး၏ မေးမြန်းချက်ကို ပြောကြားရာတွင် ပြောရေးဆိုခွင့်ရှိသူ ကန်ရှောင်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံရေးဘဏ်တွင်ပါဝင်ရန် အမေရိကန်သမ္မတ အိုဘားမား၏ အစိုးရအဖွဲ့က ဆန့်ကျင်ခဲ့ခြင်းမှာ မဟာဗျူဟာမြောက်အမှားဖြစ်သည်ဟု သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားသူ ဒေါ်နယ်ထရမ့်၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဂျိမ်းဝူဆေးက ပြောကြားခဲ့သည်ဟု တရုတ်နိုင်ငံဟောင်ကောင်၌ထုတ်ဝေသော တရုတ်တောင်ပိုင်း နံနက်ခင်းသတင်းစာတွင် ရေးသားဖော်ပြထားသည်။

**ဆင်ဟွာ။**



# မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ နှစ်နိုင်ငံအကျိုးတူရင်းနှီးမြှုပ်နှံရန် ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ အလက်ဇန္ဒားဖဲလ်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အစိုးရသစ်တာဝန်ယူစဉ် ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးမူဝါဒများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် စိန်ခေါ်မှုကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ စီးပွားရေး ပူးပေါင်းဆောင်ရွက်သွားရန်၊ နှစ်နိုင်ငံအကျိုးတူရင်းနှီးမြှုပ်နှံသွားရန်ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာရှယ်လ်လည်း တက်ရောက်သည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် မစ္စတာ အလက်ဇန္ဒားဖဲလ်မင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

# ဒီမိုကရေစီဖော်ဆောင်ရာတွင် လက်ရှိအခြေအနေထက်ပိုကောင်းသည့် တည်ငြိမ်မှုနှင့်လုံခြုံမှုရရှိရန် မိမိတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

နိုင်ငံသား ပြည်သူများကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့ဘဏ္ဍာငွေဖြစ်သည့် ရငွေများ တိကျမှန်ကန်စွာ ရရှိရေးနှင့် ပြည်သူ့ဘဏ္ဍာငွေများ အကျိုးရှိစွာ ခွဲဝေသုံးစွဲရေးတို့သည် ပြည်သူ့ဆန္ဒနှင့်ညီညွတ်ရန်လိုအပ်သည့်အပြင် ဥပဒေနှင့်အညီ စီမံခန့်ခွဲပြီး အကောင်းဆုံးဖြစ်နိုင်ခြေကို ဘက်စုံက ချင့်ချိန်တွက်ချက်ပြီး ရိုးသားဖြောင့်မတ်စွာ တာဝန်ခံဆောင်ရွက်နိုင်ကြပါစေကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့တွင် ပြောကြားလိုက်သည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်နာယက က ယခုအစည်းအဝေး၌ အဓိက ဦးစားပေးဆောင်ရွက်ရမည့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတင်သွင်းခြင်း၊ ရငွေသုံးငွေများကို ဆွေးနွေးခြင်း၊ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် လွှတ်တော်အသီးသီးက ကျန်ရှိနေသည့် ဆောင်ရွက်ဆဲ ဥပဒေကြမ်းများထဲမှ ပြည်သူများအတွက် အရေးကြီးသည့် ဥပဒေကြမ်းများကိုလည်း ဦးစားပေးအတည်ပြုပြဋ္ဌာန်းနိုင်ရေးကို ဆက်လက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ပြည်သူများကိုယ်စား ရွေးချယ်ခံထားရသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပိုမိုများပြားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အချိန်ကို လေးစားတန်ဖိုးထားပြီး စနစ်တကျဖြင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း၊ ဆုံးဖြတ်အတည်ပြုခြင်းများကို လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းပါဝင်ပေးကြရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီဖော်ဆောင်ရာတွင် လက်ရှိအခြေအနေထက် ပိုကောင်းသည့် တည်ငြိမ်မှုနှင့် လုံခြုံမှုရရှိရန် မိမိတို့အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသည့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာ အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ပူးပေါင်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က ဖတ်ကြားရှင်းလင်းတင်ပြသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး



**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။** (သတင်းစဉ်)

ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် တင်သွင်းခဲ့သည့် အဆိုပါဥပဒေကြမ်းများ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ ကျပ်သန်းပေါင်း (၁၃၄၁ ဒသမ ၁၀၁) သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ တောင်းခံခြင်းမဟုတ်ဘဲ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ လုပ်ငန်းသုံးရင်းနှီးငွေက ကျခံသုံးစွဲမည့် အသုံးစရိတ်များဖြစ်ပါကြောင်း၊ အဆိုပါငွေမှာ သတင်းစာစောင်ရေ ၁၃၄၀၀ တိုးမြှင့်ထုတ်ဝေမည်ဖြစ်သည့်အတွက် ကုန်ကြမ်းဝယ်ယူရန်နှင့်ပေးသွင်းရန်ဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်းအသုံးစရိတ်က ကျပ်သန်း (၈ ဒသမ ၀၃၆) မှာ ဝန်ကြီးရုံး မြေငှားစာချုပ်တန်ဖိုးကျသင့်ငွေအတွက် တောင်းခံရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်တင်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်းတွင် သာမန်အသုံးစရိတ်၌ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများအတွက် ထပ်မံတောင်းခံခြင်းမရှိပါကြောင်းနှင့် မူလခွဲဝေချထားငွေအတွင်း လုံလောက်စွာ သုံးစွဲသွားမည်ဖြစ်ပါကြောင်း၊ မြန်မာသံရုံး (၄၄) ရုံးအတွက် ဖြည့်စွက်ခွင့်ပြုငွေအဖြစ် ကျပ်သန်းပေါင်း (၂၀၂၀ ဒသမ ၄၈၅) ကို ထပ်မံတင်ပြတောင်းခံခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ဖြည့်စွက်တောင်းခံခြင်းမှာ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် အမှန်အသုံးစရိတ်ထက် လျော့နည်းနေသည့်အတွက် ဖြည့်စွက်တောင်းခံရခြင်းဖြစ်ပြီး သံအမတ်၏ နေအိမ်ငှားရမ်းခ၊ မြန်မာနိုင်ငံသား အလုပ်သမားများအရေး ပိုမိုထိရောက်စွာ အကူအညီပေးနိုင်ရေး၊ ဝန်ထမ်းအင်အား ထပ်မံဖြည့်တင်းနိုင်ရေး၊ နေအိမ်ငှားရမ်းခ၊ ပြည်တွင်းခရီးစရိတ်၊ မြန်မာသံအမတ်ကြီးများအား ခေါ်ယူတွေ့ဆုံရေးစရိတ်၊ ကျန်းမာရေး အခြေအနေကြောင့် ဝန်ထမ်းအချို့ မလွဲမရှောင်သာဘဲ အခြားသံရုံးများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်းစရိတ်၊ မိသားစုများ၏ နေ့တွက်၊ တည်းခိုစရိတ်၊ လေယာဉ်လက်မှတ်ခနှင့် လေလံပစ္စည်းသယ်ယူပို့ဆောင်ခများနှင့် ကျန်းမာရေးအာမခံထားရှိနိုင်ရေးအတွက် တောင်းခံရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က အဆင့်တိုးမြင့်လာသော အရာရှိများနှင့် အရပ်သားများ၏ ကွာခြားလစာနှင့်စရိတ်၊ လေထီးလစာ၊ ရေငုပ်လစာ၊ လေယာဉ်ပျံသန်းမှုလစာ၊ ပါရဂူလစာ/စရိတ်၊ ဝတ်စုံစရိတ်၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် စခန်းချလေ့ကျင့်ရေးအတွက် တပ်ဖွဲ့ဝင်ကျောင်းဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ စရိတ်ချီးမြှင့်ငွေများ၊ မီးရထားဝရမ်းဖြင့် ပေးချေရသည့် ရထားလက်မှတ်ခနှုန်းထားအား လက်မှတ်ခ (၇၅) ရာခိုင်နှုန်း ပြောင်းလဲကောက်ခံခြင်း၊ ဝေးလံ၍ ဝရမ်းမသုံးစွဲနိုင်သော ဒေသများရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်များ တာဝန်ဖြင့်သွားလာရာတွင် ပုဂ္ဂလိကယာဉ်များစီးနင်းရာ၌ ပေးချေရခြင်းများအတွက် ထပ်မံလိုအပ်ငွေ၊ စစ်လက်နက်ပစ္စည်းဝယ်ယူရေးအတွက် သက်ဆိုင်ရာထပ်မံလိုအပ်ငွေ၊ တပ်မတော်(လေ)၏ အရေးကြီးပစ္စည်းများအတွက် Down Payment ပေးချေရန်အတွက် ထပ်မံလိုအပ်ငွေတို့အတွက် ငွေကျပ် ဘီလီယံ (၁၀၀) အား ခွင့်ပြုနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မူလရငွေလျာထားချက်မှာ ငွေကျပ် (၁၇၀၀၇ ဒသမ ၀၀၀၀) သန်းဖြစ်ပြီး ဖြည့်စွက်ရငွေမှာ (၈၈၈ ဒသမ ၈၀၇) သန်းဖြစ်ပါကြောင်း၊ ဖြည့်စွက်ရန်ပုံငွေကျပ် (၅၀၄၃၉ ဒသမ ၇၇၃)သန်း တောင်းခံရခြင်းမှာ သာမန်အသုံးစရိတ်၊ ထောက်ပံ့အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ စက်ပစ္စည်းအသုံးစရိတ်၊ အခြားအသုံးစရိတ်များအတွက် အမှန်တကယ်လိုအပ်သည့် လျာထားချက်ကို တောင်းခံခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြု ငွေစာရင်း၊ ပြုပြင်ပြီးရသုံးငွေ ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတွင် ပါဝင်သည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ဖြည့်စွက်ခွင့်ပြုငွေကျပ် (၁၄၈ ဒသမ ၁၆၁ )သန်းမှာ အမြဲတမ်းအတွင်းဝန် (၁)ဦး၏ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် ချီးမြှင့်ငွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အကြံပေးအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ အထောက်အကူပြု အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များအား လစာနှင့်စရိတ်များအတွက် တောင်းခံခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အလားတူ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ရသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအလိုက် ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**

■

# ကြေးမုံ ဒီမိုကရေစီ ဝိုင်းခြင်း

## ယောနကဘိုးထောင်

ဝိုင်းခြင်း

❖ အားသွန်ခွန်စိုက်၊ ပြန်လှန်ရိုက်ရင်း
စိတ်လိုက်မာန်ပါ၊ ပြင်းထန်စွာလျှင်
ခမြာတုံ့ပြန်၊ မလှန်နိုင်အောင်
အပိုင်ရိုက်ချ၊ သူရှုံးရစေ
ပွဲစမှဆုံး၊ ဒေါသဖုံးလျက်
အမုန်းတလင်း၊ အပြုံးကင်းသည့်
တင်းနစ်လိုမျိုးကစားနည်း. . .။

*၂၀၁၆ ခုနှစ် နိုဝင်ဘာ ၆ ရက် (တနင်္ဂနွေနေ့) ကြေးမုံသတင်းစာ စာမျက်နှာ (၁၁) ကော်လံ (၅)တွင် ဖော်ပြခဲ့သည့်* ***ဇော်မင်းမင်းဦး****၏* ***“ဝိုင်းခြင်း”*** *ကဗျာ ပထမတစ်ပိုဒ်ကို ဖတ်မိပါတယ်။*

ကျွန်တော် အသက် (၆၀)ကျော် (၇၀) ဇရာအိုဆိုတော့ နား၊ မျက်စိ၊ နှလုံး ကျန်းမာရေးက မကောင်းတော့ပါဘူး။ ကံဆိုးချင်တော့ ရေချိုးကန်မှာ ချော်လဲပြီး လက်သန်းကျိုးသွားခဲ့ပါတယ်။ လက်သန်းအကျိုးပေးကြောင့် စာမရေးနိုင်တော့ပါဘူး။ ဒါပေမယ့် စာဖတ်အားကောင်းလာတယ်။ ထွက်သမျှ မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတွေနဲ့ စာအုပ်စာပေတွေ ဖတ်ဖြစ်ပါတယ်။ ကျွန်တော်ဟာ သတင်းသမားက စာပေသမားဖြစ်လာတော့ သတင်းစာကို မြတ်နိုးတန်ဖိုးထား လေးစားပါတယ်။ မနက်ဆိုရင် သတင်းစာနဲ့ မျက်နှာသစ်တဲ့ အကျင့်ကောင်းလေ့က တန်ဖိုးမဖြတ်နိုင်အောင် အကျိုးရှိလှပါတယ်။

ယခုတလောမှန်တိုင်းတွေက အုံ့ဆိုင်းညို့မှိုင်းနေလေတော့ မိုးအေးအေးမှာ စာဖတ်ရတာဟာ အရသာရှိပါတယ်။ ကြေးမုံထဲက မျိုးဆက်သစ်ရင်ပြင်ကို အကြံပြုသုံးသပ် အကဲဖြတ်ချက်ကို မရေးနိုင်တော့ပေမယ့် ဖတ်အားမှတ်အား ကောင်းခဲ့ပြန်ပါတယ်။ ယနေ့လူငယ်တွေရဲ့ တွေးလက်ရေးချက်တွေဟာ အနာဂတ်စာပေခရီးအတွက် အားရကျေနပ်ဖွယ်ဖြစ်ပါတယ်။

လူငယ်စာပေဖွံ့ဖြိုးတိုးတက်ရေးကို ပြုစုပျိုးထောင်ပေးတဲ့ ကြေးမုံကိုလည်း အစဉ်ထာဝရကျေးဇူးတင်နေဦးမှာပါ။ လူငယ်တွေရဲ့ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးတွေဟာ သစ်သည်ထက်သစ်၊ ထက်သည်ထက် ထက်နေကြပါပြီ။ စူးရှထက်မြက်ပြီး နောင်အနာဂတ် မြန်မာစာပေအတွက် အားသစ်အင်သစ် သွေးသစ်လောင်းပေးနေကြပါပြီ။ ကျွန်တော်ကြေးမုံသတင်းလွှင်ပြင်ကို ဖြတ်သန်းရင်း ရေးဖော်ရေးဖက် စာဆိုစစ်သည် ထပ်ဆင့်အမျိုးသားစာပေကဗျာဆုရှင် သူငယ်ချင်း ဇော်မင်းမင်းဦးရဲ့ “ဝိုင်းခြင်း” ကဗျာကိုတွေ့သိဖတ်ရှုရပါတယ်။ ကဗျာလေးက ဂန္ထဝင်လေးလုံးစပ်ကဗျာကလေးပါ။ မြန်မာ့ရှေးရိုးကဗျာပုံစံနဲ့ ရေးဖွဲ့ထားပေမယ့် အတွေးသစ်၊ အမြင်သစ်၊ အယူအဆသစ်တွေဖြစ်ပါတယ်။

စာဆိုရှင်ရဲ့ကဗျာဟာလုပ်လက်စာပေမဟုတ်ပါဘူး။ ရင်ထဲအသည်းနှလုံးထဲက ယိုစီးကျလာတဲ့ တကယ့် မေတ္တာသစ္စာကဗျာ ဖြစ်ပါတယ်။ စာပေအပေါ်မှာ သစ္စာရှိရှိ မေတ္တာတန်ဖိုးထားရေးဖွဲ့သီကုံးထားတာဖြစ်ပါတယ်။ ကဗျာနာမည်က “ဝိုင်းခြင်း” တဲ့။ ရိုးရိုးလေးနဲ့ ဆန်းပါတယ်။ အာဏာသံ၊ အထက်စီးအမိန့်ပေးသံ၊ စိန်ခေါ်သံမဟုတ်ပါဘူး။ နှိုးဆော်သံ၊ တပ်လှန့်သံ၊ မေတ္တာသံ၊ ကဗျာစစ်စစ် တစ်ပုဒ်ဖြစ်ပါတယ်။ ဒါကြောင့် အရေးထားလေးစားမြတ်နိုးမိပါတယ်။

ပထမနိဒါန်းကဗျာပိုဒ်မှာ “အားသွန်ခွန်စိုက်၊ ပြန်လှန်ရိုက်ရင်း၊ စိတ်လိုက်မာန်ပါ၊ ပြင်းထန်စွာလျှင်၊ ခမြာတုံ့ပြန်၊ မလှန်နိုင်အောင်၊ အပိုင်ရိုက်ချ၊ သူရှုံးရစေ၊ ပွဲစမှဆုံး၊ ဒေါမာန်ဖုံးလျက်၊ အမုန်းတလင်း၊ အပြုံးကင်းသည့်၊ တင်းနစ်လိုမျိုး ကစားနည်း. . .။

တင်းနစ်ကစားနည်းမှာ အနောက်ဥရောပနိုင်ငံများက စတင်ပေါက်ဖွားလာခဲ့သော ကစားနည်းတစ်မျိုးဖြစ်ပါတယ်။ တင်းနစ်အားကစားမှာ အားသွန်ကြိုးပမ်းကာ အပြိုင်အဆိုင်အနိုင်အရှုံး ရိုက်နှက်ပုတ်ခတ်ရပါတယ်။ စိတ်ရောကိုယ်ပါ ပြင်းပြင်းထန်ထန် လုပ်ဆောင်ရတဲ့ ပညာရပ်အားကစားတစ်ခုပါ။ တစ်ဖက် ပြိုင်ဘက်အသင်းကို မလှန်နိုင်အောင် ပုတ်ချ၊ ရှုတ်ချ၊ အရှုံးရအောင် အနိုင်ကျင့်ရပါတယ်။ ပွဲအစကတိုင် အဆုံးအထိ ဒေါသရှေ့ထား

**ကြီးသူတော်သူက အားနည်းသူ၊ ညံ့သူကို ဆွဲထူ ဝိုင်းကူရသော ခြင်းလုံးခတ်ကစားနည်းဟာ မြန်မာ့ကစားနည်းစစ်စစ် ဖြစ်ပါတယ်။ မြန်မာလူမျိုးတို့ အစကပင် ပေါ်ပေါက်လာခဲ့သော သံမဏိစိတ်ဓာတ်သတ္တိနှလုံးသားအာဟာရ ဖြစ်ပါတယ်။ တူတူညီညီ ရယ်ရယ်ပြုံးပြုံး ညီညီညွတ်ညွတ် အောင်ပွဲဆက်ရတဲ့ ခြင်းလုံးပညာရပ်ဖြစ်ပါတယ်။ အဲဒီ ဝိုင်းခြင်းကစားနည်းဟာ မြန်မာ့ရွာတွင်သာမကပဲ ကမ္ဘာ့ရွာအထိတိုင် ထင်ပေါ်ကျော်ကြား ထွန်းတောက်ခဲ့ပါတယ်။**

အမုန်းတရားကို တံတားခင်းပြီး ချင်းနင်းဖြတ်ကျော်ရပါတယ်။ ဒီအားကစားနည်းမှာ အပြုံးမရှိတဲ့ နှလုံးသားကင်းမဲ့မှု အပြုအမူအလုပ်အကိုင်များက အဓိက ပါဝင်နေပါတယ်။

ကဗျာဒုတိယအပိုဒ်မှာတော့ “တစ်ဖက်သင်းက၊ မဆယ်မနိုင်၊ မပြန်နိုင်အောင် အပိုင်ဆယ်လျက်၊ ပင့်ထောင်ချက်ကို၊ လှည့်ကွက်သုံးကာ၊ ရိုက်ခုတ်ပါရင်း၊ လဲကာပြိုသွား၊ ကျရှုံးသွားက၊ လက်ဝါးချင်းရိုက်၊ ဂုဏ်ယူလိုက်ကြ၊ နှိမ့်ချသဘော၊ လှောင်ရယ်မောကြ၊ ဘော်လီဘောလို ကစားနည်း. . .”

ဘော်လီဘောကစားနည်းမှာ အရှေ့အာရှနိုင်ငံများက စတင်ပေါက်ဖွားလာခဲ့သော ကစားနည်းတစ်မျိုးဖြစ်ပါတယ်။ ဘော်လီဘောအားကစားမှာ တစ်ဖက်အသင်းက မဆယ်မနိုင်အောင် ပုတ်ချ၊ ခုတ်ချရပါတယ်။ ပြိုင်ဘက် မပြန်မလှန်နိုင်အောင် အပင့်အထောင်ဘော်လီဘောကို လှည့်ကွက်သုံးကာ ရိုက်ခုတ်အုပ်ချရပါတယ်။ ပြိုင်ဘက်အသင်း လဲပြိုရှုံးသွားပါက လက်ဝါးချင်းရိုက် ဂုဏ်ယူဝင့်ကြွား ပင့်မအားကစားကြီးဖြစ်ပါတယ်။ အုပ်စုအဖွဲ့အသင်းနဲ့ ရှုံးသူကို နှိမ့်ချပြောင်လှောင် ရယ်မောရသော လုပ်ရပ်က များနေပါတယ်။

ကဗျာတတိယအပိုဒ်မှာတော့ “ဒေါသမာန်ပြင်း၊ မျက်လုံးချင်းဆိုင်၊ လက်ရုံးချင်းပြိုင်၊ အပိုင်ထိုးသတ်၊ တရစပ်ပစ်သွင်း၊ သွေးချင်းနီရဲ၊ အံကြိတ်ခဲရင်း၊ အကွဲအကျိုးအလဲထိုးလျက်၊ အောင်ပွဲဆက်တဲ့၊ လက်ဝှေ့လိုမျိုး ကစားနည်း. . .”

လက်ဝှေ့ထိုးကစားနည်းမှာ အရှေ့အနောက်တောင်မြောက်ဝဲယာနိုင်ငံများက ကြိုက်ကြတဲ့ သတ္တိအစွမ်းပြသော ကစားနည်းတစ်မျိုးဖြစ်ပါတယ်။ အဲဒီကစားနည်းမှာ ဒေါသမာန်ဟုန်ပြင်းစွာနဲ့ မျက်လုံးချင်းဆိုင်ကာ လက်ရုံးချင်းပြိုင် ရတဲ့ပွဲဖြစ်ပါတယ်။ တစ်ဖက်လူကို အပိုင်အနိုင်ထိုးသတ်ပြီး တရစပ် ဆက်ကာဆက်ကာ ပစ်သွင်းပြီးသွေးချင်းချင်း နီရဲအောင် ထိုးသတ်ရပါတယ်။ သက်လုံခဲကာ အံကြိတ်ရင်း အကွဲအကျိုး အလဲထိုးရပါတယ်။ ပြိုင်ဘက်အသင်းအပေါ် ရက်စက်မှုအပေါင်းသရဖူဆောင်း အောင်ပွဲခံရတဲ့ ကစားနည်းဖြစ်ပါတယ်။

ကဗျာစတုတ္ထအပိုဒ်မှာတော့ “ခြင်လုံးလေးသာ၊ လေမှာပျံလျက်၊ မြေမသက်ရေး၊ တက်ညီလက်ညီ၊ ဝိုင်းဝန်းတည်ကြ၊ ဝိုင်းလည်အောင်ပို့၊ ကိုယ့်ထံသူ့ထံ၊ ကျန်သူဦးစားပေး၊ ထောက်ကူဖေးလျက်၊ အပေးအယူ၊ ကြည်ဖြူမျှတ၊ မာန်မာနကင်း၊ လောဘရှင်းသည့်၊ ဝိုင်းခြင်းလိုမျိုး ကစားနည်း. . .”

ဝိုင်းခြင်းကစားနည်းမှာ မြန်မာ့ရိုးရာ အစဉ်လာရှိရှိ မြန်မာ့နှလုံးသားအလှ အစွမ်းပြရသော ကစားနည်းတစ်မျိုးဖြစ်ပါတယ်။ အပေါင်းအစုသဘောဆောင်ပြီး စည်းလုံးညီညာအောင်ကြောင်းဖြာစေသော သာဓကကို ပြသသက်သေပြုပါတယ်။ ခိုင်ခံ့ခြင်း၊ လေးနက်ခြင်း၊ ငြိမ်းချမ်းခြင်း၊ အေးမြခြင်း၊ ယဉ်ကျေးမှုဓလေ့တွေ ပါဝင်ယှက်သန်းနေပါတယ်။ ခြင်းလုံးလေးကို လေမှာဝဲပျံ မြေပေါ်မသက်ရေးကို တာဝန်ခံမှု၊ တာဝန်ယူမှုရှိနေရပါတယ်။ တစ်ဦးကောင်း၊ တစ်ယောက်ကောင်း စရိုက်မပါဝင်ပေ။ အာဏာရှင်စိတ်ဓာတ်မရှိချေ။ တက်ညီလက်ညီ ဝိုင်းဝန်းတည်ဆောက်ပြုပြင်ကြရပါတယ်။ မရှိအတူ၊ ရှိအတူ မျှဝေကာ ဝိုင်းဝိုင်းလည်အောင် ပို့ခတ်ရတဲ့ မြန်မာ့ခြင်းလုံးအားကစားနည်း ဖြစ်ပါတယ်။ ကိုယ့်ထံက သူ့ထံ အပြန်အလှန် အပေးအယူ တူညီမျှတဖို့အရေးကြီးပါတယ်။ ကျန်သူကိုလည်း ဦးစားပေး ထောက်ကူဖေးမလုပ်ဆောင်ရပါတယ်။ တစ်စိတ်တစ်ဝမ်းဖြစ်ဖို့ အပေးအယူကြည်ဖြူမျှတ လုပ်ဆောင်ကြရပါတယ်။ မာန်မာနကင်းပြီးတော့ လောဘ၊ ဒေါသ၊ မောဟရှင်းမှသာ ခြင်းခတ်ဟာ ဝိုင်းလည်နိုင်ပါတယ်။ ကြီးသူတော်သူက အားနည်းသူ၊ ညံ့သူကို ဆွဲထူ ဝိုင်းကူရသော ခြင်းလုံးခတ်ကစားနည်းဟာ မြန်မာ့ကစားနည်းစစ်စစ် ဖြစ်ပါတယ်။ မြန်မာလူမျိုးတို့ အစကပင် ပေါ်ပေါက်လာခဲ့သော သံမဏိစိတ်ဓာတ်သတ္တိနှလုံးသား အာဟာရဖြစ်ပါတယ်။ တူတူညီညီ ရယ်ရယ်ပြုံးပြုံး ညီညီညွတ်ညွတ် အောင်ပွဲဆက်ရတဲ့ ခြင်းလုံးပညာရပ်ဖြစ်ပါတယ်။ အဲဒီ ဝိုင်းခြင်းကစားနည်းဟာ မြန်မာ့ရွာတွင်သာမကပဲ ကမ္ဘာ့ရွာအထိတိုင် ထင်ပေါ်ကျော်ကြား ထွန်းတောက်ခဲ့ပါတယ်။

ကဗျာအဆုံးသတ်အပိုဒ် နိဂုံးမှာတော့ “သူငယ်ချင်း၊ မင်းစဉ်းစားကြည့်၊ ကစားနည်းများစွာ စုံလှပါလည်း၊ ငါကတော့လေ၊ တို့မြေတို့မျိုး၊ တို့ပြည်ကျိုးတွက်၊ သယ်ပိုးဆောက်တည်၊ ထုံးနည်းမှီဖို့၊ တက်ညီလက်ညီ၊ သဘောညီလျက်၊ ဦးတည်ချက်တူ၊ လုပ်ရပ်တူလျက်၊ ပြူစုမှုကင်း၊ ရန်လိုကင်းသည့်၊ ဝိုင်းခြင်းကိုပဲ နှစ်သက်သည်။ ခြင်းပဲခတ်ကြစေချင်သည်။”

စာဆိုရှင်က ပြည်သူလူထု သူငယ်ချင်းအပေါင်းတို့ကို ရည်ညွှန်းပြီး ပြောပြထားပါတယ်။ ဦးနှောက်ကို အသုံးပြု အရင်းတည်ပြီး မင်းစဉ်းစားကြည့်စမ်းပါလို့ အသိသတိပေးထားပြန်ပါတယ်။ ကမ္ဘာပေါ်မှာအားကစားနည်းတွေ အမျိုးမျိုးရှိပါတယ်။ အဲဒီအမျိုးမျိုးအဖုံဖုံ အစုံစုံတွေထဲက ရွေးချယ်တတ်ဖို့ အရေးကြီးလှပါတယ်။ တို့အမိမြန်မာပြည်ကြီးထဲက မြန်မာလူမျိုးတွေ ဥပဒေအခြေခံမှန်တဲ့ တိုင်းကျိုးပြည်ပြု အလုပ်ကို နှစ်သက်ပါတယ်။ ရှေ့ခရီးလမ်းစဉ်ကို မြတ်နိုး တန်ဖိုးထားပါတယ်။ ရည်မှန်းချက်ပန်းတိုင်ခိုင်မာတိကျတာကို သဘောကျကြပါတယ်။ ညီအစ်ကိုနောင်ရင်း ငြိမ်းချမ်းရေးချစ်ကြည်ခြင်းကို ပြီးမြောက်အောင် မြင်စေချင်ပါတယ်။

အမိမြန်မာနိုင်ငံတော်ကို သယ်ပိုးတည်ဆောက်ပြုပြင်ရာမှာ ထုံးနည်းဥပဒေစံချိန်မီဖို့ အထူးလိုအပ်လှပါတယ်။ နိုင်ငံအခြေခံအုတ်မြစ်ဥပဒေမှာ တက်ညီလက်ညီမျှတဖို့လိုပါတယ်။ အရောင်မျိုးစုံမကွဲပြားဘဲ တစ်ရောင်တည်းခြယ်ဖို့လိုပါတယ်။ သူတစ်လူ၊ ငါတစ်မင်း စစ်တလင်းဖြစ်နေလျှင် အနုတ်လက္ခဏာပြနေမှာ ဖြစ်ပါတယ်။ တရားမျှတလွတ်လပ်ခြင်းနဲ့ သဘောတူညီပြည့်ဝနှလုံးလှနိုင်ငံဖြစ်ဖို့လိုပါတယ်။ ပြည်သူထဲမှာ အမှန်ရှာကာ ဦးတည်ချက်တူ၊ လုပ်ရပ်တူပြီးတော့ တာဝန်ခံတာဝန်ယူမှု အရေးတကြီးလိုအပ်နေပါတယ်။ အမှားကို အမှန်ပြင်ပြီး ရှေ့ခရီးဆက်လျှောက်ဖို့ အဓိကကျပါတယ်။

ပြီးခဲ့ပြီးသော အတိတ်သမိုင်းတွေကို ပြည်ဖုံးကားချပြီး ပြူစူစောင်းမြောင်းမှုကင်းစင်ရပါမယ်။ ရန်လိုမှုကင်းတဲ့ မြန်မာ့ဝိုင်းခြင်းကစားနည်းကို နှစ်သက်သဘောကျမိပါတော့တယ်။ ။

**နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။**

## စိတ်ရိုင်းဝင်ကာ လူမြင်ရာလိုက်ခတ်နေသည့် ကျွဲတစ်ကောင်ကြောင့် ဒေသခံများစိုးရိမ်နေ

**ရေတာရှည် နိုဝင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၊ ကုန်ကြီးကျေးရွာအုပ်စု ကြို့ပင်ထိုက်ကျေးရွာတွင် ကျွဲတစ်ကောင်မှာ စိတ်ရိုင်းဝင်ကာ လူမြင်ရာလိုက်ခတ်နေသည့်အတွက် အင်ကြင်းကုန်း၊ ကြို့ပင်ထိုက်၊ ပြီစုတ် ကျေးရွာများရှိဒေသခံများမှ ထိတ်လန့်ကြောက်ရွံ့လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျွဲမှာ ယခင်နေ့က ရေတာရှည်နွားပွဲဈေးသို့ ရောင်းချရန် ကားလမ်းအတိုင်းဆွဲသွားခဲ့ပြီး ရေတာရှည်မြို့ အမှတ်(၁)ရပ်ကွက်ရှိဈေးဆိုင်လမ်းကြားအရောက် အရိုင်းစိတ်ဝင်ကာ ကလေးတစ်ယောက်ကိုအတင်းလိုက်ခတ်ခဲ့ပြီး ဈေးဆိုင်အတွင်းရှိ အိုးခွက်ပန်းကန်များကိုပါ ချိုဖြင့်ခတ်သဖြင့် ပျက်စီးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျွဲပိုင်ရှင်မှာ ကြို့ပင်ထိုက်ကျေးရွာနေ တောင်သူ ဦးလူခင်ဖြစ်ပြီး ယင်းနေ့နံနက်ပိုင်းတွင် ကျွဲဆွဲလာသူကိုပါ အတင်းလိုက်ခတ်သဖြင့်ထွက်ပြေးခဲ့ရကြောင်း၊ ထို့နောက် လေးခွဖြင့်ပစ်၍ နောက်မလှမ်းမကမ်းမှ လိုက်ပါကာ ကုန်းကြီးကျေးရွာအုပ်စုအတွင်းရှိ ကရင်ရွာ၊ ထိုမှတစ်ဆင့် ကုန်းကြီး၊ ပြီစုတ်၊ အင်ကြင်းကုန်းကျေးရွာမှတစ်ဆင့် ကြို့ပင်ထိုက်ရွာသို့ ပြန်လည်မောင်းနှင်လာခဲ့သော်လည်း မြင်ရာ အတင်းလိုက်ခတ်နေသည့်အတွက် ကျေးရွာအလိုက်ကြိုတင်အသိပေးထားပေးမှုကြောင့် အခြားသူများကို အန္တရာယ်ပြုနိုင်ခြင်းမရှိသော်လည်း လက်ရှိ အဆိုပါကျွဲကို ဖမ်းဆီးနိုင်ခြင်းမရှိသေးသည့်အပြင် ပျောက်ဆုံးနေသည့်အတွက် စပါးရိတ်သူများ လယ်ယာလုပ်ငန်းခွင်သို့ သွားရာ၌ အထူးသတိထားနေကြရကြောင်း အင်ကြင်းကုန်းကျေးရွာနေ ဒေသခံ ဦးအောင်ထွန်းက ပြောကြားသည်။

“အိမ်ဝိုင်းထဲဝင်လာရင် ဖမ်းဖို့ ကျော့ကွင်းတွေ လုပ်ထားတယ်။ ဒါပေမယ့် ရွာထဲကိုမဝင်ဘူး။ အပြင်မှာ လျှောက်သွားနေတော့ ကြို့ပင်ထိုက်က လူတွေ တစ်ညလုံးကို မအိပ်ရဘူးလို့ပြောကြတယ်” ဟု ဦးအောင်ထွန်းက ဆက်ပြောသည်။

ဒေသခံများအတွက် အလွန်အန္တရာယ်ရှိနေ၍ မြို့နယ်တိရစ္ဆာန်ကုသရေးနှင့်မွေးမြူရေးဦးစီးဌာနသို့ ဆက်သွယ်အကူအညီတောင်းခံခဲ့ရာ “ကျွဲနားကို အကပ်ခံနိုင်ရင်တော့ အဆင်ပြေတယ်။ ဒီအတိုင်းဆို မေ့ဆေးသေနတ်နဲ့ ပစ်မှရမှာ။ ကျွန်တော်တို့ဆီမှာ မေ့ဆေးရှိတယ်။ သေနတ်က တောင်ငူခရိုင် သစ်တောဦးစီးဌာနကို အကူအညီ တောင်းမှရမှာ”ဟု ဒေါက်တာဇော်မင်းနိုင်က ပြောသည်။

စိတ်ရိုင်းဝင်နေသည့် ကျွဲမှာ ပျောက်ဆုံးနေသည်ဖြစ်၍ ဒေသခံများ အနေဖြင့် အထူးသတိထားနေကြရကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မီးလောင်လျှင်

(၁) ထွက်မပြေးပါနှင့် စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(၂) ကျိတ်မငြိမ်းပါနှင့် ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(၃) နီးစပ်ရာ မီးသတ်စခန်းသို့ အမြန်ဆုံး အကြောင်းကြားပါ။
(၄) ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။
(၅) မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

# ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဖြူစင်သောစေတနာ၊ မှန်ကန်သောစိတ်ထားတို့ဖြင့် လုံ့လဝီရိယစိုက်ထုတ်၍ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၆ ဦးက လွှတ်တော်ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့စတင်ကျင်းပသည့် တတိယပုံမှန်အစည်းအဝေးကာလအတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့အပြင် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုရမည့် ဥပဒေကြမ်း ၁၁ ခု ရှိပါကြောင်း၊ အဆိုများအနေဖြင့် အသင့်ဖြစ်ပြီး အဆို ၈ ခုရှိပြီး အစိုးရအဖွဲ့ရုံးသို့ ပေးပို့ထားဆဲအဆို ၇ ခုကျန်ရှိပါကြောင်း၊ မေးခွန်းများအနေဖြင့် ဒုတိယပုံမှန်အစည်းအဝေးမှ တတိယပုံမှန်အစည်းအဝေးသို့ပြောင်းရွှေ့မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်း ၇၂ ခု အပါအဝင် အသင့်ဖြစ် ကြယ်ပွင့်ပြမေးခွန်း ၁၀၅ ခုရှိပါကြောင်း၊ ယနေ့အထိ အစိုးရအဖွဲ့သို့ ပေးပို့ထားဆဲ ကြယ်ပွင့်ပြမေးခွန်း ၆၃ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၁၃ ခုရှိပါကြောင်း။

ဒီမိုကရေစီ၏ အနှစ်သာရသည် အများဆန္ဒဖြင့် ဆုံးဖြတ်ဆောင်ရွက်သောစနစ်ဖြစ်ပြီး လူနည်းစုဆန္ဒကို လေးစားရသောစနစ်ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်လုပ်ငန်းစဉ်များသည်လည်း ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ကြရခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်တွင် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဆိုသည့် လောကပါလတရားများ ထွန်းကားရေးအတွက် တရားဥပဒေများ အခိုင်အမာပြဋ္ဌာန်းနိုင်ကြရန် အထူးလိုအပ်ပါကြောင်း။

ခိုင်မာသည့်ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်သူကိုကိုယ်စားပြုသည့် ဥပဒေများဖြစ်ရန် အလွန်အရေးကြီးပါကြောင်း၊ ပြည်သူကိုအကာအကွယ်ပေးသည့် ဥပဒေများဖြစ်မှသာ ပြည်သူကလည်း ယုံကြည်အားကိုးပြီး လေးစားလိုက်နာကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်လုပ်ငန်းစဉ်များအတိုင်း စနစ်တကျချင့်ချိန်၊ စဉ်းစား၊ ဝေဖန်၊ သုံးသပ်ဆောင်ရွက်နိုင်ကြမှသာ Rule of Law ဆိုသည့် တရားဥပဒေစိုးမိုးရေးရှိလာမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီ၏ပြယုဂ်သည် လွှတ်တော်များဖြစ်သည့်အတွက် လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းစွာ လည်ပတ်နိုင်ရန် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအပေါ်တွင် အဓိကမူတည်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီ ရှင်သန်ရပ်တည်ရေးအတွက် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များက အစဉ်ကြိုးပမ်းဆောင်ရွက်နေကြရမည် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီကျင့်စဉ်များပါသည့် ဥပဒေပြုရေးလုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် မိမိတို့ကို ပြည်သူများက ရွေးချယ်တာဝန်ပေးခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ ပြည်သူ ပြည်သားများထံတွင်သာ ဒီမိုကရေစီကို ပြဋ္ဌာန်းခွင့်၊ ကာကွယ်ခွင့်နှင့် ကျင့်သုံးပိုင်ခွင့်များ ရှိနေခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့သည် ပြည်သူ့ကိုယ်စားလှယ်များပီပီ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နှင့် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဖြူစင်သောစေတနာ၊ မှန်ကန်သော စိတ်ထားတို့ဖြင့် လုံ့လဝီရိယစိုက်ထုတ်၍ ဖြည့်ဆည်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးနှင့် တတိယပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ထို့ပြင် အစည်းအဝေး၌ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၏ မတူပီမြို့ မြေပြိုမှုကို နိုင်ငံတော်သမ္မတရန်ပုံငွေဖြင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မတူပီမြို့ပေါ်တွင် ကြီးမားသော မြေပြိုအန္တရာယ် ထပ်မံကျရောက်နိုင်သည့်အတွက် ထိုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် ရေမြောင်းများ၊ မြေထိန်းနံရံများ တည်ဆောက်ရန် လိုအပ်မှုများကို ချင်းပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး လိုအပ်နေသည့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်နိုင်ရေး အမြန်ဆုံးစီစဉ်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး၏ ပြည်ပသွင်းကုန် Ready Made လက်ဖက်ခြောက်ထုပ်များအနက် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိဘဲ ဈေးကွက်တွင်ရောင်းချနေသော လက်ဖက်ခြောက်ထုပ်များအား မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြည်ပမှ တင်သွင်းလာပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ထောက်ခံချက်တစ်စုံတစ်ရာ လျှောက်ထားရယူခြင်းမရှိဘဲ ဈေးကွက်တွင် ရောင်းချနေသော လက်ဖက်ခြောက်များအား အရေးယူနိုင်ရန် ဈေးကွက်ထောက်လှမ်းခြင်းကို စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း၊ စားသုံးသူ ထိခိုက်နစ်နာမှုမရှိစေရန်အတွက် ကွင်းဆင်းလေ့လာ၍ တွေ့ရှိချက်များကို သက်ဆိုင်ရာစားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များထံတင်ပြပြီး ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

စားသုံးသူအကာအကွယ်ပေးရေးဥပဒေအရ သတိပေးခြင်း၊ ပြင်းထန်စွာသတိပေးခြင်း၊ လျော်ကြေးပေးစေခြင်း၊ အငြင်းပွားလျက်ရှိသောကုန်စည်ကို ရောင်းချဖြန့်ဖြူးခြင်းအား ကာလအကန့်အသတ်ဖြင့် တားမြစ်ခြင်း၊ ကုန်စည်ကို ဈေးကွက်အတွင်းမှပြန်လည်သိမ်းဆည်းစေခြင်း၊ စားသုံးသူတို့အား ဘေးဥပါဒ်အန္တရာယ်ဖြစ်စေနိုင်သော ကုန်စည်များကို ဖျက်ဆီးစေခြင်း၊ လုပ်ငန်းလိုင်စင် ယာယီပိတ်သိမ်းခြင်း

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**




**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ်။**

# ပြည်သူများ၏ လိုလားချက်ဆန္ဒနှင့် အခက်အခဲများကို အကောင်အထည်ဖော်နိုင်ရေး ကော်မတီလုပ်ငန်းများနှင့်ဆက်စပ်ပြီး ဆောင်ရွက်သွားရန်လို

**နေပြည်တော် နိုဝင်ဘာ ၁၆**

ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒနယ်မြေအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများ၏ အခက်အခဲများ၊ လိုလားချက်များ၊ တောင့်တချက်များ၊ နယ်မြေဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များ စသည့် ပြည်သူများ၏အသံ၊ ပြည်သူများ၏ ဆန္ဒများကို နားထောင်၍ ကွင်းဆင်းလေ့လာခဲ့ပြီး ဖြစ်သည်ဟု မိမိယုံကြည်ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြောကြားသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမဆောင်၌ စတင်ကျင်းပစဉ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူများ၏ လိုလားချက်ဆန္ဒနှင့် အခက်အခဲများကို အကောင်အထည်ဖော်နိုင်ရေးအတွက် လွှတ်တော်အတွင်း၌ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေပြုခြင်းလုပ်ငန်းများအပြင် သက်ဆိုင်ရာကော်မတီများအလိုက် ဆောင်ရွက်ရမည့် ကော်မတီလုပ်ငန်းများနှင့်ဆက်စပ်ပြီး ဆောင်ရွက်သွားရန်လည်း လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကို တတ်နိုင်သမျှပိုင်းခြားပြီး ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ချမှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းလည်း ဆက်လက်ပြောကြားသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှေ့မှောက်တွင် ကတိသစ္စာပြုကြသည်။

ထို့နောက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးသိန်းလွင်၏ ကချင်ပြည်နယ် ဗန်းမော်မြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် အထူးကုဆရာဝန်ကြီးများနှင့် လက်ထောက်ဆရာဝန်များ လစ်လပ်လျက်ရှိပါသောကြောင့် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် အလွန်ခက်ခဲမှုဖြစ်နေပါသဖြင့် ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဗန်းမော်မြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ကုသရေးဦးစီးဌာနမှ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၈ ရက်တွင် လက်ထောက်ဆရာဝန်(သစ်လွင်) ၄ ဦး၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၆ ရက်တွင် လုပ်သက်ရဆရာဝန် ၅ ဦး တို့ကို ခန့်အပ်ခဲ့ပါကြောင်း၊ ဆေးရုံကြီးတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ တစ်နေ့ ပျမ်းမျှအတွင်းလူနာ ၁၁၂ ဦးနှင့် ပျမ်းမျှအပြင်လူနာ ၁၄၀ ဦးရှိပြီး အထူးကုဆရာဝန် ၁၆ ဦး၊ လက်ထောက်ဆရာဝန် ၂၅ ဦး စုစုပေါင်း ဆရာဝန် ၄၁ ဦးဖြင့် ကုသရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါကြောင်း၊ လိုအပ်လျက်ရှိသည့် မျက်စိအထူးကုဆရာဝန်နှင့် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်တို့အား ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်တွင် တာဝန်ချထားပြီး မကြာမီရက်ပိုင်းအတွင်း တာဝန်ထမ်းဆောင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ ချင်းပြည်နယ် ရေဇွာမြို့နှင့် လိုင်လင်းပီမြို့များတွင်ရှိသော (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံများအား (၂၅)ခုတင်ဆံ့ ဆေးရုံများအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရေဇွာနှင့် လိုင်လင်းပီ တိုက်နယ်ဆေးရုံများသည် မတူပီမြို့နယ်ဆေးရုံနှင့်ဝေးကွာသော်လည်း ဆေးရုံညွှန်းကိန်းများ ပြည့်မီခြင်းမရှိသေးပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် တင်ပြသည့်အတိုင်း မတူပီဆေးရုံနှင့် ဝေးကွာသည့်အတွက် ဆေးရုံအဆင့်တိုးမြှင့်ခြင်းကို အထူးကိစ္စရပ်တစ်ခုအနေဖြင့် စဉ်းစားပေးသွားမည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မတူပီဆေးရုံသို့ တက်ရောက်သော လူနာများ၏ လိပ်စာများကို ဆန်းစစ်လေ့လာခြင်းနှင့် တိုက်နယ်ဆေးရုံ ၂ ရုံနှင့် အနီးဆုံးကျေးလက်ကျန်းမာရေးဌာနတွင် လာရောက်ပြသသည့် လူနာအခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးသွားမည် ဖြစ်ပါကြောင်း၊ သို့မှသာ တိုက်နယ်ဆေးရုံများသို့ လူနာဝင်ရောက်မှုနည်းရခြင်းအကြောင်းအရင်းမှန်ကို ဖော်ထုတ်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၏ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့အစည်းများသည် လွတ်လပ်၍ လူထုအခြေပြုသော CSO အဖွဲ့အစည်းများ ဖြစ်နိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအား သီးခြားလွတ်လပ်သော၊ အစိုးရမဟုတ်သော နိုင်ငံရေးကင်းရှင်းပြီး စွမ်းအားမြင့်သော လူမှုရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် ပိုမိုပီပြင်ထိရောက်စွာ လုပ်ကိုင်နိုင်ရန်ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အသင်း၏ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်အဆင့်များတွင် ပြည်သူလူထုအား ကိုယ်စားပြုသူများက ပါဝင်ဆောင်ရွက်နိုင်ရန် အသင်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အကြံပြုချက်များရယူ၍ သုံးသပ်ပြင်ဆင် ရေးဆွဲလျက်ရှိပြီး မကြာမီ လွှတ်တော်အသီးသီးသို့ တင်ပြအတည်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တိုက်ရိုက်သက်ဆိုင်မှုမရှိသောကြောင့် ရှင်းလင်းဖြေကြားခြင်း မပြုနိုင်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခင်မောင်ဝင်းတို့၏ ပညာရေးကဏ္ဍဆိုင်ရာမေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**



**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုကြစဉ်။**

## ❒ မောင်တောဒေသမှ

မိမိတို့အနေဖြင့် HRW ၏ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည့် စွပ်စွဲချက်များနှင့်ပတ်သက်ပြီး လက်တွေ့မြေပြင်၌ ပြန်လည်စိစစ်မှုများပြုလုပ်ပြီး ရရှိလာသည့် သတင်းအချက်အလက်များကို ဆက်လက်ထုတ်ပြန်သွားမည်ဟု ကြေညာထားပါကြောင်း၊ ပြီးခဲ့သည့် အောက်တိုဘာ ၉ ရက်တွင် စတင်ဖြစ်ပွားခဲ့သော မောင်တောဒေသ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဘန်ကောက်ပို့စ်မှ နိုဝင်ဘာ ၁၄ ရက် မီးရှို့ဖျက်ဆီးမှုနှင့်ပတ်သက်ပြီး သတင်းထုတ်ပြန်ခဲ့ပါကြောင်း၊ အလားတူ အခြားမီဒီယာများတွင်လည်း သတင်းများပါရှိခဲ့ပါကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တပ်မတော်ခေါင်းဆောင်များတွေ့ဆုံပြီး လက်တွေ့မြေပြင်အခြေအနေများသိရှိနိုင်ရန် တပ်မတော်မှ ရဟတ်ယာဉ်များဖြင့် ဝါးပိတ်ကျေးရွာ၊ ကြက်ရိုးပြင်ကျေးရွာ၊ ပြောင်ပိုက်ကျေးရွာ၊ ဒါးကြီးဇားကျေးရွာ ပတ်ဝန်းကျင်နယ်မြေများကို ဓာတ်ပုံရိုက်ကူးခြင်း၊ မျက်မြင်စစ်ဆေးခြင်းများကို ပြုလုပ်ခဲ့ပါကြောင်း၊ အဆိုပါဒေသများသို့ နိုဝင်ဘာ ၁၅ ရက်တွင် သွားရောက်စစ်ဆေးရာ၌ ဝါးပိတ်ကျေးရွာမှ အဆောက်အအုံ ၁၀၅ လုံး၊ ကြက်ရိုးပြင်ကျေးရွာမှ အဆောက်အအုံအလုံး ၃၀၊ ဒါးကြီးဇားကျေးရွာမှ အဆောက်အအုံအလုံး ၃၀ နှင့် ပြောင်ပိုက်ကျေးရွာမှ အဆောက်အအုံ အလုံး ၂၀ မီးလောင်ပျက်စီးခဲ့သည်ကို တပ်မတော်မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှတွေ့ရှိခဲ့ပါကြောင်း စသည်ဖြင့် Human Rights Watch (HRW)၏ အစီရင်ခံစာပါအချက်များနှင့်စပ်လျဉ်း၍ ကွဲလွဲမှုများအား တိကျစွာသတင်းထုတ်ပြန်နိုင်ရန် မြေပြင်သို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှုနှင့် လက်ရှိရခိုင်ပြည်နယ်၏ နောက်ဆုံးအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

အဆိုပါရှင်းလင်းပြောကြားချက်များအား သတင်းထုတ်ပြန်ချက်ဖြင့်လည်းကောင်း၊ Power Point တင်ပြချက်မှ ဓာတ်ပုံနှင့်ဇယားအချို့ကိုလည်းကောင်း သီးခြားဖော်ပြထားပါသည်။

### စစ်ကြောင်းမှူးထိခိုက်ခဲ့

ထို့နောက် ကော်မတီဝင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိုးက ကော်မတီအတွင်းရေးမှူး ဦးဇော်ဌေး၏ ရှင်းလင်းပြောကြားချက်များကို အင်္ဂလိပ်ဘာသာဖြင့် ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ကော်မတီဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မောင်တောဒေသအား စစ်ဆင်ရေးဒေသအဖြစ် သတ်မှတ်ထားခြင်း၊ ရဟတ်ယာဉ်သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းမှုအပေါ် ဦးဇော်ဌေးက မောင်တောဒေသသည် ပဋိပက္ခဖြစ်စဉ်၊ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားနေသည့်အတွက် စစ်ဆင်ရေးနယ်မြေအဖြစ် သတ်မှတ်ထားပြီးဖြစ်ပါကြောင်း၊ ရဟတ်ယာဉ်၏စွမ်းပကားအား အသုံးပြုရာတွင် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ထိန်းသိမ်းသုံးစွဲခြင်းဖြစ်ကြောင်း၊ ရဟတ်ယာဉ် ပထမဆုံးအသုံးပြုသည်မှာ စစ်ကြောင်းမှူးထိခိုက်ခဲ့သည့်အတွက် ရဟတ်ယာဉ် စေလွှတ်ခြင်းဖြစ်ကြောင်း၊ ရဟတ်ယာဉ်တွင် စက်သေနတ်အမျိုးအစားကိုသာ အသုံးပြုခြင်းဖြစ်ကြောင်း၊ ဗုံးကျည်၊ ဗုံးများ အသုံးပြု၍ရသော်လည်း အပြစ်မဲ့ပြည်သူများ ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရန် ကန့်သတ်၍ သုံးခဲ့ခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

### မီဒီယာများသတင်းယူခွင့်

မီဒီယာများအား သတင်းယူခွင့်နှင့်ပတ်သက်၍ စီစဉ်ပေးရန် အစီအစဉ် ရှိ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ဦးဇော်ဌေးက အဆိုပါကိစ္စနှင့်ပတ်သက်၍ ဖြေဆိုရန် နှစ်ပိုင်းရှိပါကြောင်း၊ နံပါတ်တစ်အပိုင်းမှာ သတင်းထုတ်ပြန်မှုအပိုင်းဖြစ်ကြောင်း၊ သတင်းထုတ်ပြန်မှုအပိုင်းတွင် ကော်မတီဖွဲ့စည်းရခြင်း ရည်ရွယ်ချက်သည် ဖြစ်စဉ်ဖြစ်ရပ်များနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ရန်ဖြစ်ကြောင်း၊ မနက်ဖြန်မှစတင်၍ ကော်မတီမှ မြေပြင်သတင်းရရှိမှုအား ဖြစ်ဖြစ်ချင်း အမြန်ဆုံးထုတ်ပြန်ပေးရန် ကြိုးစားသွားမည်ဖြစ်ကြောင်း၊ နံပါတ်နှစ်အချက်မှာ မြေပြင်တွင် မီဒီယာများသတင်းယူခွင့်နှင့်ပတ်သက်၍ လက်ရှိ မောင်တောအခြေအနေမှာ တည်ငြိမ်မှုကို ပြန်ထိန်းနေသည့် အခြေအနေဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြေပြင်အား သံတမန်များ စေလွှတ်သကဲ့သို့ ဆောင်ရွက်ပေးရန် စီစဉ်နေပါကြောင်း၊ လက်ရှိတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းအဖွဲ့စေလွှတ်ထားပါကြောင်း၊ မောင်တောတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဦးစီး၍ မြေပြင်အခြေအနေသတင်းများ ရယူလျက်ရှိပါကြောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရတို့ညှိနှိုင်း၍ စေလွှတ်ခြင်းဖြစ်ကြောင်း၊ ထိုသို့စေလွှတ်သည့်အခါတွင် ၎င်းတို့၏ လုံခြုံရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးယူပေးရန်နှင့် အစိုးရအပိုင်းမှ ကူညီပံ့ပိုးပေးရန် ညှိနှိုင်းပြီး စေလွှတ်ခြင်းဖြစ်ကြောင်း၊ လက်တွေ့မြေပြင်တွင် ဆောင်ရွက်နေသည့် ရှေ့ပြေးအဖွဲ့ဆောင်ရွက်ချက်၊ သတင်းယူသည့် အနေအထားအပေါ်မူတည်၍ ပုဂ္ဂလိကမီဒီယာများကို စေလွှတ်မည်ဖြစ်ပါကြောင်း၊ လွှတ်သည့်အခါတွင် လူများစွာဖြင့် လွှတ်၍မရကြောင်း၊ မိမိတို့အနေဖြင့် မီဒီယာအစုံပါအောင်ရည်ရွယ်၍ လွှတ်ဖို့ရှိကြောင်း၊ တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ တိုက်ပွဲများနှင့်ပတ်သက်၍ လိုက်ပါသတင်းယူရာတွင် ကန့်သတ်ချက်များရှိကြောင်း၊ စည်းမျဉ်းစည်းကမ်းများလည်း များစွာရှိကြောင်း၊ နိုင်ငံတကာတွင် အဆိုပါကိစ္စနှင့်ပတ်သက်၍ အတွေ့အကြုံများရှိခဲ့သော်လည်း မိမိတို့နိုင်ငံတွင် နည်းနေသေးကြောင်း၊ ထိုသို့နည်းသည့်အတွက် လုံခြုံရေးမထိခိုက်စေရန်နှင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များကိုလည်း ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် Conflict, Sensitive, Journalism နှင့်ပတ်သက်၍ မည်သို့ရွေးချယ်မည်၊ အဆိုပါသတင်းများအား မည်သို့ရယူမည်ဆိုသည်ကို မီဒီယာနှင့် မိမိတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

သတင်းများအား အချိန်နှင့်တစ်ပြေးညီ မည်သို့ထုတ်ပြန်မည်၊ ဘယ်ကပေးပို့သည့် သတင်းအချက်အလက်များကို အခြေခံပြီးထုတ်ပြန်မည်။ မြေပြင်တွင် သတင်းအချက်အလက်များစုစည်းမည့် သတင်းကွန်ရက်များဖွဲ့စည်းမှုအခြေအနေနှင့်စပ်လျဉ်း၍မေးမြန်းမှုအပေါ် ဦးဇော်ဌေးက ရခိုင်ပြည်နယ် သတင်းထုတ်ပြန်ရေးကော်မတီရုံးကို နိုင်ငံတော်သမ္မတအိမ်တော် အောက်ထပ်တွင် ရုံးခန်းဖွင့်ထားပြီး တာဝန်ရှိသူများအားလုံး ရုံးချိန်တွင် ရုံး၌ရှိမည်ဖြစ်ပါကြောင်း၊ တပ်မတော်မှ ကိုယ်စားလှယ်မှာ ဗိုလ်ချုပ်စိုးနိုင်ဦးဖြစ်ပါကြောင်း၊ ၎င်းသည် တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ ဒုတိယခေါင်းဆောင်လည်းဖြစ်ပါကြောင်း။

### ထုတ်ပြန်ပေးသွားမည်

လက်တွေ့မြေပြင်တွင် နေ့စဉ်ဖြစ်စဉ်ဖြစ်ပွားမှုများကို အချိန်နှင့်တစ်ပြေးညီ တပ်မတော်အပိုင်းက ကြေညာမည်ဖြစ်ပါကြောင်း၊ မြေပြင်တွင် ဖြစ်ပွားသည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဆိုင်ရာ လူပ်ရှားမှုဖြစ်စဉ်များကို ချက်ချင်းတင်ရပါကြောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ ကြေးနန်းဖြင့်သော်လည်းကောင်း တင်ရပါကြောင်း၊ ယင်းသတင်းများအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ကိုယ်စားလှယ်လည်း ရှိပါကြောင်း၊ ကျန်အပိုင်းများကို ရခိုင်ပြည်နယ်အစိုးရ၊ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပေါင်းစပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လက်တွေ့ဖြစ်ပြီဆိုသည်နှင့် ချက်ချင်း ကြေးနန်းသတင်း၊ ဖုန်းသတင်းများရရှိနိုင်ရေးဆောင်ရွက်မည်ဖြစ်ပြီး ပြည့်စုံသည့်သတင်းရပြီဆိုပါက ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### ကျေးရွာများကို မီးရှို့ခဲ့

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်မှုအမြန်ရရှိစေရန်အတွက် အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်စိန်ခေါ်မှုများ၊ အခက်အခဲအခက်အခဲများနှင့်ပတ်သက်၍မေးခွန်းအပေါ် နိုင်ငံတော်သမ္မတရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယခုဖြစ်စဉ်များနှင့်ပတ်သက်၍ အမြန်ဆုံးတည်ငြိမ်သည့်အနေအထားသို့ ပြန်ရောက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိမြေပြင်အခြေအနေတွင် နိုဝင်ဘာ ၁၂ ရက်က ပူးပေါင်းအဖွဲ့မှ ဖမ်းဆီးရမိသည့် ၃၆ ဦးအနက် မိုဟာမက်အစ္စလာမ်အသက်(၄၄)နှစ်သည် ပွင့်ဖြူချောင်းကျေးရွာတွင် နေထိုင်ပြီး နိုဝင်ဘာ ၁၂ ရက်နေ့တွင် ရွာသူရွာသားများနှင့်အတူ တိုက်ပွဲဖြစ်သည့်နေရာသို့လိုက်သွားကြောင်း၊ ၎င်း၏ထွက်ဆိုချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှပြန်လာသည့် အကြမ်းဖက်သမားများက ၎င်းတို့၏ကျေးရွာများကို မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း။

နိုဝင်ဘာ ၁၄ ရက်က ဖမ်းဆီးရမိသည့် ဆာဒူအာမေး (အဖ-အဒူလာ)သည် ကြိမ်ချောင်းကျေးရွာမှ မြောက်ဘက်ရှိ မြစင်ကျေးရွာသို့ ရွာသားများနှင့်အတူလိုက်လာပြီး စစ်တပ်နှင့် လုံခြုံရေးအဖွဲ့ကို တိုက်ခိုက်အကြမ်းဖက်ရန် ရည်ရွယ်သည်ဟု ထွက်ဆိုထားကြောင်း။

### အကြမ်းဖက်သမားများ

နိုင်ငံတကာ သံတမန်များသွားရောက်စဉ် အင်္ဂလိပ်စာဖြင့်ရေးထားသည့် ဒေသခံများ ကိုင်ဆောင်ထားသည့် ဆိုင်းဘုတ်များကို ၎င်းတို့ကိုယ်တိုင် သိရှိနားလည်မှု ရှိ၊ မရှိမေးမြန်းရာ မသိကြောင်း၊ ထိုဆိုင်းဘုတ်များ ဘယ်က ရလဲမေးမြန်းရာ ဖုန်း Viber မှ ပို့ပေးခြင်း ဖြစ်ကြောင်း ပြန်ဖြေပြီး မည်သူပေးသည်ကိုမေးမြန်းရာ မဖြေကြကြောင်း၊ ယခုမောင်တော ပဋိပက္ခဖြစ်စဉ်သည် ပုံမှန်ရိုးရိုးရှင်းရှင်း စဉ်းစား၍မရကြောင်း၊ အစွန်းရောက်များ၏ စိတ်ထဲတွင် တပ်နှင့်ရဲလာလျှင် မည်သို့တုံ့ပြန်ရမည်ကိုသာ ပြင်ဆင်နေကြောင်း၊ တစ်ဖက်မှ လုံခြုံရေးစည်းကမ်းများ သတ်မှတ်ထားသော်လည်း ပြည်ပမှအကြံအစည်များဖြင့် ဝင်ရောက်နေခြင်းဖြစ်၍ ရေရှည်တွင် ခိုင်ခိုင်မာမာ ကိုင်တွယ်နိုင်ရန် တာဝန်နှစ်ရပ်ဖြင့် ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ စည်းရုံးခံထားရသည့် အစွန်းရောက်များကို အစွန်းရောက်စိတ်ပပျောက်သွားအောင် ရေရှည်ဆောင်ရွက်ရန်၊ နှစ်ဖက်တည်ငြိမ်လုံခြုံအေးချမ်းစွာ နေထိုင်နိုင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးသွားရန်ဖြစ်ကြောင်း၊ သို့သော် လက်တွေ့မြေပြင်တွင် ရွာသားနှင့် တိုက်ခိုက်သည့် အကြမ်းဖက်သမားများမှာ

**စာမျက်နှာ ၉ သို့** ❍


**မောင်တော-ကျီးကန်းပြင်နယ်မြေအနှံ့ /အဖြစ်စာရင်းပေါင်းချုပ်**

| စဉ် | အကြောင်းအရာ | အကြိမ် အရေအတွက် | တပ် ကျဆုံး ရှိ | တပ် ကျဆုံး ခြား | တပ် ဒဏ်ရာရ ရှိ | တပ် ဒဏ်ရာရ ခြား | တပ် လက်နက် အဆုံးအရှုံး | ရဲ ကျဆုံး ရှိ | ရဲ ကျဆုံး ခြား | ရဲ ဒဏ်ရာရ ရှိ | ရဲ ဒဏ်ရာရ ခြား | ရဲ လက်နက် ဆုံးရှုံး | ရဲ လက်နက် ဖော်ထုတ်ရရှိ | ရဲ လက်နက် ကျန်ရှိ | ဘင်္ဂါလီ သေဆုံး | ဘင်္ဂါလီ ဖမ်းမိ | ဘင်္ဂါလီ လက်နက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ဘင်္ဂါလီဖမ်းဆီးရမိမှု | ၆၁ | | | | | | | | | | | | | | ၂၄၁ | ၁ |
| ၂။ | တိုက်ပွဲဖြစ်စဉ် | ၉ | ၁ | ၆ | ၁ | ၄ | ၂ | ၁ | ၉ | | | ၆၅ | ၁၅ | ၃၉ | | | ၃ |
| ၃။ | လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှု | ၁၀ | | | | | | | | | | | ၁၁ | | | | ၁ |
| ၄။ | ကားမိုင်းဖောက်ခွဲခံရမှု | ၃ | | | | | | | | | | | | | | | |
| ၅။ | ဘင်္ဂလားဒေ့ရှ်မှ ပြန်လည်လွှဲပြောင်းရရှိမှု | ၁ | | | | | | | | | | | | | | ၂ | |
| | စုစုပေါင်း | ၈၄ | ၁ | ၆ | ၁ | ၄ | ၂ | ၁ | ၉ | ၂ | ၅ | ၆၅ | ၂၆ | ၃၉ | ၆၉ | ၂၄၃ | ၅ |

**HRW ၏ ထုတ်ပြန်ချက်နှင့် အမှန်တကယ်ပျက်စီးမှု နှိုင်းယှဉ်ချက်**

| ကျေးရွာ | HRW (အိမ်ခြေ) | Real (အိမ်ခြေ) |
|---|---|---|
| ဝါးပိတ် | ၁၀၀ | ၁၀၅ |
| ကြက်ရိုးပြင် | ၂၄၅ | ၃၀ |
| ပြောင်ပိုက် | ၈၅ | ၂၀ |
| ဒါးကြီးဇား | အားလုံးပျက်စီး | ၃၀ |

**မီဒီယာဖော်ပြချက်နှင့် အခြေအနေအမှန် (ဝါးပိတ်ကျေးရွာ)**




**မီဒီယာဖော်ပြချက်နှင့် အခြေအနေအမှန် (ကြက်ရိုးပြင်ကျေးရွာ)**



## ပြည်တွင်းရေးရာ

**❂ အကြမ်းဖက်သမားများမှ**

အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ၁၀ ဦးခန့် ဝင်ရောက်လာကြောင်း သတင်းရရှိသဖြင့် လုံခြုံရေးအဖွဲ့များက သွားရောက်ရှင်းလင်းရာ အကြမ်းဖက်တိုက်ခိုက်သူများသည် ကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးပြီး ထွက်ပြေးသွားခဲ့ကြောင်း နိုဝင်ဘာ ၁၄ ရက်ထုတ် မြဝတီသတင်းစာနှင့် မြဝတီရုပ်မြင်သံကြား၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ Bangkok Post သတင်းစာ၌ HRW- Human Rights Watch က ထုတ်ပြန်ထားသည့် ဂြိုဟ်တုသတင်းဓာတ်ပုံများအား အခြေခံ၍ သတင်းရေးသားထားသဖြင့် နိုဝင်ဘာ ၁၃ ရက်နေ့ မတိုင်မီကတည်းကပင် ဝါးပိတ်ကျေးရွာ၌ အဆောက်အအုံ ၁၀၀ ခန့် မီးရှို့ခံရကြောင်း စွပ်စွဲဖော်ပြထားကြောင်းတွေ့ရှိရသည်။ အဆိုပါကျေးရွာ၌ HRW ၏ သတင်းဖော်ပြချက်မတိုင်မီ မီးလောင်ပျက်စီးအဆောက်အအုံ ၂၅ လုံးသာရှိကြောင်း အောက်တိုဘာ ၁၃ ရက်နေ့ထုတ် မြဝတီသတင်းစာနှင့် မြဝတီရုပ်မြင်သံကြားတို့၌လည်း သတင်းဖော်ပြပြီးဖြစ်သည်။ ထို့ကြောင့် စစ်ဆေးတွေ့ရှိချက်များအရ ဝါးပိတ်ကျေးရွာတွင် မူလရှိရင်း အဆောက်အအုံ ၂၆၁ လုံး၊ မီးလောင်ပျက်စီးမှုအဆောက်အအုံ ၁၀၅ လုံး ရှိကြောင်းတွေ့ရှိရသည်။ Bangkok Post ၌ ကြက်ရိုးပြင်ကျေးရွာတွင် အဆောက်အအုံ ၂၄၅ လုံး မီးရှို့ဖျက်ဆီးခံရကြောင်း ဖော်ပြခဲ့သော်လည်း စစ်ဆေးချက်များအရ ၎င်းကျေးရွာ၌ မူလရှိရင်းအဆောက်အအုံ ၃၆၂ လုံးရှိပြီး ၃၀ လုံးခန့်သာ မီးလောင်ပျက်စီးကြောင်း တွေ့ရှိရသည်။ အလားတူ အဆောက်အအုံ ၇၀၀ လုံး မီးရှို့ဖျက်ဆီးခံရကြောင်း စွပ်စွဲဖော်ပြခဲ့သော ဒါးကြီးဇားကျေးရွာ၌ မူလရှိရင်းအဆောက်အအုံ ၃၃၀ လုံးသာရှိခဲ့ပြီး စစ်ဆေးချက်များအရ အဆောက်အအုံ ၃၀ လုံးခန့်သာ မီးလောင်ပျက်စီးကြောင်း မြေပြင်၌ တွေ့ရှိရသည်။ HRW ၌ ပြောင်ပိုက်ကျေးရွာတွင် အဆောက်အအုံ ၈၅ လုံး မီးလောင်ခဲ့ကြောင်း ဖော်ပြထားသော်လည်း စစ်ဆေးချက်များအရ ၂၀ လုံးသာ မီးလောင်ပျက်စီးမှုရှိကြောင်း တွေ့ရှိရသည်။ မီးလောင်ပျက်စီးမှုမှာလည်း အကြမ်းဖက်သမားများ၏ ရှို့မီးကြောင့်သာဖြစ်ကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်သည်။

၄။ ရဟတ်ယာဉ်ဖြင့် မီးလောင်ပျက်စီးမှုများအား ဝေဟင်မှ ကြည့်ရှုစစ်ဆေးရာ ညနေ ၃ နာရီခန့်တွင် ရေခပ်ချောင်းဂွဆုံကျေးရွာသို့ ရောက်ရှိစဉ် အဆောက်အအုံတချို့ မီးလောင်နေကြောင်း တွေ့ရှိရသဖြင့် ပတ်ဝန်းကျင်တွင် လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းများသို့ အကြောင်းကြား၍ ဝိုင်းဝန်းမီးငြိမ်းသတ်စေခဲ့ရာ အဆောက်အအုံ ၁၇ လုံး မီးလောင်ခဲ့ကြောင်း သိရှိရသည်။

၅။ မောင်တောနယ်မြေအတွင်း အကြမ်းဖက်လှုပ်ရှားနေသော အကြမ်းဖက်သမားများအနေဖြင့် နယ်မြေရှင်းလင်းရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့များအပေါ် အထင်အမြင် လွဲမှားစေရေး၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးလျက်ရှိကြောင်းနှင့် ထိုသို့ဆောင်ရွက်ပြီးပါက အချို့သတင်းမီဒီယာများဖြင့် ချိတ်ဆက်၍ လိမ်လည်သတင်းဖြန့်ချိခြင်း၊ နိုင်ငံတကာမှ အထောက်အပံ့များရရှိအောင် လုပ်ကြံဖန်တီးခြင်းများ ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။ မောင်တောနယ်မြေအတွင်း နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေမှုများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အဖွဲ့ဝင်များ စစ်တွေမြို့ရှိ နစ်ဖက်လူ့အဖွဲ့အစည်းများနှင့် တွေ့ဆုံ

**စစ်တွေ နိုဝင်ဘာ ၁၆**

စစ်တွေမြို့၌ ရောက်ရှိနေသည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့နယ် သဲချောင်းကျေးရွာသို့ သွားရောက်ပြီး သဲချောင်းဈေးအတွင်း ဈေးရောင်းဈေးဝယ်ပြုလုပ်နေကြသည့် အစ္စလာမ်ဘာသာဝင်များ၊ မာရမာကြီးများအား တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းကြ သည်။

ထို့နောက် ကော်မရှင်အဖွဲ့သည် အုန်းတောကြီးကယ်ဆယ်ရေးစခန်း၌ ရပ်မိရပ်ဖ ဦးဘကျော်အပါအဝင် ဒေသခံ ၅၀ နှင့်လည်းကောင်း၊ ရေချမ်းပြင်ကျေးရွာ၌ ဒေသခံတိုင်းရင်းသား ဦးထွန်းအောင်ကျော်အပါအဝင် ၁၅ ဦးနှင့်လည်းကောင်း၊ ဇော့ပူဂျာကျေးရွာစာသင်ကျောင်း၌ ဦးစံထွန်းကျော်အပါအဝင် ဒေသခံတိုင်းရင်းသား ၂၅ ဦးနှင့် လည်းကောင်း တွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

မွန်းလွဲပိုင်းတွင် ဆတ်ရိုးကျတိုင်းရင်းသားကယ်ဆယ်ရေးစခန်းသို့ သွားရောက်လေ့လာကြသည်။ ကော်မရှင်အဖွဲ့သည် ညနေ ၃ နာရီတွင် စစ်တွေဟိုတယ်ခန်းမ၌ စစ်တွေမြို့ပေါ်ရှိ UN၊ INGO ၁၃ ဖွဲ့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **တင်ထွန်း(ခရိုင်ပြန်/ဆက်)**



### မီဒီယာဖော်ပြချက်နှင့် အခြေအနေအမှန် (ပြောင်ပိုက်ကျေးရွာ)





HRW - ၈၅



လက်တွေ့မြေပြင်- ၂၀

### ဒါးကြီးဇားကျေးရွာ၏ အခြေအနေအမှန်ဖော်ပြချက်




HRW - ရွာလုံးကျွတ်

လက်တွေ့မြေပြင်- ၃၀

❍ စာမျက်နှာ ၈ မှ

ရောနှောနေသဖြင့် ဖြေရှင်းရန်ခက်ခဲကြောင်း၊ အချိန်ယူပြီး လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ အမြန်ဆုံး တည်တည်ငြိမ်ငြိမ်ဖြစ်အောင် ဆောင်ရွက်နေပါကြောင်း၊ ယင်းဒေသရှိ အမျိုးသမီးများ အဓမ္မပြုကျင့်ခံရမှုအား စုံစမ်းမေးမြန်းရာ မရှိဟု ဖြေဆိုပါကြောင်း၊ ယခုကဲ့သို့ ဆူပူမှုများဖန်တီးသည်မှာ တတိယအကြိမ်မြောက်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအပိုင်းနှင့်လည်းချိတ်ဆက်၍ လှုပ်ရှားနေမှုများလည်းရှိကြောင်း ဖြေကြားသည်။

**ဖန်တီးလုပ်ဆောင်နေ**

ထို့ပြင် နောက်ပိုင်းမှ လှုံ့ဆော်ပေးနေသည့် အဖြစ်အပျက်များကိုလည်း တွေ့နေရပါကြောင်း၊ အောက်တိုဘာ ၉ ရက်က လုံခြုံရေးတပ်ဖွဲ့ကို လာတိုက်ခိုက်သည်မှာ ဆွပေးသည့်ပုံစံဖြစ်နေပြီး တစ်ဖက်တွင်လည်း ကုလသမဂ္ဂတွင် မြန်မာနိုင်ငံနှင့်သက်ဆိုင်သည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ဖြုတ်ချပေးရန် တောင်းဆိုရာ အားလုံးက သဘောတူပြီး ဖြုတ်ချပေးခဲ့သည်ကို မလိုလားသဖြင့် ဆူပူမှု မဖြစ်ဖြစ်အောင် ပြန်ပြီးလှုံ့ဆော်နေခြင်းသာဖြစ်ကြောင်း၊ မြန်မာအစိုးရက မလိုက်နာဟု ထင်မြင်လာအောင် ဖန်တီးလုပ်ဆောင်နေခြင်းဖြစ်သော်လည်း ဆူပူမှုများကို ပြန်လည်တည်ငြိမ်မှုရရှိစေရန် နိုင်ငံတကာဥပဒေနှင့်အညီ ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ ဖြေရှင်းနေပြီး တပ်အင်အားကိုလည်း လိုအပ်သည်ထက် ပိုမသုံးဘဲ နယ်မြေအေးချမ်းရန်၊ တည်ငြိမ်ရန်အတွက်သာ သုံးစွဲဖြေရှင်းခဲ့၍ တည်ငြိမ်လာချိန်တွင် သံတမန်အဖွဲ့ကွင်းဆင်းသွားရောက်ကြည့်ရှုသည့်အခါ ဆန္ဒပြသူများကိုင်ဆောင်သော ဆိုင်းဘုတ်များမှာ တစ်ဖက်မှ တယ်လီဖုန်းဖြင့် အချက်အလက်ပေး၍ လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိုးက ဖြည့်စွက်ဖြေကြားသည်။

**စတင်ထိပါး**

ရခိုင်ပြည်နယ် ဖြစ်စဉ်များအပေါ် တပ်မတော်၏ ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် **တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်စိုးနိုင်ဦး**က ရခိုင်ပြည်နယ်ဖြစ်စဉ်ကို ပြန်ကြည့်မည်ဆိုပါက အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံ၏အချုပ်အခြာအာဏာကို စတင်ထိပါးခြင်းဖြစ်ကြောင်း၊ လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့ဝင်များရှိသည့် နယ်ခြားစောင့်စခန်း လေးနေရာကို တစ်ပြိုင်တည်းတိုက်ခိုက်ခြင်း ဖြစ်ကြောင်း၊ အဆိုပါတိုက်ခိုက်မှုများကြောင့် လက်နက် ၆၅ လက် ဆုံးရှုံးခဲ့ရပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၁၀ ဦးကျဆုံးခဲ့သဖြင့် အဆိုပါဖြစ်စဉ်ကို ဖြေရှင်းနိုင်ရန် နိုင်ငံတော်အစိုးရကို တင်ပြခဲ့ရာ နိုင်ငံတော်အစိုးရက ခွင့်ပြုသည့်အတိုင်းအတာအထိ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တပ်မတော်၏စွမ်းရည်အရ ဆောင်ရွက်၍ ရပါကြောင်း၊ တပ်မတော်၏ လေတပ်၊ ကြည်းတပ်နှင့် သံချပ်ကာစစ်ဆင်ရေးစွမ်းရည်လေ့ကျင့်ခန်းများကို မီဒီယာများအား ဖိတ်ခေါ်ပြသခဲ့ပြီး ဖြစ်ပါကြောင်း၊ သို့သော် နိုင်ငံတကာဥပဒေနှင့် နိုင်ငံတကာမှ ချမှတ်ထားသည့် ဥပဒေများအရ အင်အားအနည်းဆုံးဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ရဟတ်ယာဉ်သုံးစွဲမှုနှင့်စပ်လျဉ်း၍ ဖြစ်စဉ်ဖြစ်ပွားသည့်နေ့တွင် တပ်မတော်မှ တပ်ရင်းမှူးအဆင့်ရှိသူ တစ်ဦး ထိခိုက်ခဲ့ပါကြောင်း၊ အကြမ်းဖက်အင်အား ၈၃၀ ကျော်ခန့်ရှိပါကြောင်း၊ အဆိုပါအကြမ်းဖက်အဖွဲ့တွင် သေနတ်ကိုင်အကြမ်းဖက်သမား ၃၀ ခန့်ပါရှိပြီး ကျန်သူများမှာ ဓား၊ လှံနှင့် လေးခွတို့ကို ကိုင်ဆောင်ထားပြီး သုံးနေရာခွဲ၍ ဝိုင်းဝန်းတိုက်ခိုက်ပါကြောင်း၊ တပ်မတော်အနေဖြင့် ပထမဦးစွာ အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြစ်သည့် ရော်ဘာကျည်ဆန်ဖြင့် ပစ်ခတ်ခဲ့ပါကြောင်း၊ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ခဲ့သဖြင့် တပ်ရင်းမှူးအဆင့်ရှိ တပ်မတော်အရာရှိ ထိခိုက်ခဲ့ရပါကြောင်း၊ ထိုသို့ အဝိုင်းခံထားရခြင်းသည် တပ်မတော်၏ ဂုဏ်သိက္ခာ ထိခိုက်နိုင်ပြီး တပ်မတော်သားများ ထိခိုက်နိုင်ပါကြောင်း၊ ထို့ကြောင့် ရဟတ်ယာဉ်စေလွှတ်၍ ဒဏ်ရာရသည့် တပ်မတော်စစ်ကြောင်းမှူးနှင့် တပ်မတော်သားများကို ကယ်ထုတ်ခဲ့ရပါကြောင်း၊ လက်နက်ကြီးများ၊ ဗုံးများအသုံးမပြုခဲ့ပါကြောင်း၊ ၇ ဒသမ ၆၂ ကျည်သုံး စက်သေနတ်ကိုသာ အသုံးပြုခဲ့ကြောင်း၊ တပ်မတော်သည် ဂျီနီဗာကွန်ဗင်းရှင်းမှ ချမှတ်ထားသည်ကို အတိအကျလိုက်နာပါကြောင်း၊ တပ်မတော်သားတိုင်းသည် တပ်မတော်သားတိုင်းကျင့်သုံးရမည့် ကျင့်ဝတ် ၆၀ ကို လိုက်နာကျင့်သုံးရပါကြောင်း၊ အဆိုပါကျင့်ဝတ်များကို တပ်မတော် တပ်သားအဆင့်မှ ကာကွယ်ရေးဦးစီးချုပ်အဆင့်ထိ လိုက်နာကျင့်သုံးရပါကြောင်း။

သတင်းရယူခွင့်နှင့်စပ်လျဉ်း၍ ရန်သူသည် ယူနီဖောင်းဝတ်၍ တိုက်ခိုက်နေခြင်း မဟုတ်ပါကြောင်း၊ ရန်သူ့စခန်းဘယ်နေရာမှာရှိသည်ကို အတိအကျမပြောနိုင်ပါကြောင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများမှာ ချောင်းမြောင်းတိုက်ခိုက်ခံနေရပြီး လုံခြုံမှုကို အာမခံရန်ခက်ခဲသဖြင့် စစ်ဆင်ရေးနယ်မြေအဖြစ် သတ်မှတ်ထားပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်များ၊ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**

# မောင်တောမြို့ပေါ်နှင့် မောင်တောတောင်ပိုင်းတွင် တည်ငြိမ်အေးချမ်းလျက်ရှိသည်ကို တွေ့မြင်ရ

**မောင်တော နိုဝင်ဘာ ၁၆**

မိမိတို့ သတင်းအဖွဲ့ နိုဝင်ဘာ ၁၆ ရက်တွင် မောင်တော-အလယ်သံကျော် ကွန်ကရစ်လမ်းမကြီးအတိုင်း ခရေမြိုင်ရွာဘက်သို့ သွားရောက်၍ ရခိုင်လူမှုစီးပွားတိုးတက်ရေးအဖွဲ့ (ARG) က နယ်မြေအတွင်း ကူညီထောက်ပံ့မှုများ ပြုလုပ်နေသည့်သတင်းကို သွားယူခဲ့သည်။

အပြန်တွင် ခရေမြိုင်ရွာထဲသို့ ဝင်ရောက်ပြီး ကျေးရွာဘုန်းကြီးကျောင်း ဆရာတော်ထံ ဝင်ရောက်ဖူးမြော်ခဲ့သည်။ ဆရာတော်က တိုင်းရင်းသားကျေးရွာများ၏ လုံခြုံရေးပိုမိုဆောင်ရွက်ပေးစေလိုမှု၊ ကျေးရွာနေပြည်သူများ ဘာသာ၊ သာသနာကို ပိုမိုကိုးကွယ်ဆည်းကပ်စေလိုမှုနှင့် ပိုမိုစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ရှိစေလိုမှု စသည့် စေတနာစကားများကို မိန့်ကြားခဲ့သည်။

ထို့နောက် ဗောဓိကုန်း၊ ဝေသာလီ စသည့်ကျေးရွာများကို ဖြတ်သန်းလာခဲ့ရာ စပါးရိတ်သိမ်းနေသူများ၊ ခြွေလှေ့နေသူများ၊ ရာသီသီးနှံစိုက်ပျိုးနေသူများ၊ ငါးရှာသူများ၊ ကျောင်းဆင်းလာသော ကျောင်းသား ကျောင်းသူများ၊ အငှားယာဉ် သုံးဘီးဆိုင်ကယ်များဖြင့် သွားလာနေသူများ စသည်ဖြင့် အေးချမ်းနေသော နယ်မြေအခြေအနေကို မျက်မြင်တွေ့ခဲ့ရသည်။

နိုဝင်ဘာ ၁၂ ရက် မောင်တောမြောက်ပိုင်းဖြစ်သည့် မောင်တော-ကြိမ်ချောင်းလမ်းဘက်ဖြတ်သန်းစဉ် တိုက်ပွဲဖြစ်ပွားမှုနှင့် လမ်းတွင် ကားကို မိုင်းခွဲတိုက်ခိုက်ခံရမှုသတင်းကို ကြားသိရပြီး ထိခိုက်မှုများလည်းရှိသည်ကို သိခဲ့ရသည်။ နိုဝင်ဘာ ၁၂ ရက် ညပိုင်းနှင့် ၁၃ ရက် သတင်းစာများတွင်လည်း အဆိုပါတိုက်ပွဲသတင်းနှင့်ပတ်သက်၍ သိရှိခဲ့ရပြီးဖြစ်သည်။ နောက်နေ့တွင်လည်း နယ်မြေဆက်လက်ရှင်းလင်းရေးဆောင်ရွက်နေသည့် သတင်းများကို ကြားရသည်။



မောင်တောမြို့ လမ်းများပေါ်တွင် တည်ငြိမ်အေးချမ်းသဖြင့် ဈေးရောင်းဈေးဝယ်များ၊ အနေ့းယာဉ်၊ ဆိုင်ကယ်၊ ကားတို့ဖြင့် သွားလာနေသူများကို တွေ့ရစဉ်။

မိမိတို့ နိုဝင်ဘာ ၁၃ ရက်က မောင်တောတောင်ပိုင်းဒေသဖြစ်သည့် ကံပူး၊ အလယ်သံကျော်၊ မောရဝတီ၊ ဥဒေါင်း၊ ကိုင်းကြီး၊ ဒုချီးရားတန်း၊ ရွှေဇာဟိုရ် စသည့် ကျေးရွာများကို ကားလမ်းမကြီးအတိုင်း ဖြတ်သန်းကြည့်ရှုခဲ့စဉ် နဂိုအခြေအနေအတိုင်း မဟုတ်သေးသည့်တိုင် နယ်မြေအခြေအနေ အေးချမ်းပြီး တည်တည်ငြိမ်ငြိမ်ရှိနေသည်ကို တွေ့ခဲ့ရသည်။



နယ်မြေတည်ငြိမ်အေးချမ်းသဖြင့် ဒေသခံများ စပါးခြွေလှေ့နေကြသည်ကို တွေ့ရစဉ်။

နိုဝင်ဘာ ၁၀ ရက် မောင်တောမြို့သို့ မိမိတို့ ရောက်ကတည်းက မြို့ပေါ်တွင် ဈေးဆိုင်အများစုဖွင့်လှစ်ထားခြင်း၊ ထမင်းဆိုင်များ၊ လက်ဖက်ရည်ဆိုင်များတွင်လည်း လူများစုစုဝေးဝေးဖြင့် အေးအေးချမ်းချမ်းရှိနေခြင်းတို့ကို တွေ့မြင်ရပြီး နိုဝင်ဘာ ၁၄ ရက် တန်ဆောင်မုန်းလပြည့်နေ့ကလည်း မြို့ပေါ်ဘုန်းကြီးကျောင်းများနှင့် သာသနာ့ဗိမာန်တို့တွင် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းများ၊ အလှူအတန်းများ စည်စည်ကားကား ပြုလုပ်နိုင်ကြသည်ကို တွေ့ခဲ့ရသည်။

နိုဝင်ဘာ ၁၆ ရက် မောင်တောမြို့အတွင်း လှည့်လည်သတင်းယူစဉ် မောင်တောမြို့မဈေး၌ စိန်ရွှေရတနာဆိုင်များ၊ အထည်ဆိုင်များ၊ ကုန်မာဆိုင်များ၊ စားသောက်ကုန်ဆိုင်များ၊ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်များ၊ စတိုးဆိုင်များ၊ ရေလုပ်ငန်းသုံးပစ္စည်းအရောင်းဆိုင်များ၊ နာရီနှင့် မျက်မှန်ဆိုင်၊ ခရီးဆောင်အိတ် အမျိုးမျိုးအရောင်းဆိုင် စသည်တို့၌ ရောင်းဝယ်နေသူများဖြင့် အေးအေးချမ်းချမ်းရှိနေသည်ကို တွေ့ရသကဲ့သို့ ရပ်ကွက် (၂) ဈေးတွင်လည်း ဈေးရောင်းဈေးဝယ်များဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။

မောင်တောမြို့ဝန်းကျင်ရှိ ကျေးရွာများမှလည်း ၎င်းတို့ကျေးရွာမှ ထွက်ရှိသည့် သီးနှံများလာရောက်ရောင်းချခြင်း၊ လိုအပ်သည့်ပစ္စည်းများ ပြန်လည်ဝယ်ယူခြင်း စသည်တို့ကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် မောင်တောမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၊ ကမ္ဘောဇဘဏ်၊ ကမ္ဘာ့ရတနာဘဏ် စသည့်ဘဏ်ခွဲများလည်း ပြန်လည်ဖွင့်လှစ်ထားသည်ကို တွေ့မြင်ခဲ့ရပါကြောင်း မောင်တောမြို့ပေါ်နှင့် အနီးတစ်ဝိုက် အေးချမ်းတည်ငြိမ်နေမှု အခြေအနေကို ရေးသားတင်ပြလိုက်ရပါသည်။ **သတင်း-ကိုသက်နှင့် အဖွဲ့**

**ဓာတ်ပုံ-ဖိုးထောင်နှင့် မင်းထက်**

## မောင်တော-ဇင်ပိုင်ညာ-ငါးခူရ မြေသားကားလမ်းပေါ်၌ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်မိုင်းတစ်လုံး တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယနေ့နံနက် ၉ နာရီခွဲခန့်တွင် ကံပြင်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၅၀၀ ခန့်အကွာရှိ မောင်တော-ဇင်ပိုင်ညာ-ငါးခူရ မြေသားကားလမ်းပေါ်၌ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ထောင်ထားသည့် အချင်းလေးလက်မ၊ အမြင့် ရှစ်လက်မခန့်ရှိ ကားအင်ဂျင်စလစ်ဖြင့် ပြုလုပ်ထားသော ဒေသန္တရလက်လုပ်မိုင်းတစ်လုံးကို ရှာဖွေတွေ့ရှိ ရှင်းလင်းခဲ့သည်။

အဆိုပါနေရာတစ်ဝိုက်အား တပ်မတော်စစ်ကြောင်းများနှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



## မောင်တောမြို့နယ်ရှိ ကျေးရွာအချို့မှ အိမ်ထောင်စုများ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်မှခေတ္တစွန့်ခွာ

**မောင်တော နိုဝင်ဘာ ၁၆**

မောင်တောမြို့နယ် သရက်အုပ်ကျေးရွာမှ လူငါးဦးပါ အိမ်ထောင်စုတစ်စုသည် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နေရပ်မှ ခေတ္တစွန့်ခွာလာရာ မောင်တောမြို့နယ် သာသနာ့ဗိမာန်တော်သို့ ယနေ့ညနေပိုင်းတွင် ရောက်ရှိလာသည်။

မောင်တောမြို့နေ ကိုဝင်းသိန်းက "အခုညနေ သရက်အုပ်က နေရပ်ကို စွန့်ခွာလာတဲ့ အိမ်ထောင်စုတစ်စုကို ကျွန်တော်တို့ မောင်တောမြို့နယ် သာသနာ့ဗိမာန်တော်မှာ နေရာချပေးထားပါတယ်။ သူတို့က ကျွန်တော်တို့ တိုင်းရင်းသားတွေပါ။ ဖားဝပ်ချောင်းကလာတဲ့ ကားတစ်စီးကတော့ ဘူးသီးတောင်အထိ ဆက်တက်သွားတယ်။ သူတို့လည်းကြောက်လို့ နေရပ်စွန့်ခွာလာတာလို့ ပြောပါတယ်။ အိမ်ထောင်စုဝင် အရေအတွက်တော့ မသိလိုက်ပါဘူး"ဟု ပြောသည်။



သရက်အုပ်ကျေးရွာမှ ခေတ္တတိမ်းရှောင်လာသူ ဒေါ်ဖြူယိုင်စိန်က "ကျွန်မတို့က သရက်အုပ်က ထွက်လာတာပါ။ အားလုံးငါးယောက်ပါ။ ဟိုမှာယောကျ်ားနဲ့ သမက်ကျန်ခဲ့ပါတယ်။ သရက်အုပ်ကဆေးမှူးကားနဲ့ အကူအညီတောင်းပြီး လိုက်လာတာပါ။ လုံခြုံရေးကားတွေ့လို့ သူတို့ရဲ့ကားနောက်က ခွင့်တောင်းပြီး လိုက်ခဲ့တာပါ။ ကျန်တဲ့သူတွေလည်း စိုးရိမ်နေကြပါတယ်။ ကူညီမယ့်သူမရှိလို့ပါ။ နေ့ရောညရော မအိပ်ရဲပါဘူး။ကောင်းကောင်းလည်း မစားနိုင်ပါဘူး။ ယောကျ်ားနဲ့ သမက် ကျန်ခဲ့တာက ဟိုမှာရှိနေတဲ့ ပစ္စည်းတွေ၊ အိမ်တွေကို စောင့်ရှောက်ဖို့ပါ။ ရွာမှာတိုင်းရင်းသားလူဦးရေက ၃၅ ယောက်ရှိပါသေးတယ်။ သူတို့တွေလည်း လာချင်နေပါတယ်။ တိုက်ပွဲဖြစ်နေတော့ ကြောက်လို့ပါ။ လုံခြုံရေးလည်းမရှိပါဘူး။ ဘယ်မှာဖြစ်နေတာလဲဆိုတော့ ဂွဆုံကျေးရွာမှာပါ။ လုံခြုံရေးချပေးရင်တော့ ပြန်နေချင်ပါတယ်"ဟု ပြောသည်။

သရက်အုပ်ကျေးရွာမှ ခေတ္တတိမ်းရှောင်လာသူ ဒေါ်ဖြူယိုင်စိန်တို့မိသားစုတွင် ကလေးငယ်သုံးဦးနှင့် အမျိုးသမီးနှစ်ဦးပါဝင်ကာ သရက်အုပ်ကျေးရွာတွင် ကျန်ရှိနေသည့် တိုင်းရင်းသားများသည်လည်း လုံခြုံရေးပေးနိုင်မည့် အချိန်ကို စောင့်နေကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# အစိုးရဝယ်ယူရေးလုပ်ငန်းများသည် ပွင့်လင်းမြင်သာမှုရှိ၍ တရားမျှတလျက် အဂတိ ကင်းစင်ရန်လိုအပ်

**နေပြည်တော် နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံသည် ပြည်သူဗဟိုပြုစီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိပြီး ထိရောက်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ဖော်ဆောင်ချက်အရ အစိုးရဝယ်ယူရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ Park Royal Hotel တွင် ကျင်းပသည့် အာဆီယံအစိုးရဝယ်ယူရေးဆိုင်ရာ အသိပညာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ယေဘုယျအားဖြင့် အစိုးရဝယ်ယူရေးသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်း(ဂျီဒီပီ)၏ ၁၀ ရာခိုင်နှုန်း-၂၀ရာခိုင်နှုန်း ပမာဏခန့် တန်ဖိုးရှိသဖြင့် အစိုးရဝယ်ယူရေးလုပ်ငန်းများသည် ပွင့်လင်းမြင်သာမှုရှိ၍ တရားမျှတလျက် အဂတိ ကင်းစင်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသည် အစိုးရဝယ်ယူရေး၌ ၂၀၁၁ ခုနှစ်မှ စတင်ကာ အိတ်ဖွင့်တင်ဒါစနစ်ကို ကျင့်သုံးခဲ့ရာ ပွင့်လင်းသော ယှဉ်ပြိုင်မှုဖြစ်ပေါ်လာခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတရုံးက ၂၀၁၃ခုနှစ်တွင် ဝန်ကြီးဌာန အသီးသီး၏ အစိုးရဝယ်ယူရေးလုပ်ငန်းများ တစ်ပြေးညီ



ဖြစ်စေရန် ညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့ကြောင်း။

ယခုအခါ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ အစိုးရ ဝယ်ယူရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် အစိုးရဝယ်ယူရေး ဥပဒေတစ်ရပ်ရေးဆွဲရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှီးနှောဖလှယ်ပွဲမှ အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်း နိုင်ငံအချို့၌ အစိုးရဝယ်ယူရေးဥပဒေနှင့် ညွှန်ကြားချက်များ ရေးဆွဲ၍ မည်သို့ကြိုးပမ်းဆောင်ရွက်ကြသည်ကို လည်းကောင်း၊ အစိုးရဝယ်ယူရေးနှင့် ဒေသဆိုင်ရာ ကုန်သွယ်ရေး သဘောတူညီချက်များ ဆက်နွှယ်ပုံကိုလည်းကောင်း လေ့လာနိုင်မည်ဖြစ်၍ မြန်မာနိုင်ငံ၏ အစိုးရဝယ်ယူရေး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံကိုယ်စားလှယ် Mr.Abudalaye Seck က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ကမ္ဘာ့ဘဏ်မှ အာဆီယံနိုင်ငံများမှ အစိုးရဝယ်ယူရေးဆိုင်ရာ အရာထမ်းများကို ယခုကဲ့သို့ မြန်မာနိုင်ငံ၏ အစိုးရဝယ်ယူရေး အသိပညာ နှီးနှောဖလှယ်ပွဲ၌ တွေ့ရသဖြင့် ဝမ်းသာမိကြောင်း၊ အစိုးရ ဝယ်ယူရေးဆိုင်ရာ အရာထမ်းများကို ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် အသိပညာမျှဝေရန်၊ ဒေသအတွင်း အစိုးရပစ္စည်းဝယ်ယူရေးကိစ္စများ ညီညွတ်မှုရှိစေရန်နှင့် အစိုးရဝယ်ယူရေးကို အသက်မွေးပညာရပ်တစ်ခုအဖြစ် ခံယူလာစေရန်အတွက် ဆောင်ရွက်နိုင်မည်ဟု ရည်ရွယ်ပါကြောင်းနှင့် မြန်မာနိုင်ငံသည် အစိုးရဝယ်ယူရေးစနစ် ထူထောင်ရာတွင် ယခုနှီးနှောဖလှယ်ပွဲမှများစွာအထောက်အကူရရှိမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

ဖိုရမ်ကို နိုဝင်ဘာ ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

# နယ်စပ်ကူးလူးဆက်ဆံရေးအလေးထားသည့် စတုတ္ထအကြိမ် မြန်မာ-တရုတ် (ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၆**

စီးပွားရေး၊ လူမှုရေး၊ပညာရေး စသည့်ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ကြုံတွေ့နေရသည့် အခက်အခဲများကို ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဖြေရှင်းရေးအတွက် စတုတ္ထအကြိမ် မြန်မာ-တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို နေပြည်တော်၌ နိုဝင်ဘာ ၁၆ ရက်တွင် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နယ်ပယ်ကဏ္ဍအသီးသီးနှင့် ပတ်သက်၍ အောင်မြင်မှုများနှင့် ကြုံတွေ့နေရသည့် ပြဿနာများကို မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အနေဖြင့် နိုင်ငံ ခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် တရုတ်ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာ လျူဟွေ့ရန်တို့က ဦးဆောင်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

မြန်မာနှင့် တရုတ် အထူးသဖြင့် မြန်မာနိုင်ငံဘက်မှ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ယူနန်ပြည်နယ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် ကျင်းပသည့် ဆွေးနွေးပွဲဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက ပြောကြားသည်။

နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုရာတွင် ဗဟိုအစိုးရချင်းပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများလည်းရှိပြီး ယခုကျင်းပသည့်ဖိုရမ်မှာ နယ်စပ်ချင်းထိစပ်နေသည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ယူနန်ပြည်နယ်တို့ကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး ကဏ္ဍနှင့် ပညာသင်ကိစ္စရပ်များကို အဓိကထား ဆွေးနွေးခြင်းဖြစ်ကြောင်းနှင့် ယနေ့ဆွေးနွေးပွဲကို ဝန်ကြီးဌာနပေါင်းစုံမှ တာဝန်ရှိသူများတက်ရောက်ပြီး ကြုံတွေ့နေရသည့် အခက်အခဲများကို ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ဦးကျော်ဇေယျက ဆက်လက်ပြောကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍအတွက် ရွှေလီ-မူဆယ်နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် အမြန်ဆုံးပေါ်ထွန်းလာရေး တွန်းအားပေးဆောင်ရွက်ရန် နှစ်ဖက်စလုံးမှ သဘောတူညီခဲ့ကြသည်။ တရုတ်နိုင်ငံထုတ် မော်တော်ယာဉ်များကို ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် မြန်မာနိုင်ငံသို့ တင်ပို့ရောင်းချရေးအတွက် ဆွေးနွေးခဲ့ကြပြီး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ဆန္ဒရှိခဲ့ကြသည်။

ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ ထွက်ရှိသော ဒေသထွက်သီးနှံများကို ယူနန်ပြည်နယ်သို့ တိုက်ရိုက်တင်ပို့ခွင့်ရရှိရေးနှင့် ဆန်တင်ပို့မှုများ၊ သီးနှံတင်ပို့မှုများအတွက် ငွေပေးချေရာတွင် ကြန့်ကြာမှုနှင့် ဈေးနှိမ်မှုမရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးစေလိုကြောင်း မြန်မာနိုင်ငံဘက်မှ ဆွေးနွေးခဲ့သည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံက စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းတွေ တရုတ်နိုင်ငံဘက်ကို အကန့်အသတ်နဲ့ တင်ပို့နေရပါတယ်။ တရုတ်နိုင်ငံဘက်ကတော့ မြန်မာနိုင်ငံဘက်ကို အကန့်အသတ်မရှိ တင်သွင်းနေပါတယ်။ ဒါကိုဖြေလျှော့ပေးဖို့ ဆွေးနွေးခဲ့ပါတယ်"ဟု ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုးညွန့်က ပြောကြားသည်။

"ရွှေလီမှာ ဝယ်တဲ့ပစ္စည်းတွေ မြန်မာနိုင်ငံထဲသွင်းမယ်ဆိုရင် အခွန်မပေးရပါဘူး။ ဒါပေမယ့် ကချင်ပြည်နယ်ကို သွင်းမယ့်လမ်းကြောင်းမှာဆိုရင် တရုတ်နိုင်ငံထဲမှာတင် အခွန်ကောက်တဲ့အတွက် ရွှေလီဘက်နဲ့ ကျွန်တော်တို့ဘက်မှာ ပစ္စည်းတွေ ဈေးနှုန်းကွာနေတယ်။ အခွန်ကောက်တဲ့အတွက် တရားမဝင်ကုန်သွယ်မှုတွေလည်း ရှိနေတဲ့အတွက် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ဖို့ ဆွေးနွေးခဲ့ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။



မြန်မာ-တရုတ် နယ်စပ်မြို့များမှတစ်ဆင့် မြန်မာ အလုပ်သမားများ တရားဝင်သွားရောက် လုပ်ကိုင်နိုင်ရေး၊ ရသင့်ရထိုက်သည့်အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ နှစ်နိုင်ငံအလုပ်သမားရေးရာကိစ္စရပ်များ ဆွေးနွေးနိုင်ရေးအတွက် မြန်မာ-တရုတ်အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်လက်မှတ်ရေးထိုးနိုင်ရေး တွန်းအားပေးဆောင်ရွက်ရန် နှစ်ဖက်သဘောတူညီခဲ့ကြသည်။

ယူနန်ပြည်နယ်အစိုးရနှင့် ရှမ်းပြည်နယ်အစိုးရကြား မျှတသည့် ကုန်သွယ်မှုရရှိရေး၊ ဖြေလျှော့သည့် စီးပွားရေးစနစ်ကျင့်သုံးရေး၊ နယ်စပ်ဒေသများ ငြိမ်းချမ်းရေးအတွက် တရုတ်အစိုးရက တတ်နိုင်သမျှ ကူညီထောက်ပံ့ပေးရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရေးနှင့် တရားမဝင်ကုန်သွယ်မှုကို နှစ်နိုင်ငံညှိနှိုင်းထိန်းချုပ်သွားရေးတို့ကို ဆွေးနွေးခဲ့ကြောင်း ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က ပြောကြားသည်။

"အခုလောလောဆယ်မှာတော့ မျှတတဲ့ကုန်သွယ်မှုမရှိဘူး။ ဆွေးနွေးပွဲရလဒ်တွေကို တကယ်အကောင်အထည်ဖော်ဖို့လိုပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

နှစ်နိုင်ငံနယ်စပ် တရားဥပဒေစိုးမိုးရေးအတွက် ပြည်ထဲရေးနှင့် မူခင်းတိုက်ဖျက်ရေးဌာနများ ပူးပေါင်း၍ လက်နက်နှင့် မူးယစ်ဆေးဝါးမှောင်ခိုမှု၊ လူကုန်ကူးမှု၊ တရားမဝင် ဝင်/ထွက်မှု ပြဿနာများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတို့တွင် ထိရောက်စွာပူးပေါင်းဆောင်ရွက်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

**သတင်း-အေဝမ်းစိုး**

**ဓာတ်ပုံ-သတင်းစဉ်**

**✪ စာမျက်နှာ ၇ မှ**

သို့မဟုတ် အမြဲတမ်း ပိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်ပါကြောင်း၊ ထို့ကြောင့် တရားဝင် မှတ်ပုံတင်ခြင်းမရှိဘဲ ဈေးကွက်အတွင်းရောင်းချနေသော လက်ဖက်ခြောက်များကို စားသုံးသူမှ ထိခိုက်နစ်နာမှုရှိကြောင်း တိုင်ကြားလာပါက ကွင်းဆင်းစစ်ဆေးပြီး သက်ဆိုင်ရာ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များထံတင်ပြ၍ ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင်၏ **လဟယ်မြို့နယ်ရှိ ပုံညို၊ နန်းယွန်းမြို့နယ်ရှိ ပန်ဆောင်နှင့် လေရှီးမြို့နယ်ရှိ ဆွမ်ပရာဘွမ်တို့တွင် နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ခြင်း မရှိသေးသည့်မှာ အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ဆွမ်ပရာဘွမ်၊ လဟယ်မြို့နယ် ပုံညို၊ နန်းယွန်းမြို့နယ် ပန်ဆောင်တွင် နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေးအတွက် နယ်စပ်ဈေးများဖွင့်လှစ်ရာတွင် လိုက်နာရမည့် နယ်စပ်ဈေးများစီမံခန့်ခွဲမှုနည်းလမ်း (Mode of Operation) အား နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်ပြီးမှသာ နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေအရ လုံခြုံရေးအခြေအနေနှင့် နယ်နိမိတ် တိုင်းတာမှုလုပ်ငန်းစဉ်များ မပြီးပြတ်သေးသဖြင့် လျာထားနေရာအားလုံး၌ ဖွင့်လှစ်ရန် အဆင်သင့် မဖြစ်သေးပါကြောင်း၊ မြန်မာ-အိန္ဒိယ နယ်နိမိတ်ကိစ္စရပ်များ ပြီးစီးပါက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နယ်စပ်ဈေးများကို ဆက်လက်ဖွင့်လှစ်နိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိအချိန်တွင် နယ်စပ်ဈေးများဖွင့်လှစ်ရာတွင် လိုက်နာရမည့် နယ်စပ်ဈေးများ စီမံခန့်ခွဲမှုနည်းလမ်း (Mode of Operation) မူကြမ်းအား နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင်၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာ စိန်မြအေး၊ မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူနှင့် လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်စည်သူတို့၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာမေးခွန်းများကိုလည်း ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်း**တို့နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအား အမည်စာရင်းတင်သွင်းနိုင် ကြေညာသည်။

**(သတင်းစဉ်)**

## ကန်ဒဲလ်ဂျန်ဒါ၏ အင်စတာဂရမ် စာမျက်နှာကို ပိတ်သိမ်း

ဟောလိဝုဒ်ရဲ့ ထိပ်တန်းမော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ကန်ဒဲလ်ဂျန်ဒါက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတွေထဲက တစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာကို ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း ဖောက်ဇ်နယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဟောလိဝုဒ်ထိပ်တန်းကြယ်ပွင့်က ပြီးခဲ့တဲ့ သီတင်းပတ်အဆုံးမှာ ယခုလိုအင်စတာဂရမ်စာမျက်နှာကိုပိတ်သိမ်းခဲ့တာဖြစ်ပြီး ယင်းစာမျက်နှာမှာ သူ့ရဲ့ ပရိသတ်ပေါင်း ၆၈ သန်းကျော် ရှိနေပြီဖြစ်ကြောင်းလည်း သိရပါတယ်။

အသက် (၂၁)နှစ်အရွယ် မော်ဒယ်လ် ကန်ဒဲလ်ဂျန်ဒါရဲ့ အစ်မဖြစ်သူ ကမ်ကာဒါးရှီးရန်းကလည်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ လှုပ်ရှားမှုတွေကို အမြဲဖော်ပြလေ့ရှိတဲ့ အနုပညာရှင်တစ်ဦးဖြစ်ပေမယ့် ပြီးခဲ့တဲ့လအတွင်း ပဲရစ်ဟိုတယ်မှာ သူ့ရဲ့ရတနာတွေ ဖောက်ထွင်းခိုးယူခြင်း ခံခဲ့ရမှုအပြီး အင်စတာဂရမ်စာမျက်နှာပေါ်မှာ သူ့ကို တွေ့ရလိုက်၊ မတွေ့ရလိုက်ဖြစ်နေပါတယ်။ အလားတူ ကန်ဒဲလ်ဂျန်ဒါကလည်း ယခုနှစ် ဩဂုတ်လအတွင်း သူရဲ့ ဟောလိဝုဒ်ပေးက နေအိမ်သို့အပြန် အသက် (၂၆)နှစ်အရွယ် လူတစ်ဦးက သူ့ရဲ့ကားနောက်ကို နောက်ယောင်ခံလိုက်တာခံရပြီးတဲ့နောက် ထိတ်လန့်တုန်လှုပ်နေပြီး ယခုလိုလူမှုကွန်ရက်မီဒီယာကို ပိတ်သိမ်းခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် ကန်ဒဲလ်ဂျန်ဒါက သူရဲ့ အခြားသော လူမှုကွန်ရက်မီဒီယာတွေဖြစ်တဲ့ ဖေ့စ်ဘွတ်ခ်စာမျက်နှာနဲ့ တွစ်တာအကောင့်တွေကိုတော့ ပိတ်သိမ်းခြင်းမရှိသေးပါဘူး။



အေးပြည့် - ရေးသားသည်



## တရုတ်နိုင်ငံမှာ ယှဉ်ပြိုင်ရမယ့်ပြိုင်ပွဲအတွက် ပြင်ဆင်နေတဲ့

# ခင်အင်ကြင်းကျော်

မင်း လု သား

**တရုတ်နိုင်ငံတွင် လာမည့်နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပမည့် Miss Tourism Queen of the Year International ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် ခင်အင်ကြင်းကျော် ပြင်ဆင်လျက်ရှိသည်။ ထို့ကြောင့် အလှမယ် ခင်အင်ကြင်းကျော်၏ ပြိုင်ပွဲအတွက် ပြင်ဆင်နေမှုများကို ကြေးမုံပရိသတ်အတွက် တင်ပြလိုက်ရပါသည် . . . .**

**လတ်တလောအနုပညာလှုပ်ရှားမှုအကြောင်းပြောပြပေးပါ။**

အခုလတ်တလော အနုပညာလှုပ်ရှားမှုတွေကတော့ ရှိုးပွဲတွေလျှောက်ဖြစ်တယ်။ ကြော်ငြာတွေလည်း ရိုက်ဖြစ်ပါတယ်။ အခုလတ်တလောမှာတော့ တရုတ်နိုင်ငံမှာယှဉ်ပြိုင်ရမယ့် ပြိုင်ပွဲအတွက် ပြင်ဆင်နေပါတယ်။

**တရုတ်နိုင်ငံမှာ ယှဉ်ပြိုင်ရမယ့်ပြိုင်ပွဲအကြောင်းပြောပြပေးပါ။**

တရုတ်နိုင်ငံမှာသွားပြိုင်ရမယ့် ပြိုင်ပွဲကတော့ Miss Tourism Queen of the Year International ပြိုင်ပွဲဖြစ်ပြီး မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် တရုတ်နိုင်ငံ ရှန်ဟိုင်းမှာ သွားပြိုင်ရမှာပါ။ ကျွန်မကို ပြိုင်ဖို့စေလွှတ်တာက Style Plus H က တီချယ်လှနုထွန်းပါ။ သူကရွေးချယ်ပြီး စေလွှတ်တာဖြစ်ပါတယ်။ ကျွန်မအခုခရီးသွားလုပ်ငန်းနဲ့ပတ်သက်တာတွေ လေ့လာနေပါတယ်။ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တဲ့ စာတွေလည်းဖတ်ဖြစ်ပါတယ်။ အမျိုးသားဝတ်စုံအတွက်ကိုလည်း သေချာပြင်ဆင်နေတယ်။ Body အတွက် Gym ကစားနေတယ်။ ကျွန်မ မော်ဒယ်လုပ်တာ နှစ်နှစ်ကျော်လောက်ရှိပြီ။ Miss လောကကိုကျတော့ ပထမဆုံးပွဲကြီးအနေနဲ့ Miss Golden land 2015 ပြိုင်ပွဲကို စပြိုင်ခဲ့တယ်။ Miss International Myanmar ပြိုင်ပွဲကိုလည်းပြိုင်ခဲ့ပါတယ်။ နောက် Miss Asia Myanmar 2015 ပြိုင်ပွဲမှာ Photogenic ဆုကိုရရှိခဲ့တယ်။

**ငယ်ဘဝဖြတ်သန်းမှုကရော။**

ကျွန်မက ငယ်ငယ်တုန်းက တော်တဲ့အထဲမှာတော့ မပါဘူး။ ပုံမှန်ပါပဲ။ ဒါပေမယ့် လုပ်တဲ့အလုပ်တိုင်းကို အကောင်းဆုံးလုပ်တယ်။ သာမန်ဘဝလေးပါပဲ။ မိသားစုဝင် လေးယောက်ရှိတယ်။ အစ်မတစ်ယောက်ရှိတယ်။ ကျွန်မကတော့အငယ်ပါ။ အနုပညာမျိုးရိုးလည်း မရှိပါဘူး။ ကျွန်မငယ်ငယ်ကတည်းက မော်ဒယ်တအားလုပ်ချင်ခဲ့တာ။ မင်းသမီးလုပ်ချင်တာမဟုတ်ဘဲ၊ မော်ဒယ်သီးသန့်ပဲ လုပ်ချင်တာ။ မော်ဒယ်သင်တန်းကို အရင်တက်မယ်ပေါ့။ ဆရာဂျွန်လွင်ဆီမှာ သင်တန်းတက်တယ်။ သင်တန်းဆင်းတော့ အသစ်လည်း ဖြစ်တယ်၊ အသိလည်းသိပ်မရှိတော့ ရှိုးပွဲတွေ မလျှောက်ရသေးဘူး။ ဒါပေမယ့် ကူညီပေးတဲ့သူတွေရှိတော့ အဆင်ပြေပါတယ်။ နောက် တေးဗီဒီယို ရိုက်တယ်။ ရှိုးပွဲတွေလျှောက်တယ်။ အခုတော့ သေချာလေး လုပ်ဖြစ် နေပါပြီ။ အဲဒီတုန်းကတော့ တော်တော်ခက်ခဲခဲ့ပါတယ်။

**ပြိုင်ပွဲအတွက်ပြင်ဆင်နေမှုအပိုင်းကိုလည်း ပြောပြပေးပါ။**

ကျွန်မအခုပြိုင်ရမယ့်ပွဲမှာ တရုတ်စကားနဲ့ အင်္ဂလိပ်စကားပြောကျွမ်းကျင်ဖို့ လိုအပ်တဲ့အတွက်ကြောင့် လေ့လာပြင်ဆင်နေပါတယ်။ ကျွန်မရှေ့က ပြိုင်ခဲ့တဲ့ အစ်မကိုလည်း အတွေ့အကြုံတွေ မေးဖြစ်တယ်။ ဘာတွေလိုအပ်လဲ၊ ဘာတွေပြင်ဆင်သွားရမလဲ မေးတယ်။ အရင်ကပြိုင်ခဲ့တဲ့ အစ်မကလည်း မြန်မာနိုင်ငံကိုယ်စားပြုအနေနဲ့ အကောင်းဆုံးကြိုးစားသွားဖို့ ပြောပါတယ်။ သူ့တုန်းကလည်း အကောင်းဆုံး ကြိုးစားခဲ့တယ်။ အဲဒီတုန်းက အမျိုးသားဝတ်စုံကို ထိပ်တန်းသုံးဦးမှာ ဝင်ခဲ့တယ်။ Miss Toursim ဖြစ်တဲ့အတွက် အမျိုးသားဝတ်စုံကို မြန်မာနိုင်ငံမှာ ဘာတွေဝတ်တယ်ဆိုတာကို သူတို့သိချင်မှာပဲဆိုတော့ ကျွန်မကို အကောင်းဆုံးပြင်ဆင်ဖို့ အရင်ပြိုင်ခဲ့တဲ့ အစ်မက မှာပါတယ်။ အမျိုးသားဝတ်စုံကို ယက္ခမယ်တော်ပုံစံပြိုင်ဖို့ စီစဉ်ထားတယ်။ ပြိုင်ပွဲက နိုဝင်ဘာ ၂၇ ရက်မှာ ပြိုင်ရမှာပါ။

**အနုပညာနဲ့ပတ်သက်ပြီး ရှေ့ဆက်ဖို့ဘယ်လို ရည်မှန်းထားလဲ။**

ပြိုင်ပွဲပြီးသွားရင် ကျွန်မ အနုပညာအလုပ်တွေ ဆက်လုပ်သွားမှာပါ။ အရင်ကထက်ပိုလည်း ကြိုးစားမှာပါ။ အခု ရုပ်ရှင်ရိုက်ဖို့ ခေါ်တာ ပြိုင်ပွဲနဲ့တိုက်နေတယ်။ ကျွန်မအနေနဲ့ ရုပ်ရှင်ရိုက်ဖို့လည်း အဆင်သင့်မဖြစ်သေးဘူး။ ဇာတ်လမ်းကလည်း Miss တွေကို ပြန်ပေးဆွဲတဲ့ကား။ ကျွန်မ ပြန်ရောက်လာရင်တော့ ရိုက်ဖို့ စဉ်းစားထားတယ်။ ကျွန်မက သရုပ်ဆောင်ပိုင်းအားနည်းနေသေးတော့ သေချာပြင်ဆင်ရမယ်။ တေးဗီဒီယိုတွေ ရိုက်မယ်။ ရှိုးပွဲတွေလျှောက်မယ်။ မော်ဒယ်အပိုင်းကို ပိုပြီး လုပ်ဖြစ်မယ်။ သီချင်းဆိုဖို့လည်း ရှိပါတယ်။ ဂီတလည်း ဝါသနာပါတယ်။ မွေးနေ့ပွဲတွေမှာတော့ သီချင်းဆိုဖူးတယ်။ ရှိုးပွဲတွေမှာတော့ မဆိုဖူးဘူး။ ပြိုင်ပွဲတွေမှာ အကောင်းဆုံးအရည်အချင်းကို ပြပါဆိုရင် တိုက်ကွမ်ဒိုပြတယ်။ သီချင်းဆိုပြတယ်။ တိုက်ကွမ်ဒိုကတော့ ကျောင်းသားဘဝကတည်းက ကစားဖြစ်တာပါ။

**အားပေးတဲ့ ပရိသတ်တွေကို ပြောကြားလိုတာက။**

ကျွန်မပြိုင်ပွဲကို အကောင်းဆုံးကြိုးစားမှာပါ။ ဆရာသမားတွေရဲ့ ကျေးဇူးကိုလည်းမမေ့ပါဘူး။ ကျွန်မ ပြိုင်ပွဲကပြန်လာရင် အနုပညာအလုပ်ကို အရင်ကထက် ပိုပြီးအားစိုက်ပြီးလုပ်မယ်။ ကျွန်မနဲ့ လိုက်ဖက်မယ့် ဇာတ်ကောင်စရိုက်ဆိုရင် ရိုက်ဖြစ်မယ်။ သီချင်းဆိုတာ ဝါသနာပါတော့ သီချင်းဆိုဖို့လည်း လုပ်ဖြစ်မယ်။ အားပေးကြတဲ့ ပရိသတ်တွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်ရှင့်။

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၁၇-၁၁-၂၀၁၆(ကြာသပတေးနေ့)

| | |
|---|---|
| ၆:၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၃၅ | "ကယားရိုးရာတူရိယာပြုလုပ်ခြင်း" |
| ၈:၃၅ | "ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ" |
| ၉:၃၅ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၉:၄၅ | ASEAN Spotlight |
| ၁၀:၃၅ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၁:၃၅ | အထွေထွေသုတနှင့် ကျန်းမာရေး "နန္ဒင်းအကြောင်း" |
| ၁၂:၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၃၄) |
| ၁:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၄၂) |
| ၂:၂၀ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ကျောင်းတော်ကဇာတ်လမ်း" |
| ၂:၃၅ | Weekly Sport Info |
| ၃:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၄၃) |
| ၄:၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၄:၅၀ | "၂၀၁၆ အာဆီယံချန်ပီယံရှစ် ဆူဇူကီးဖလားပြိုင်ပွဲကို သန့်ရှင်းမျှတစွာအားပေးကြပါစို့" |
| ၅:၁၅ | Football Magazine |
| ၅:၃၅ | လက်တွေ့အသုံးချဘဏ္ဍာရေးသုတများ |
| ၆:၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၇:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၄၄) |
| ၈:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈:၃၅ | "မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှု အသိပညာပေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအကြောင်း သိကောင်းစရာစကားဝိုင်း" (ပထမပိုင်း) |
| ၉:၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၄၃) -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၃) (ဒါရိုက်တာ-ကြည်စိုးထွန်း) (ဒါရိုက်တာ-အောင်မြင့်မြတ်) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

၁၇-၁၁-၂၀၁၆(ကြာသပတေးနေ့)

| | |
|---|---|
| ၆:၀၃ | တရားတော် |
| ၇:၂၀ | မေတ္တာပို့ |
| ၇:၂၅ | ဓမ္မပူဇာတေး |
| ၇:၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈:၁၀ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈:၂၀ | ရွှေးဟောင်းသုတ |
| ၈:၃၅ | DVD Hits |
| ၈:၄၅ | ဇာတ်လမ်းတို |
| ၉:၁၅ | လျှပ်တစ်ပြက် |
| ၉:၂၅ | ဒေသန္တရဗဟုသုတအစုံစုံ အလှဖုံဖုံ |
| ၉:၄၀ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၉:၅၀ | Casual Talk |
| ၁၀:၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၀:၁၅ | မေးမြန်းစူးစမ်း |
| ၁၀:၃၅ | Cooking Art |
| ၁၁:၁၀ | သူနှင့်သူ၏သီချင်းများ |
| ၁၁:၂၅ | မြန်မာ့ရှုခင်း |
| ၁၁:၃၅ | မောင်မယ်လေးများသိစေချင် |
| ၁၁:၄၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂:၀၀ | World Wide Web |
| ၁၂:၁၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၂:၃၅ | သီချင်းလက်ဆောင် |
| ၄:၂၅ | အောင်မြင်ကျော်ကြား ခေတ်ပြားရတေးများ |
| ၄:၃၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၄:၄၅ | သီချင်းလက်ဆောင် |
| ၆:၁၅ | ရင်ခုန်လှုပ်ရှားအားကစား |
| ၆:၃၅ | အလှနတ်သမီး |
| ၇:၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လျှို့ဝှက်ခြင်း၏နောက်ကွယ် အပိုင်း(၁) - ဘောလုံးကန်ကြမယ် - အနုပညာရှင်ရဲ့ဒိုင်ယာရီ တစ်မျက်နှာ - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေရောင်ကြက်ခြေခတ်များ" အပိုင်း(၂၀) |

# ဟာရဲရားအပေါ် ဒေါသတကြီးဖြစ်ခဲ့တဲ့ အဲရစ်ဒိုင်ယာ


**အင်္ဂလန်နဲ့ စပိန်အသင်းတို့ ကစားခဲ့တဲ့ ချစ်ကြည်ရေး ခြေစမ်းပွဲမှာ အင်္ဂလန်ကွင်းလယ်လူ အဲရစ်ဒိုင်ယာက စပိန်က ဟာရဲရားက သူ့မျက်နှာအပေါ် တံတောင်နဲ့ ရည်ရွယ်ချက်ရှိရှိ တမင်တွတ်ခဲ့တယ်လို့ ပွဲပြီးချိန်မှာ ပြန်လည်ဖြေကြားခဲ့ပါတယ်။ ဒိုင်ယာက ဟာရဲရားကို ပွဲချိန်အတွင်း ဒေါသတကြီး တုံ့ပြန်ခဲ့သလို "နောက်လမှာ ကစားမယ့် ပွဲစဉ်မှာ ခင်ဗျားနဲ့ ကျွန်တော် ပြန်တွေ့ဦးမှာပေါ့" ဆိုပြီး ဒီဇင်ဘာလမှာ ကစားမယ့် မန်ယူ - စပါးပွဲကို ရည်ညွှန်းစိန်ခေါ်ခဲ့ပါတယ်။**

ဖြစ်စဉ်က အင်္ဂလန်အသင်းက စပိန်အသင်းကို နှစ်ဂိုးပြတ် ဦးဆောင်နေစဉ်မှာ ဟာရဲရားနဲ့ ဒိုင်ယာတို့ တိုက်မိခဲ့ပြီး ဒိုင်ယာက "စဉ်းစားကြည့်လေ။ အဲဒီအချိန်မှာ ကျွန်တော်က ဘောလုံးပေးပို့ပြီးဖြစ်တာကြောင့် ဘောလုံးမရှိတော့တဲ့ ကျွန်တော့်ကို သူတမင် စဝင်တိုက်တာပေါ့။ ကျွန်တော့် ပါးကို သူ့တံတောင်နဲ့ တွတ်ခဲ့တယ်လို့ ကျွန်တော်ထင်တယ်လေ။ ဒါက ကျွန်တော့်အတွက်တော့ အတော်ခံပြင်းဖို့ကောင်းတဲ့ ကိစ္စရပ်ပဲ။ သူ့ဘာရည်ရွယ်ချက်နဲ့ လုပ်တယ်ဆိုတာ ကျွန်တော် မသိပေမယ့် ဘယ်လိုလုပ်ခဲ့တယ်ဆိုတာတော့ ကျွန်တော် ကောင်းကောင်း သိပါတယ်" လို့ ပြောကြားခဲ့တာ ဖြစ်ပါတယ်။



ဒိုင်ယာက ဟာရဲရားအနေနဲ့သူ့ကို တမင်တကာ ရည်ရွယ်လုပ်ဆောင်ခဲ့တယ်လို့ယူဆတာကြောင့် အခုလို ဒေါသတကြီး တုံ့ပြန်ခဲ့တာ ဖြစ်တယ်လို့ ဖြေကြားခဲ့ပါတယ်။

ဟာရဲရားဟာ စပိန်အသင်းအတွက် ဒုတိယမြောက် ပွဲစဉ်အဖြစ် ပါဝင် ကစားခွင့်ရခဲ့ပြီးနောက် ဒိုင်ယာရဲ့ အခုလို စွပ်စွဲခံရတာဖြစ်ပါတယ်။ဟာရဲရားကတော့ ဒီကိစ္စရပ်အပေါ် နှုတ်ဆိတ်နေခဲ့ပေမယ့် ဒီဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့ အချိန်အတွင်း နှစ်ဖက်ကစားသမားတွေပါ ပါဝင်လာခဲ့ပြီး ရန်လိုတဲ့ အမူအရာတွေ ပြုခဲ့တာကြောင့် ကစားသမား စုစုပေါင်း ခြောက်ဦးအထိ အဝါကတ်ပြသ သတိပေးခံခဲ့ရပါတယ်။ ဒိုင်ယာက သူ့အနေနဲ့ ဟာရဲရားရဲ့ တောင်းပန်မှု မလို အပ်ပေမယ့် ဒီဇင်ဘာ၁၁ရက် မန်ယူနဲ့ စပါးတို့တွေ့ဆုံ မယ့် ပွဲမှာ ဟာရဲရားနဲ့ သူပြန်တွေ့ဦးမှာပဲ လို့ ဆိုပါတယ်။



## စာနယ်ဇင်းရှင်းလင်းပွဲကို မက်ဆီဦးဆောင်သပိတ်မှောက်

အာဂျင်တီးနားနှင့် ကိုလံဘီယာတို့ ပွဲစဉ်အပြီးတွင် အာဂျင်တီးနား အသင်းခေါင်းဆောင် လီယွန်နယ် မက်ဆီ ဦးဆောင်ပြီး အာဂျင်တီးနား ကစားသမား ၂၃ဦးလုံးက မီဒီယာများ၏ မဟုတ်မမှန်ရေးသားဖော်ပြမှုကြောင့် မီဒီယာသပိတ်မှောက်မှု ပြုလုပ်ခဲ့ကြကြောင်း ဂိုးလ်ဒော့ါကွန်းက ဖော်ပြသည်။ အာဂျင်တီးနားအသင်းသည် ကိုလံဘီယာအသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ကစားနိုင်ခဲ့ပြီးနောက် ယင်းသို့ကြေညာခဲ့ခြင်း ဖြစ်သည်။

အာဂျင်တီးနားတိုက်စစ်မှူး လာဗက်ဇီသည် အသင်းလေ့ကျင့်ရေး အစီအစဉ်တွင် ဆေးလိပ် သောက်သုံးခဲ့ခြင်းကြောင့် ကိုလံဘီယာနှင့် ပွဲစဉ်တွင် အရန် ကစားသမားအဖြစ်သာပါဝင်ရလိမ့်မည်ဟု အာဂျင်တီးနားရေဒီယို တစ်ခုကကြေညာခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် အာဂျင်တီးနားသတင်းထောက် ဂါဘရီယယ်က အသက်(၃၁)နှစ်ရှိ လာဗက်ဇီ ဆေးလိပ်သောက်သုံးနေသည်ကို ၎င်းကိုယ်တိုင် မြင်တွေ့ခဲ့ရသည်ဟု သူ၏ တွစ်တာ စာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။ ဂါဘရီယယ်က "မနက်ဖြန် ကိုလံဘီယာနဲ့ပွဲမှာ လာဗက်ဇီပါဝင်နိုင်မှာ မဟုတ်ပါဘူး။ ဘာကြောင့်လည်းဆိုတော့ သူညဘက် အသင်းလေ့ကျင်းရေးကွင်းအတွင်း ဆေးလိပ်သောက်နေတာကို ကျွန်တော်ကိုယ်တိုင် တွေ့ခဲ့ရပါတယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို မေးပါ" ဟု ရေးသားခဲ့ခြင်းဖြစ်သည်။

ကစားသမားတစ်ဦးကို ကွင်းအတွင်း ကစားနေချိန်တွင် လေးစားမှုပေးရမည်ဖြစ်သလို လူတစ်ဦးတစ်ယောက်၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်အပေါ် လိုက်လံဝေဖန်မှုများမှာ သူတစ်ဦး၏ ဘဝကို သတ်နေခြင်းပင်ဖြစ်ကြောင်း မက်ဆီက ထည့်သွင်းပြောကြားခဲ့သည်။ အာဂျင်တီးနား အသင်းသည် အစောပိုင်း ဘရာဇီးကို သုံးဂိုးပြတ်ဖြင့်အရှုံးနိမ့်ပြီးနောက် အမှတ်ပေးဇယား အဆင့်(၆)နေရာအထိ ရောက်ရှိခဲ့သော်လည်း ကိုလံဘီယာကို ပြန်လည်အနိုင်ကစားနိုင်သဖြင့်အမှတ်ပေးဇယား အဆင့်(၅)နေရာသို့ ပြန်လည်တက်လှမ်းနိုင်ခဲ့ရာ ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ရန် အလားအလာ ကောင်းသွားခဲ့ပြီ ဖြစ်သည်။

အခြားတောင်အမေရိက ခြေစစ်ပွဲတစ်ပွဲတွင် ချီလီအသင်းက ဥရုဂွေးအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားနိုင်ခဲ့ပြီးနောက် အမှတ်ပေးဇယား အဆင့်(၃)နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

## ယူရို-၂၀၁၆ပြိုင်ပွဲမှ သင်ခန်းစာ များစွာရရှိခဲ့ဟု ဂျိုးဟတ် ဝန်ခံ

အင်္ဂလန် ဂိုးသမား ဂျိုးဟတ်က ယူရို-၂၀၁၆ ပြိုင်ပွဲအတွင်း ဝေဖန်မှုများမှတစ်ဆင့် မြောက်မြားစွာသော သင်ခန်းစာများ ရရှိခဲ့သည်ဟု ဝန်ခံပြောကြားလိုက်သည်။ ဂျိုးဟတ်သည် ယူရိုပြိုင်ပွဲအတွင်း ဝေလနှင့် အိုက်စလန် အသင်းတို့နှင့် ပွဲစဉ်များတွင်အမှားများ ပြုလုပ်ခဲ့သောကြောင့် ဝေဖန်မှုများ ရင်ဆိုင်ခဲ့ရသလို အင်္ဂလန်အသင်း ကျရှုံးမှု၏ အဓိကတရားခံအဖြစ် စွပ်စွဲခံခဲ့ရသူဖြစ်သည်။ ပြင်သစ်မြေ၌ ကျင်းပသည့် ပြိုင်ပွဲကာလအတွင်း ပွဲစတင်မကစားမီ ဥမှင်လမ်းတစ်လျှောက် ဂျိုးဟတ် အော်ဟစ်သောင်းကျန်းခဲ့သေးသည်ကို ဗီဒီယိုမှတ်တမ်းများတွင် အထင်အရှား မြင်တွေ့ခဲ့ရ သည်။

ဂျိုးဟတ်က ယူရိုဖလား ပြိုင်ပွဲကာလအတွင်း အကောင်းဆုံးပုံစံ မရရှိခဲ့ပြီးနောက် မည်သို့ ကစားရမည် ကို စဉ်းစားကာ ပြင်ဆင်ခဲ့ခြင်းကြောင့် လက်စွမ်း ပိုမိုကောင်းမွန်လာခဲ့ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ဂျိုးဟတ်၏ အမှားကြောင့် ဝေလနှင့် ပွဲစဉ်တွင် ဂါရတ်ဘေးလ် အလွတ်တည်ကန်ဘောမှ သွင်းဂိုး တစ်ဂိုးကို ခွင့်ပြု ခဲ့ရသလို အိုက်စလန်အသင်းမှ ဆီတိုတန်၏ ဂိုးကြောင့် အင်္ဂလန်အသင်း ၁၆သင်း ရှုံးထွက်အဆင့်မှာပင် ထွက်ခွာခဲ့ရကာ စောစောစီးစီး အောင်ဖျာလိပ်ခဲ့ရသည်။ဂျိုးဟတ်သည် အင်္ဂလန် ပထမဂိုးသမားအဖြစ် ဆက်လက် ပွဲထွက်ခွင့် ရရှိနေသော်လည်း မန်စီးတီးအသင်းကို ဂွါဒီယိုလာ ကိုင်တွယ် ချိန်မှစ၍ ပွဲထွက်ကစားခွင့် ပျောက်ဆုံး သွားခဲ့သဖြင့် စီရီးအေကလပ်တိုရီနိုအသင်းသို့ အငှားဖြင့် သွားရောက် ကစားနေခဲ့သူဖြစ်သည်။



မေလွဲ့သင်း ရေးသားသည်

## လီဗာပူးအသင်း ချန်ပီယံလိဂ်ဆုဖလား ရယူဦးမည်

ဘာစီလိုနာရဲ့ ဦးစားပေး နံပါတ်ကစားသမားလို့ ရည်ညွှန်းခံထားရသူ ကော်တင်ဟိုက သူဟာ လီဗာပူးအသင်းမှာပဲ ပျော်ရွှင်နေသလို လီဗာပူးနဲ့ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးပြီးမှသာ အသင်းပြောင်းဖို့ စဉ်းစားမယ်လို့ ဆိုလိုက်ပါတယ်။ ကော်တင်ဟိုက အရင်က အင်တာမီလန်အသင်းမှာ ကစားခဲ့ဖူးပေမယ့် အောင်မြင်မှုမရရှိခဲ့ဘဲ ၂၀၁၃ခုနှစ်မှာ လီဗာပူးကို ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။ သူဟာ လီဗာပူးအသင်းမှာလည်း အရင်က ခြေစွမ်း သိပ်ပေါ်လွင်တဲ့ ကစားသမားမဟုတ်ခဲ့ဘဲ အခုနည်းပြ ဂျာဂန်ကလော့ပ် ရောက်လာပြီးနောက်ကျမှသာ ကော်တင်ဟို ခြေစွမ်းပြလာနိုင်ခဲ့တာပါ။

ကော်တင်ဟိုက ဘရာဇီးနဲ့ အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ခဲ့တဲ့ ပွဲစဉ်မှာ အံ့သြလောက်ဖွယ် အစွမ်းနဲ့ အဖွင့်ဂိုး သွင်းယူနိုင်ခဲ့ခြင်းကြောင့် လီဗာပူးပရိသတ်တွေဟာ ကော်တင်ဟိုရဲ့ သွင်းဂိုးအတွက် ကျေနပ်ရပေမယ့် တစ်ဖက်မှာ ဘာစီလိုနာအသင်းရဲ့ ခြေလှမ်းတွေ ပိုမိုရှေ့တိုးလာမှာကိုတော့ စိုးရိမ်နေကြတယ်လို့ ဆိုပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလိုပဲ ဒီပွဲအပြီး ဘာစီလိုနာနည်းပြ အင်းနရစ်က ကော်တင်ဟိုကို ခေါ်ယူလိုတယ်လို့ ပြောကြားခဲ့သလို ပြောင်းရွှေ့ကြေး ပေါင် ၆၅သန်း အထိ သုံးစွဲမယ်လို့ ပြောင်းရွှေ့ကြေးတောင် သတ်မှတ်လိုက်ပါတယ်။ ဒါပေမယ့် ကော်တင်ဟိုကတော့ လီဗာပူးအတွက် သူ အကောင်းဆုံး ကစားနိုင်ရင် ဘရာဇီးအသင်းမှာလည်း ရွေးချယ်ခံရမှာ ဖြစ်တာကြောင့် လီဗာပူးအသင်းနဲ့အတူ ချန်ပီယံလိဂ်နဲ့ ပရီမီယာလိဂ်ဖလားတွေ ရယူပေးဦးမယ်လို့ ဆိုပါတယ်။

## ကားဆီးလက်စ်နှင့် စံချိန်တူညီသွားပြီဖြစ်တဲ့ ဘတ်ဖွန်



အီတလီအသင်းခေါင်းဆောင်ဖြစ်သူ ဂိုးသမား ဘတ်ဖွန်မှာ ဂျာမနီအသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် အီတလီအသင်းအတွက် ဝင်ရောက်ကစားပေးခဲ့သည့် ပွဲစဉ် ၁၆၇ပွဲ ပြည့်မြောက်ခဲ့ပြီဖြစ်သဖြင့် စပိန်ဂိုးသမား ကားဆီးလက်စ်၏ နိုင်ငံလက်ရွေးစင်အသင်းအတွက် ကစားပေးခဲ့သည့် စံချိန်ကို လိုက်မီခဲ့ပြီဖြစ်သည်။

ဘတ်ဖွန်သည် လက်ရှိတွင် အသက်(၃၈)နှစ် ရှိပြီဖြစ်ပြီး အီတလီအသင်းအတွက် ၁၉၉၇ခုနှစ် အသက်(၁၉)နှစ်အရွယ်ကတည်းက စတင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။ လက်ရှိတွင် အေစီမီလန်ဂိုးသမား ဒိုနာရူးမားမှာ ဘတ်ဖွန်နေရာကို ဆက်ခံမည့် ဂိုးသမားအဖြစ်ရေပန်းစားနေသော်လည်း ဘတ်ဖွန်ကမူ နိုင်ငံလက်ရွေးစင် ကစားသမားအဖြစ်မှ အနားယူရန် အစီအစဉ်မရှိသေးကြောင်း တုံ့ပြန်ထားသည်။

## ဆန်းချက်ဇ်ဟာ ကမ္ဘာ့အကောင်းဆုံး ကစားသမားတွေထဲကတစ်ယောက်ပါ



တောင်အမေရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် ချီလီအသင်းက ဥရုဂွေးအသင်းအား သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ယူနိုင်ခဲ့သည့် ပွဲစဉ်တွင် ချီလီအသင်းအတွက် နှစ်ဂိုးသွင်းပေးခဲ့သူ ချီလီစတား ဆန်းချက်ဇ်မှာ ကမ္ဘာ့အကောင်းဆုံး ကစားသမားများထဲတွင် တစ်ဦး အပါအဝင်ဖြစ်ကြောင်း ချီလီလက်ရွေးစင်အသင်းနည်းပြ ပစ်ဇီက ချီးကျူးစကားဆိုခဲ့သည်။ ဆန်းချက်ဇ်သည် ကိုလံဘီယာနှင့် ပွဲစဉ်တွင် ကြွက်သား ဒဏ်ရာကြောင့် ချီလီအသင်းအတွက် ဝင်ရောက် ကစားပေးနိုင်ခြင်းမရှိခဲ့သော်လည်း ယခု ဥရုဂွေးနှင့် ပွဲစဉ်တွင် ဒဏ်ရာ အကင်းမသေသေးဘဲ အလျင်အမြန် ပြန်လည်ဝင်ရောက် ကစားပေးပြီးနောက် ယခုကဲ့သို့ အဖိုးတန်အနိုင်ဂိုးနှစ်ဂိုးကို သွင်းယူပေးခဲ့သည်။

နည်းပြ ပစ်ဇီက ဆန်းချက်ဇ်၏ တစ်ဦးချင်း စွမ်းရည်ကို ချီးကျူးခဲ့သော်လည်း ချီလီအသင်း၏ ဟန်ချက်ညီသည့် အသင်းလိုက် ကစားဟန်ကြောင့် ယခုကဲ့သို့ ခက်ခဲသည့် ပြိုင်ဘက်ကို အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း ဆိုလိုက်သည်။ ဆန်းချက်ဇ်သည် ယခု ပွဲစဉ်တွင် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် သူ၏နိုင်ငံတကာ သွင်းဂိုး ၃၆ ဂိုးအထိရောက်ရှိလာခဲ့ပြီဖြစ်ရာ ချီလီအသင်းအတွက် သွင်းဂိုးအများဆုံး စံချိန်ရှင် မာဆယ်လ်လိုဆာလက်စ်၏ သွင်းဂိုးအရေအတွက်ကို လိုက်မီရန် တစ်ဂိုးသာ လိုတော့သည်။ သို့သော် ပစ်ဇီက အာဆင်နယ်နည်းပြ ဝင်းဂါးက ချီလီအသင်းအတွက် အလျင်အမြန်ဝင်ရောက်ပေးချင်သည့် ဆန်းချက်ဇ်၏ လုပ်ဆောင်ချက်မှာ "မိမိကိုယ်မိမိ သေကြောင်း ကြံနေသည်နှင့်သာ တူနေသည်"ဟူသော ပြောကြားခဲ့မှုအပေါ် တွင် ပြန်လည်ဝေဖန်ခဲ့သည်။

# ကျွန်တော်နှင့်သူ

ငွေအောင် (ခရီးသွား)

**ယမန်နေ့မှအဆက်**

အပြန်လမ်းတွင် ခရီးသည်တင် ဘတ်စ်ကားကြီး၏ ပြတင်းပေါက်ကတစ်ဆင့် ပီနန်၏ မြို့ပြမြင်ကွင်းကို စူးစမ်းမိ၏။ ပီနန်သည် ဧရိယာစတုရန်းမိုင် ၃၉၈ ကျယ်ဝန်းသည့် ကျွန်းတစ်ကျွန်းဖြစ်၏။ မလေးကျွန်းဆွယ်နှင့် ရေခြားသော်လည်း အရှေ့တောင်အာရှတွင် အရှည်ဆုံးတံတားကြီးများထဲက တစ်စင်းအဖြစ် တည်ဆောက်ပေါင်းကူးနိုင်ခဲ့သည့်အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍသာမက လူမှုစီးပွားဘဝကိုပါ မြှင့်တင်ပေးနိုင်ခဲ့သည်။ ပီနန်၏ လူဦးရေက တစ်သန်းခွဲသာရှိ၏။ မြို့တော် ဂျော့ချ်တောင်းမှာ တတိယမြောက် အင်္ဂလိပ်ဘုရင်အမည်ကို အစွဲပြုခေါ်ဆိုခဲ့ခြင်းဖြစ်သည်။ ကျွန်းပေါ်ရှိ ရှေးဟောင်းအမွေအနှစ်များကို အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူအပေါင်းက ရင်းနှီးမှုများ စိုက်ထုတ်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြပြီး ခေတ်မီအဆောက်အအုံများကို ယင်းပရဝဏ် ပြင်ပတွင်သာ တည်ဆောက်ခဲ့သည့်အတွက် ယူနက်စကိုက ကမ္ဘာ့အမွေအနှစ် မြို့တော်အဖြစ် ၂၀၀၈ ခုနှစ်တွင် စာရင်းသွင်းခဲ့သည်။

ပီနန်သည် နိုင်ငံတကာခရီးသွားများ ကမ္ဘာအနှံ့ လှည့်လည်သွားလာရာတွင် သတင်းအချက်အလက်ရယူရန် ကိုင်ဆောင်လေ့ရှိသည့် "Lonely Plannet" စာအုပ်တွင်လည်းပတ်ရန်ကောင်းမွန်သည့် ထိပ်တန်းစာရင်းဝင် ခရီးစဉ်ဒေသတစ်ခုဖြစ်သည်။ ပီနန်တွင် ထင်ရှားမြင့်မားသော ရုံးခန်း၊ ဟိုတယ်နှင့် လူနေအထပ်မြင့်အဆောက်အအုံများစွာကို တွေ့ရ၏။ စီးပွားရေးဖွံ့ဖြိုးကြောင်း မြို့ပြလူနေမှုအခြေအနေကိုကြည့်ခြင်းဖြင့် သိရှိနိုင်၏။ ကျွန်းဒေသဖြစ်၍ နိုင်ငံတွင်းသာမက မြန်မာအပါအဝင် စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှားတို့သို့ သွားလာနေသည့် သင်္ဘောခရီးစဉ်များရှိသည်။ ဤကျွန်းငယ်ပေါ်တွင်ပင် ပြည်ပခရီးသည်များအတွက် ဆိပ်ခံတံတားနှင့် စကြ်ာကောင်းများရှိလျှင် ကျွန်တော်တို့သီလဝါတွင်လည်း ကမ္ဘာလှည့်ခရီးသည်များ အဆင်ပြေစွာ ဆင်းတက်နားခိုရန် ဤသို့သော ဝန်ဆောင်မှုတစ်ခုလောက်ရှိလျှင် ကောင်းမှာပဲ ဟူသောအတွေးဖြင့် အားကျမိသည်။

ယနေ့နံနက်အိပ်ရာမှ နိုးသည့်အခါ ဝရန်တာရှိကုလားထိုင်တွင် ထိုင်ရင်း ပင်လယ်ပြင်ကို ငေးမောမိသည်။ ထိုစဉ် ကွန်ဖရင့်တွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို မှတ်မိသလောက်စားမြုံ့ပြန်ကြည့်မိသည်။ ပညာရှင်အသီးသီးက ခရီးသွားလုပ်ငန်း၏ အနာဂတ် အလားအလာကောင်းမွန်နိုင်ကြောင်း ရှုမြင်ကြသည်။ ခေတ်မီနည်းပညာများ တိုးတက်လာပြီး အရာအားလုံးသည် အင်တာနက်ကို အခြေပြုပေါ်ထွန်းလာချိန်တွင် လုပ်ငန်းမှန်သမျှသည် စရိတ်ကုန်ကျမှုကင်းမဲ့သည့် အသိုက်အဝန်းသို့ ချဉ်းကပ်လာနေကြပြီဖြစ်သည်။

ထို့အတူ ခရီးသွားကဏ္ဍအတွင်းရှိ ဟိုတယ်၊ အစားအစာ၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းမှန်သမျှတွင် ကြားခံဆက်သွယ် စီစဉ်ဆောင်ရွက်ပေးမှုများ လျော့နည်းလာပြီး ရောင်းသူနှင့်ဝယ်သူ တိုက်ရိုက်ချိတ်ဆက်စီမံလုပ်ကိုင်လာကြသည်။ ဤနည်းဖြင့် စရိတ်ကုန်ကျမှုသိသာစွာ လျော့နည်းလာသည်။ သတင်းခေတ်တွင် ဆက်သွယ်မှုနည်းပညာ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အတူခရီးသွားလုပ်ငန်းသည်လည်း အရှိန်အဟုန်ဖြင့် ယှဉ်တွဲလိုက်ပါလာမည့် သဘောရှိသည်။ ယခင်ကလို သမားရိုးကျ ဆက်သွယ်ဆောင်ရွက်မှုစနစ်များ တဖြည်းဖြည်းလျော့နည်းပျောက်ဆုံးတော့မည်ဖြစ်ရာ ခေတ်လူငယ်မျိုးဆက်သစ်များ ဤအပြောင်းတွင် နောက်ကျမကျန်ရစ်ခဲ့ရန် ဂရုပြုရပေမည်။

မနေ့ကဆွေးနွေးခဲ့သည့်အထဲ၌ ထူးထူးခြားခြား ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် ယခင်က အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း (Public Private Partnership) ကို 3P ဟု တင်စားခေါ်ဆိုခဲ့ရာမှ ယခုအခါတွင် ပြည်သူလူထု (People) ကိုပါထည့်သွင်း၍ အလေးထားစဉ်းစားသင့်ကြောင်း တိုရင်ဇမ် မလေးရှားအဖွဲ့ အတွင်းရေးမှူးချုပ် ဒေါက်တာအောင်းက ခရီးသွားလုပ်ငန်း၏ သက္ကရာဇ် ၂၀၃၀ ပြည့် အလားအလာအပိုင်းတွင် ထည့်သွင်းဆွေးနွေးခဲ့သည်။ ခရီးစဉ်ဒေသဖွံ့ဖြိုးရေးတွင် အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများက မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းမှန်သမျှ နယ်မြေခံလူမှုအဖွဲ့အစည်း၏ ဓလေ့စရိုက်သဘောဆန္ဒတို့နှင့် ကိုက်ညီရန်လိုအပ်ကြောင်း၊ ယင်းအဖွဲ့နှစ်ရပ်၏ လုပ်ကိုင်မှုများယွင်းသွားပါက တစ်နေ့တွင် ဒေသခံပြည်သူများ ခံစားရမည်ဖြစ်ကြောင်း၊

> **ခရီးစဉ်ဒေသဖွံ့ဖြိုးရေးတွင် အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများက မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းမှန်သမျှ နယ်မြေခံလူမှုအဖွဲ့အစည်း၏ ဓလေ့စရိုက်သဘောဆန္ဒတို့နှင့်ကိုက်ညီရန်လိုအပ်ကြောင်း၊ ယင်းအဖွဲ့နှစ်ရပ်၏ လုပ်ကိုင်မှုများယွင်းသွားပါက တစ်နေ့တွင် ဒေသခံပြည်သူများ ခံစားရမည်ဖြစ်ကြောင်း. . .**

ထို့အတွက် ယနေ့အများတကာပြောဆိုနေသော 3P နှင့် ကျွန်တော်ခံယူသော 3P တို့ခြားနားပါကြောင်း ရှင်းပြခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင် ဒေါက်တာအောင်းက ကျွန်တော်နှင့် အယူအဆတူ အကြောင်းအရာတစ်ခုကို တင်ပြလိုက်သည့်အတွက် စိတ်ထဲက ငါ့အကြံသူရသွားပါလားဟု တွေးလိုက်မိသည်။

ပြီးတော့ မိမိအတွေးက ဒေါက်တာတာလပ်ရီဖဲလ်ထံ ရောက်သွားပြန်သည်။ သူနှင့် ကျွန်တော် ၂၀၁၁ ခုနှစ်လောက်ကစတင်တွေ့ဆုံခဲ့သည်။ ထိုစဉ်က အင်ဒိုနီးရှား၏ တောင်ဘက်ပိုင်း မနာဒိုးတွင် အာဆီယံခရီးသွားဖိုရမ် ကျင်းပချိန်ဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့တွင် မြန်မာနိုင်ငံပြန်လည်ဝင်ရောက်ခွင့်ရရှိရေး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးတွင် ယင်းအဖွဲ့မှ အတတ်ပညာဆိုင်ရာ အကူအညီပေးရေးတို့ ဆွေးနွေးကြရင်း ခင်မင်ခဲ့ကြသည်။ ကျွန်တော်မြန်မာပြည်ပြန်ရောက်ပြီးမကြာခင် ၎င်းက မြန်မာနိုင်ငံသို့ လာရောက်လိုပါကြောင်း စာရေးလာသည်။ ယင်းအစီအစဉ် အောင်မြင်ခဲ့၏။ ခရီးစဉ်တွင် သူလည်းပုဂံဒေသသို့ သွားရောက်လေ့လာနိုင်ခဲ့ပါသည်။

ထို့အပြင် မြန်မာနိုင်ငံအား ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်း၏ အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုနိုင်ရန်မှုအားဖြင့်သဘောတူခဲ့ပါသည်။ ထို့နောက်ဒေသတွင်း အာဆီယံခရီးသွားဖိုရမ်နှင့် နိုင်ငံတကာခရီးသွားပြပွဲများတွင် သူနှင့်တွေ့ဆုံခဲ့ပါသည်။ ၂၀၁၅ ခုနှစ် အာဆီယံခရီးသွားဖိုရမ် နေပြည်တော်တွင် ကျင်းပစဉ် သူတက်ရောက်ခဲ့ရာ ပိုမိုရင်းနှီးကျွမ်းဝင်ခဲ့ကြပါသည်။ သူက အဖွဲ့ချုပ်ရုံးစိုက်ရာ စပိန်နိုင်ငံ မက်ဒရစ်သို့ လာရောက်ရန် မကြာခဏဖိတ်ခေါ်သော်လည်း ကျွန်တော်မရောက်ဖြစ်ခဲ့ပါ။ သူ့ကျေးဇူးကြောင့် ခရီးသွားပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဆိုင်ရာ စာရင်းအင်းကောက်ယူမှုအလုပ်ရုံ ဆွေးနွေးပွဲတစ်ခုကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဒေါက်တာတာလပ်ရီဖဲလ်အကြောင်းတွေးနေစဉ် ဦးမောင်မောင်ဆွေက တံခါးလာခေါက်သဖြင့် နံနက်စာဆင်းစားရန် အခန်းထဲမှ ကသုတ်ကယက်ထွက်လာခဲ့ပါသည်။

ကွန်ဖရင့်၏ ဒုတိယနေ့တွင် တတိယအစီအစဉ်ဖြစ်သည့် ခရီးသွားလုပ်ငန်း၏ လူမှုအဖွဲ့အစည်းတစ်ခုလုံးအတွက် အလားအလာနှင့် အခွင့်အလမ်းများ ခေါင်းစဉ်အပေါ် အခြေခံ၍ ပညာရှင်တစ်ဦးက ခရီးသွားလုပ်ငန်းတွင် စီးပွားရေးပြောင်းလဲမှု၊ ဒုတိယပညာရှင်က ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု၊ တတိယပညာရှင်က လူငယ်ခရီးသွားနှင့် အများအကျိုးပြုခရီးသွားလုပ်ငန်း၊ နောက်ပညာရှင်တစ်ဦးက ကျေးလက်အခြေခံ ခရီးသွားလုပ်ငန်း အကြောင်းများကို မိမိတို့၏ အတွေ့အကြုံများ လေ့လာဆန်းစစ်ချက်မှတ်တမ်းများဖြင့် ဆွေးနွေးတင်ပြကြရာ တက်ရောက်သူအချို့က ၎င်းတို့၏အမြင်များနှင့် သိလိုသည့်အချက်များကို ဆွေးနွေးမေးမြန်းကြရာ ပညာရှင်လေးဦးက ပြန်လည်ရှင်းလင်းပြောကြားပြီးနောက် တာဝန်ခံပုဂ္ဂိုလ်က ခေါင်းစဉ်ပါ အကြောင်းအရာတစ်ခုလုံးအပေါ် ခြုံငုံဖြည့်စွက် သုံးသပ်ဆွေးနွေးခဲ့သည်။

အစီအစဉ်အရ စတုတ္ထခေါင်းစဉ်ဖြစ်သည့် ခရီးသွားဈေးသည်သာပထမ၊ ဈေးကွက်စွမ်းအားမြှင့်တင်ခြင်းကို ပညာရှင်တစ်ဦးက ခရီးစဉ်ဒေသ၏အမှတ်တံဆိပ်ဖွံ့ဖြိုးရေးကိုလည်းကောင်း၊ ဒုတိယပညာရှင်က ဆန်းသစ်သည့်ဈေးကွက်ဖန်တီးမှု အစီအစဉ်ကိုလည်းကောင်း၊ တတိယပညာရှင်က ခရီးသွားလုပ်ငန်းဆိုင်ရာ ပျော်ရွှင်ဖွယ်ရာများ ဖော်ထုတ်ရေးကိုလည်းကောင်း၊ နောက်ဆုံးပုဂ္ဂိုလ်က စတုတ္ထမြောက် စက်မှုတော်လှန်ရေးတွင် အခွင့်အလမ်းနှင့် ရင်ဆိုင်မှုများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယနေ့တင်ပြရာတွင် တောင်ကိုရီးယားမှ ရုပ်ရှင်လုပ်ငန်းဆိုင်ရာပညာရှင်က ခရီးစဉ်ဒေသ၏ အမှတ်တံဆိပ်ဖွံ့ဖြိုးရေးအကြောင်းတင်ပြရာ ကိုရီးယားရုပ်ရှင်များ၏ ဒေသတွင်း နိုင်ငံများသို့ ထိရောက်စွာထိုးဖောက်နိုင်မှု၊ အနောက်နိုင်ငံမှရုပ်ရှင်များနှင့်အပြိုင် ရင်ပေါင်တန်းတင်ဆက်နိုင်မှုများကို ဗီဒီယိုဖြင့်တင်ပြသည်။ ၎င်း၏ တင်ပြချက်အပေါ် ပရိသတ်က အထူးစိတ်ဝင်စား အားပေးကြသည်။ တောင်ကိုရီးယား၏ ရုပ်ရှင်လောကနှင့် ခေတ်မီသတင်းနှင့်နည်းပညာအဆင့် မြင့်မားမှုကို ချီးကျူးကြသည်။

ယနေ့ကိုရီးယားဇာတ်လမ်းများ မြန်မာနိုင်ငံသို့ ရောက်ရှိနေမှုနှင့် နှိုင်းယှဉ်ကြည့်လျှင် မိမိတို့ကသာမန်အဆင့်တွင်သာရှိသေးကြောင်း သုံးသပ်မိသည်။ ကိုရီးယားရုပ်ရှင်လောက၏ ဈေးကွက်မှာ ကျယ်ဝန်းသလောက် ထိုးဖောက်နိုင်စွမ်းရှိကြောင်း တွေ့ရသည်။

ဆွေးနွေးပွဲ ပြီးဆုံးသည့်အခါ မလေးရှားခရီးသွားလုပ်ငန်းဝန်ကြီးက နှုတ်ဆက်စကားပြောကြားပြီး ပဉ္စမအကြိမ်မြောက် ကွန်ဖရင့်တွင် ပြန်လည်ဆုံတွေ့ကြရန် ဆုမွန်ကောင်း တောင်းသည်။ ထို့နောက် မိတ်ဆွေများအချင်းချင်း နှုတ်ဆက်ကြရာ အများစုက ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်း အတွင်းရေးမှူးချုပ်ကို နှုတ်ဆက်လိုက်၊ ဓာတ်ပုံတွဲရိုက်လိုက်နှင့် မပြီးနိုင်အောင်ရှိသဖြင့် ကျွန်တော်နှင့် ဦးမောင်မောင်ဆွေတို့ နှစ်ယောက်မှာ သည်းခံစောင့်ဆိုင်းကြရသည်။ အတွင်းရေးမှူးချုပ်မှာလည်း ညနေလေယာဉ်ဖြင့် ခရီးဆက်မှာ ဖြစ်သည့်အတွက် ခပ်သုတ်သုတ်နှုတ်ဆက်ရင်း အခန်းထဲမှ ထွက်လာသည်။ ကျွန်တော်လည်း သူနှင့်ကပ်လိုက်လာပြီး ဓာတ်လှေကားအဝ အရောက်တွင် သူ့အားကျွန်တော့် လိပ်စာကတ်ပြားအသစ်ကိုပေးလိုက်ရာ ဒေါက်တာတာလပ်က "အဆွေတော် ဘာများပြောချင်ပါလဲ" ဟု မေးလိုက်၏။

မူလကသာမန်နှုတ်ဆက်ရန်သာ အစီအစဉ်ရှိရာ ၎င်း၏ ထူးဆန်းသောအမေးကြောင့် ကျွန်တော်အနည်းငယ် နှုတ်ဆွံ့သွားပြီးမှ ပြန်ပြောလိုက်မိသည်မှာ . . .

"အဆွေတော် အတွင်းရေးမှူးချုပ် အနေနဲ့ ကျွန်တော်တို့မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် တတ်နိုင်သမျှကူညီစောင့်ရှောက်ပေးဖို့ပါ" ဟု လိုရင်းကို စိတ်ထဲရှိသည့်အတိုင်း တုံးတိတိပြောချလိုက်မိ၏။

ဒေါက်တာတာလပ်ရီဖဲလ်က ဓာတ်လှေကားထဲရောက်မှ ကျွန်တော့်အားတစ်ချက် စူးစူးစိုက်စိုက် ပြန်ကြည့်ရင်း . . .

"စိတ်ချပါ၊ ကျွန်တော်သိပါတယ်" ဟု ပြောရင်း ဓာတ်လှေကားပိတ်သွားလေတော့သည်။ ။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဗီဒီယိုရုံ ၄၀၀၀ ရှိရာမှ ယခု ၂၇ ရုံသာရှိ

**မုံရွာ နိုဝင်ဘာ ၁၆**

မြန်မာနိုင်ငံအနှံ့အပြားတွင် ဗီဒီယိုခေတ်မှာ အရှိန်အဟုန်မြင့် ကောင်းခဲ့သောကာလများက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဗီဒီယိုပြသသောရုံမှာ ၄၀၀၀ ကျော်အထိရှိခဲ့ရာမှ ခေတ်စနစ်အခြေအနေအရ ယခုအခါ တိုင်းဒေသကြီးအတွင်း ဗီဒီယိုရုံမှာ ၂၇ ရုံသာရှိတော့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လင်းထံမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဗီဒီယိုခွေဖြန့်ချိရေး ၉၁ ဆိုင်၊ ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း ၃၁ ဆိုင်၊ ဗီဒီယိုခွေအငှားဆိုင် ၂၉၄ ဆိုင်၊ ဗီဒီယိုပြသရေးရုံ ၂၇ ရုံနှင့် ကာရာအိုကေဖျော်ဖြေရေးဆိုင် ၇၀ တွင် အခန်းပေါင်း ၄၉၀ ရှိကြောင်း လိုင်စင်ပြုလုပ်ထားသည့်အပေါ် အခြေခံ၍ တိုင်းဒေသကြီး ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနမှ သိရသည်။

"၁၉၈၀ ခုနှစ်ခန့်က ရုပ်မြင်သံကြားပြစက်နဲ့တွဲပြီးပြနိုင်တဲ့ ဗီဒီယိုပြစက်တွေ မြန်မာနိုင်ငံထဲကို ရောက်ရှိလာပြီး ဗီဒီယိုဝေါဟာရရယ်လို့ ပေါ်ပေါက်ခဲ့တယ်။ ၁၉၈၅ ခုနှစ်မှာ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်(၁၂)နဲ့ ရုပ်မြင်သံကြားနဲ့ ဗီဒီယိုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၆ ခုနှစ်မှာ အဲဒီဥပဒေကိုပယ်ဖျက်ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရဲ့ ဥပဒေအမှတ် (၈/၉၆)ကို ရုပ်မြင်သံကြားနဲ့ ဗီဒီယိုဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီ ဥပဒေအရ ရုပ်မြင်သံကြားဖမ်းစက်နဲ့ ဗီဒီယိုဖွင့်စက်တွေအတွက် လိုင်စင်ခသတ်မှတ်တာ၊ ပေးဆောင်စေတာကို ဆက်သွယ်ရေးစာတိုက်နဲ့ ကြေးနန်းဝန်ကြီးဌာနက တာဝန်ခံဆောင်ရွက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနဟာ ရုပ်မြင်သံကြားနဲ့ ဗီဒီယိုဥပဒေမှာပါဝင်တဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိ၊ မရှိကို စိစစ်ဆောင်ရွက်ပေးရပါတယ်"ဟု ဦးဇော်လင်းက ပြောသည်။

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေတွင်စီးပွားရေး အလို့ငှာ ဗီဒီယိုလုပ်ငန်းများကို လုပ်ကိုင်စေခြင်းနှင့် ဗီဒီယိုဆင်ဆာအဖွဲ့ ဖွဲ့စည်း၍ ဗီဒီယိုတိပ်ခွေများ စစ်ဆေးခြင်းလုပ်ငန်းများကို ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း သိရသည်။ ဗီဒီယိုလုပ်ငန်းများကို စီးပွားရေးအလို့ငှာ ဆောင်ရွက်နိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီနှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့ကို ဖွဲ့စည်း၍ လုပ်ငန်းများဆောင်ရွက်နေခြင်းဖြစ်ပြီး ယခုအခါ ရုပ်ရှင်ရုံလိုင်စင် 3D;5D;7D ဗီဒီယိုရုံလိုင်စင်များ၊ ပရိုဂျက်တာရုံလိုင်စင်များ၊ ကာရာအိုကေလိုင်စင်များ၊ ဗီဒီယိုဖြန့်ချိရေးလိုင်စင်များ၊ ဗီဒီယိုရိုက်ကူးရေးလိုင်စင်များ၊ ဗီဒီယိုတည်းဖြတ်ရေးလိုင်စင်များ၊ ဗီဒီယိုခွေအရောင်းဆိုင်လိုင်စင်များ၊ ဗီဒီယိုခွေအငှားဆိုင်လိုင်စင်များ၊ ဗီဒီယိုပြသရေးလိုင်စင်များကို စစ်ကိုင်းတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မီးလောင်လျှင်

(၁) ထွက်မပြေးပါနှင့် စိတ်ကိုတည်တည်ငြိမ်ငြိမ် ထားပါ။

(၂) ကျိတ်မငြိမ်းပါနှင့် ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။

(၃) နီးစပ်ရာ မီးသတ်စခန်းသို့ အမြန်ဆုံး အကြောင်းကြားပါ။

(၄) ဝိုင်းဝန်း၍ ကြိုးစားငြိမ်းသတ်ပါ။

(၅) မီးသတ်တပ်ဖွဲ့နှင့် ပြည်သူများ အချိန်မီပူးပေါင်းငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီးမဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

# သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့် လမ်း၊ တံတားနှင့် စပါးစိုက်ခင်းများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကွင်းဆင်းကြည့်ရှု



**နေပြည်တော် နိုဝင်ဘာ ၁၆**

နေပြည်တော်ကောင်စီနယ် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း၌ သဘာဝဘေးကြောင့်ပျက်စီးသွားသည့် လမ်း၊ တံတားများနှင့် စပါးစိုက်ခင်းများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်အတူ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသော ဦးအေးမောင်စိန်၊ ဦးတင်ထွန်း၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးမြင့်အောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကျော်တင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရည်မွန်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများလိုက်ပါလျက် နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ခရမ်းစပ်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၃၀၅) ကွင်းရှိ ရေလွှမ်းမိုးခံရသည့် စပါးစိုက်ခင်းအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဧည့်ခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်အတွင်းရှိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် လမ်း၊ တံတား၊ သီးနှံစိုက်ခင်းများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား မြေပုံနှင့်တကွ ရှင်းလင်းတင်ပြခဲ့ပြီးနောက် တာဝန်ရှိသူများသည် ရွာတောကျေးရွာအုပ်စု၊ ရွှေဥဒေါင်းကျေးရွာအနီး တပ်ကုန်း-ပုပ္ပသီရိ ဆက်သွယ်ထားသော ကွန်ကရစ်လမ်းပျက်စီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး ခရီးသွားပြည်သူများနှင့်တွေ့ဆုံခဲ့သည်။

ယင်းမှတစ်ဆင့် နွယ်ရစ်ကျေးရွာအုပ်စု၊ နွယ်ရစ်ကျေးရွာအနီး ဆင်သေချောင်းကူးတံတား ချဉ်းကပ်ကတ္တရာလမ်းပျက်စီးဆုံးရှုံးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံရှင်းလင်းခဲ့သည်။ ဆက်လက်၍ သပြေချောင်းကျေးရွာအုပ်စုနှင့် ရွှေမြို့ကျေးရွာအုပ်စု ဆက်သွယ်ထားသည့် ဆင်သေချောင်းကူး စိန်နှင့်ရွှေတံတား မြေထိန်းနံရံပြိုကျပျက်စီးမှုနှင့် လမ်းပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်



**ကလေး နိုဝင်ဘာ ၁၆**

ကလေးမြို့စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ၊ ဈေးကော်မတီများနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကလေးမြို့ စည်ပင်သာယာရေးကော်မတီပိုင်ဖြစ်သည့် တာဟန်းဈေးနှင့် ပင်လုံဈေးတို့တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရက ဒေသခံပြည်သူများ၏ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေး၊ အသက်အိုးအိမ်စည်းစိမ်ဥစ္စာ ဆုံးရှုံးမှုမရှိစေရေး၊ လူနေမှုအဆင့်အတန်းမြင့်မားပြီး ဘဝလုံခြုံရေးအတွက် မီးသတ်စခန်း၊ မီးသတ်ယာဉ်များ၊ မီးသတ်ဝန်ထမ်းများကို ဖွဲ့စည်းတည်ထောင်ပေးလျက်ရှိရာ ယခုအချိန်တွင် ပွင့်လင်းရာသီရောက်ရှိလာသည်နှင့်အညီ ပြည်သူများ မီးဘေးလုံခြုံရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ပြုလုပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

## ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**မိုင်းယောင်း နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယုမြို့၌ မြို့နယ်အဆင့် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းနိုင်အောင်သည် နိုဝင်ဘာ ၁၃ ရက် နံနက် ၈ နာရီက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ထွေး၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး ဦးဝင်းအောင်နှင့် မိုင်းယုမြို့အုပ်ချုပ်ရေးမှူး ဦးကျော်စွာတို့လိုက်ပါပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၏ နတလခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် မိုင်းယုမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဘုန်းတော်ကြီးကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုအား သတ်မှတ်စံချိန်စံညွှန်းကိုက်ညီမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းနောက် မိုင်းယုမြို့အတွင်း နိုဝင်ဘာ ၁၀ ရက်က မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် လမ်း၊ တံတားများ ပျက်စီးမှုရှိ-မရှိနှင့် ရေဝင်နစ်မြုပ်ကျေးရွာများ၏ လယ်ယာစိုက်ခင်းများ ထိခိုက်ပျက်စီးမှုအခြေအနေတို့ကိုလည်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တန်ဆောင်တိုင်ပွဲ ကုန်တင်ယာဉ်ကြီးများသွားလာမှု ခေတ္တပိတ်ထားသော်လည်း ယာဉ်ကြောများပိတ်ဆို့

**ပြင်ဦးလွင် နိုဝင်ဘာ ၁၆**

ပြင်ဦးလွင်တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်ထိ မဟာအံ့ထူးကံသာဘုရားအနီး မီးပုံးပျံကွင်း၌ ကျင်းပလျက်ရှိရာ မန္တလေးမြို့နှင့် မြန်မာပြည်အထက်ပိုင်းဒေသများမှ လာရောက်ကြရာ နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မြို့ရှောင်လမ်းတွင် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့မှလည်း မန္တလေး-ပြင်ဦးလွင်လမ်း/ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် ပြင်ဦးလွင်မီးပုံးပျံပွဲ စည်ကားသည့် နိုဝင်ဘာ ၁၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့)ညနေ ၃ နာရီမှ ည ၁၀ နာရီအထိ ၁၂ ဘီး၊ ၂၂ ဘီးကုန်တင်ယာဉ်ကြီးများ၊ တွဲမော်တော်ယာဉ်များအား အဆင်းလမ်းတွင် ဘန်းဘွေးတိုးဂိတ်မှလည်းကောင်း၊ အတက်လမ်းတွင် ၁၆ မိုင်ဂိတ်မှလည်းကောင်း ယာဉ်ကြီးများသွားလာခွင့် ခေတ္တပိတ်ထားခဲ့သော်လည်း ပွဲတော်သွားယာဉ်များ၊ ဆိုင်ကယ်များသွားလာမှုများပြားသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ နည်းပညာအသိပညာပေး အလုပ်ရုံဆွေးနွေး

**ကလေး နိုဝင်ဘာ ၁၆**

ကလေးမြို့တွင် တီးတိန်လူငယ်များ မိတ်သဟာရ (TYF)နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားများ ဥပဒေအဖွဲ့အစည်း (ILO) တို့ပူးပေါင်း၍ အဓမ္မအလုပ်ခိုင်းစေမှုဆိုင်ရာ နည်းပညာအသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ကလေးမြို့ ZCLS ခန်းမ၌ ပြုလုပ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ILO မှ တာဝန်ရှိသူဆရာမိုးကျော်က ILO အကြောင်းနှင့် တိုင်တန်းမှုယန္တရားလည်ပတ်ပုံများကိုလည်းကောင်း၊ TYF အဖွဲ့ဝင် ဆရာပေါင်လင်းခိုင်က အဓမ္မအလုပ်ခိုင်းစေခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ပုံစံများနှင့် ချို့ယွင်းချက်များ၊ အရိပ်အယောင်ပြသည့်လက္ခဏာများ၊ ကြိုးပမ်းမှုမှတ်တိုင် အဆင့်ဆင့်များကိုလည်းကောင်း၊ TYF အဖွဲ့ဝင်မှ နည်းပြဆရာထန်ဒါးလ်က အဓမ္မအလုပ်ခိုင်းစေခြင်းကို တားမြစ်သောဥပဒေများ၊ အကာအကွယ်များ၊ လုပ်ပိုင်ခွင့်ဆိုင်ရာ အခြေခံမူသဘောတရားများနှင့် အခွင့်အရေးများကိုလည်းကောင်း၊ TYF အဖွဲ့ဝင် ဆရာထန်ရှုန်းဟောက်က အဓမ္မခိုင်းစေမှုနှင့်ပတ်သက်၍ အမှုများလေ့လာခြင်းအကြောင်းများကိုလည်းကောင်း အသီးသီးဆွေးနွေးကြရာ တက်ရောက်လာကြသူ ၃၇ ဦးတို့ထံမှ သိရှိလိုသည့်မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၆ ခုနှစ်အတွင်း ချင်းပြည်နယ်မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာရှစ်နေရာတို့တွင် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပြီး ကျေးရွာပေါင်း ၄၀ ကျော်မှ ပြည်သူများတက်ရောက်ကြကာ အကျိုးသက်ရောက်မှုများရှိကြောင်း၊ ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၊ ချင်းပြည်နယ် တွန်းဇံမြို့နှင့်ကျီခါးမြို့များသို့လည်း အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဂျိုးနက်**



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မဟာဗောဓိတထောင်သာသနာ့နယ်မြေတွင် တန်ဆောင်မုန်းလပြည့်နေ့က အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

## r;Dwfvyf;Deft aqmuf t kdumufvyf

**ထီးချိုင့် နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ အရှေ့မြောက်ဘက် ခြောက်ဖာလုံခန့်အကွာ ရွှေဘို-ကသာ ခရိုင်းချင်းဆက်လမ်းဝဲဘက်၌ မီးသတ်တပ်ဖွဲ့စခန်းအဆောက်အအုံ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနမှာ မီးသတ်ကား လေးစီးရှိပါတယ်။ လက်ရှိအဆောက်အအုံနဲ့မလုံလောက်ပါဘူး။ အခုအဆောက်အအုံမှာ ကားနှစ်စီးထားမယ်။ အလယ်အခန်းကတော့ ရုံးခန်းလုပ်မယ်။ မြို့နဲ့ ခြောက်ဖာလုံခန့်ဝေးပေမယ့် ကားအဝင်အထွက် အဆင်ပြေပါတယ်။ ရေလည်းပေါပါတယ်။ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ပြည်သူကို အမြန်ဆုံးနဲ့ အထိရောက်ဆုံး ကူညီလို့ရပါတယ်" ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူကပြောသည်။

အဆိုပါအဆောက်အအုံသည် အလျား ၅၂ ပေ၊ အနံ ၄၅ ပေ၊ အမြင့် ၂၆ ပေရှိ အာစီနှစ်ထပ်အဆောက်အအုံဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ၏ ဘဏ္ဍာငွေ (တင်ဒါအောင်) ကျပ်သိန်း ၉၀၅ သိန်းဖြင့် Design Mandalay ကုမ္ပဏီက တာဝန်ခံဆောက်လုပ်သည်။ အဆောက်အအုံနှင့်ဆက်စပ်သော လေး လက်မ အဝီစိတွင်းတစ်တွင်း၊ ရေဂါလန် ၃၂၀၀ ဆံ့ Ground Tank တစ်လုံး၊ Septic Tank တစ်လုံး ပါဝင်မှာဖြစ်ကြောင်း၊ အဆောက်အအုံကို စက်တင်ဘာ ၂၅ ရက်မှ စတင်ဆောက်လုပ်ခဲ့ပြီး လက်ရှိအခြေအနေအရ ပထမထပ်တိုင်ထူခြင်းလုပ်ငန်းများ လုပ်ကိုင်နေပြီး အဆောက်အအုံ၏ ၃၈ ရာခိုင်နှုန်းပြီးစီးကြောင်းနှင့် ၂၀၁၇ - ခုနှစ်မတ်လအတွင်း အားလုံးပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


လာလီဂါရင်ခုန်သံ-၁၂

# မက်ဒရစ်ဒါဘီပွဲကိုအခွင့်ကောင်းယူမယ့်ဘာစီလိုနာ

စပိန်လီဂါပွဲစဉ် ၁၂ ကို လာမယ့် နိုဝင်ဘာ ၁၉၊ ၂၀၊ ၂၁၊ ၂၂ ရက်တွေမှာ ပြန်လည်ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာ တော့ မက်ဒရစ်ဒါဘီပွဲစဉ်ဖြစ်တဲ့ အက်သလက်တီကိုနဲ့ ရီးရဲမက်ဒရစ်တို့ဆုံတွေ့တဲ့ပွဲပါဝင်နေတာကြောင့် အကြိတ်အနယ်ရှိလာမှာလည်း သေချာနေပါတယ်။

ရှိုး
မင်း
မင်း

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| မက်ဆီ(ဘာစီလိုနာ) | - ၈ ဂိုး |
| ဆွာရက်ဇ်( ဘာစီလိုနာ) | - ၁၀ဂိုး |
| အက်စ်ပတ်( ဆယ်လ်တာဗီဂို) | - ၆ ဂိုး |
| ဝီလျံဂျို့စ်(ဆိုစီဒက်) | - ၆ ဂိုး |
| ဂရစ်ဇ်မန်း(အက်သလက်တီကို) | - ၆ ဂိုး |




စပိန် လာလီဂါအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရီးယဲလ်မက်ဒရစ် | ၁၁ | ၈ | ၃ | ၀ | ၃၁ | ၁၀ | ၂၁ | ၂၇ |
| ၂ | ဘာစီလိုနာ | ၁၁ | ၈ | ၁ | ၂ | ၃၂ | ၁၃ | ၁၉ | ၂၅ |
| ၃ | ဗီလာရီးယဲလ် | ၁၁ | ၆ | ၄ | ၁ | ၁၉ | ၇ | ၁၂ | ၂၂ |
| ၄ | အက်သလက်တီကို | ၁၁ | ၆ | ၃ | ၂ | ၂၅ | ၈ | ၁၇ | ၂၁ |
| ၅ | ဆီဗီလာ | ၁၁ | ၆ | ၃ | ၂ | ၁၉ | ၁၅ | ၄ | ၂၁ |
| ၆ | ရီးယဲလ်ဆိုစီဒက် | ၁၁ | ၆ | ၁ | ၄ | ၁၈ | ၁၂ | ၆ | ၁၉ |
| ၇ | ဘီဘာအို | ၁၁ | ၅ | ၂ | ၄ | ၁၅ | ၁၃ | ၂ | ၁၇ |
| ၈ | ဆယ်တာဗီဂို | ၁၁ | ၅ | ၂ | ၄ | ၁၈ | ၂၁ | -၃ | ၁၇ |
| ၉ | လက်စ်ပါးမက်စ် | ၁၁ | ၄ | ၄ | ၃ | ၂၁ | ၁၈ | ၃ | ၁၆ |
| ၁၀ | မာလာဂါ | ၁၁ | ၄ | ၃ | ၄ | ၁၇ | ၁၆ | ၁ | ၁၅ |
| ၁၁ | အီဘား | ၁၁ | ၄ | ၃ | ၄ | ၁၆ | ၁၅ | ၁ | ၁၅ |
| ၁၂ | အလာဗက်စ် | ၁၁ | ၃ | ၄ | ၄ | ၁၁ | ၁၅ | -၄ | ၁၃ |
| ၁၃ | အက်စ်ပန်ညို | ၁၁ | ၂ | ၆ | ၃ | ၁၃ | ၁၇ | -၄ | ၁၂ |
| ၁၄ | ဘက်တစ် | ၁၁ | ၃ | ၂ | ၆ | ၁၁ | ၂၂ | -၁၁ | ၁၁ |
| ၁၅ | ဗလင်စီယာ | ၁၁ | ၃ | ၁ | ၇ | ၁၅ | ၂၁ | -၆ | ၁၀ |
| ၁၆ | ဒီပိုတီဗို | ၁၁ | ၂ | ၄ | ၅ | ၈ | ၁၆ | -၈ | ၁၀ |
| ၁၇ | လီဂါနက်စ် | ၁၁ | ၃ | ၁ | ၇ | ၉ | ၂၂ | -၁၃ | ၁၀ |
| ၁၈ | စပို့တင်းဂီဂျွန် | ၁၁ | ၂ | ၃ | ၆ | ၁၀ | ၂၂ | -၁၂ | ၉ |
| ၁၉ | အိုဆာစူနာ | ၁၁ | ၁ | ၄ | ၆ | ၁၂ | ၂၁ | -၉ | ၇ |
| ၂၀ | ဂရန်နာဒါ | ၁၁ | ၀ | ၄ | ၇ | ၉ | ၂၅ | -၁၆ | ၄ |

## ဘက်တစ် - လက်စ်ပါးမက်စ်

**နံနက် ၂း၁၅ (၁၉-၁၁-၁၆)**

ဘက်တစ်ကခြေစွမ်းပိုင်းအရအားနည်းမှုတွေများနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတစ်ပွဲသာနိုင်ရယူနိုင်ခဲ့ပြီး လေးပွဲတိတိ ရှုံးနိမ့်ခဲ့ရပါတယ်။ ဒီပွဲစဉ်မှာလည်း အိမ်ကွင်းဖြစ် တာကြောင့် ဘက်တစ်တို့နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပေမယ့် လက်စ်ပါးမက်စ်ကို အသာရယူနိုင်ဖို့ ခက်ခဲပါတယ်။ နောက်ဆုံး ငါးပွဲမှာ တစ်ပွဲသာ ရှုံးခဲ့တဲ့အထိ ခြေစွမ်းပိုင်းကောင်းနေတဲ့ လက်စ်ပါးမက်စ်ရဲ့ခြေ စွမ်းကကောင်းနေလို့လည်း ဘက်တစ်သရေထက်ပိုမရနိုင်ပါဘူး။

## ဘာစီလိုနာ - မာလာဂါ

**ည ၉း၄၅ (၁၉-၁၀-၁၆)**

ရီးရဲမက်ဒရစ်က အက်သလက်တီကိုနဲ့ ဆုံတွေ့နေသလို လက်ရှိအချိန်မှာလည်း နှစ်မှတ်သာကွာဟနေတာကြောင့် တကယ်လို့ရီးရဲသာနိုင်ပွဲမရခဲ့ရင် ဘာစီလိုနာဟာ ဒီပွဲအနိုင်ယူနိုင်ရုံနဲ့အမှတ်ပေးဇယား ထိပ်ဆုံးကိုရောက်ရှိလာနိုင်ပါတယ်။ ဒါကြောင့်လည်း ချန်ပီယံလိဂ် ကစားရဖို့ရှိနေပေမယ့် ဘာစီလိုနာတို့ဒီပွဲမှာခြေကုန်ထုတ်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ မာလာဂါခြေကလည်း အားနည်းမှုတွေရှိနေလို့ ဘာစီလိုနာကသာ နိုင်ပွဲရနိုင်ပါတယ်။

## အက်သလက်တီကို - ရီးယဲလ်

**နံနက် ၂း၁၅ (၂၀-၁၁-၁၆)**

ရီးယဲလ်မက်ဒရစ်က ဒီရာသီလာလီဂါမှာ ခြေစွမ်းပိုင်း တောက်လျှောက်တည်ငြိမ်နေတယ်။ ဒီပွဲအနိုင်မရရင် ထိပ်ဆုံးနေရာကနေ ဆင်းပေးရနိုင်ခြေရှိတာကြောင့် ချန်ပီယံလိဂ်ရှိပေမယ့် ခြေကုန်ထုတ်လာနိုင်ပါတယ်။ အက်သလက်တီကိုကလည်း ဒါဘီပွဲဖြစ်လို့ခြေကုန်ထုတ်မယ့်အပြင် အိမ်ကွင်းဖြစ်နေပေမယ့် ခြေစွမ်းက ထင်သလောက် မတည်ငြိမ်ဘူး။ ရီးယဲလ်အတွက်အနိမ့်ဆုံးသရေပါ။

## ဗလင်စီယာ - ဂရန်နာဒါ

**ည ၉း၄၅ (၂၀-၁၁-၁၆)**

ဗလင်စီယာက နည်းပြအပြောင်းအလဲဖြစ်ထားပေမယ့်လည်း ခြေစွမ်းပိုင်းကတော့ ထင်သလောက်တည်ငြိမ်မှုမရှိသေးဘူး။ လာလီဂါပြိုင်ပွဲမှာ နောက်ဆုံးသုံးပွဲဆက်တိုက် အနိုင်မရခဲ့တာကိုတွေ့ရတယ်။ ဒါကြောင့်လည်း အိမ်ကွင်းပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်မှာဗလင်စီယာတို့နိုင်ပွဲ ပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာကိုတော့သတိပြုရမှာဖြစ်သလို ဂရန်နာဒါကလည်း ခြေစွမ်းပိုင်းအားနည်းလွန်းနေတာကြောင့် ဗလင်စီယာတို့ဒီပွဲစဉ်မှာနိုင်ပွဲပြန်ရသွားနိုင်ပါတယ်။

## ဘီဘာအို - ဗီလာရီးယဲလ်

**နံနက် ၂း၁၅ (၂၁-၁၁-၁၆)**

နှစ်သင်းစလုံး ဒီပွဲအပြီးမှာယူရိုပါလိဂ်ပွဲတွေ ကစားရဖို့ရှိနေကြပေမယ့်လည်း နိုင်ပွဲရယူ နိုင်ဖို့အတွက်တော့ အားစိုက်ကစားလာကြမှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဘီဘာအိုက ခြေစွမ်းပိုင်းကျဆင်းနေကာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲအတွင်း တစ်ပွဲသာအနိုင်ရခဲ့ပေမယ့် အိမ်ကွင်းဖြစ်နေပါတယ်။ ဒါ့အပြင် ဗီလာရီးယဲလ်ကလည်းအဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကျဆင်းတတ်ပြီးတစ်ပွဲသာနိုင်ထားတာကြောင့် ဒီပွဲမှာဘီဘာအိုတို့သရေလောက်ကစားနိုင်ဖို့ရှိပါတယ်။

## ဒီပိုတီဗို - ဆီဗီလာ

**ညနေ ၆း၃၀ (၁၉-၁၁-၁၆)**

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ဘာစီလိုနာတစ်သင်းတည်းကိုသာ ရှုံးနိမ့်ခဲ့တဲ့ ဆီဗီလာခြေကကောင်းမွန်နေပါတယ်။ အဝေးကွင်းပွဲတွေမှာလည်း ဆီဗီလာကစားပုံတိုးတက်လာပြီး နောက်ဆုံးကစားခဲ့တဲ့အဝေးကွင်းနှစ်ပွဲမှာရှုံးပွဲ မရှိခဲ့ပါဘူး။ ဆီဗီလာအနေနဲ့ ချန်ပီယံလိဂ်ကစား ရဖို့ရှိနေပေမယ့်လည်း လက်ရှိအချိန်မှာ ဒီပို့တီဗိုရဲ့ခြေကလည်း အားနည်းမှုတွေရှိနေပါတယ်။ ဆီဗီလာတို့အခွင့်အရေးရနိုင်ကာ အနိမ့်ဆုံး သရေလောက်ကစားနိုင်ဖို့ရှိပါတယ်။

## အီဘား - ဆဲလ်တာဗီဂို

**နံနက် ၀၀း၀၀ (၂၀-၁၁-၁၆)**

ဆဲလ်တာဗီဂိုခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်လာတယ်။ လာလီဂါပြိုင်ပွဲမှာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲအတွင်း ဗီလာရီးယဲလ်တစ်သင်းတည်းကိုသာ ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါပေမယ့်လည်း ဆဲလ်တာဗီဂိုကအဝေးကွင်းပွဲ တွေမှာခြေစွမ်းပိုင်းအားနည်းတတ်ပြီး တိုက်စစ်ကလည်းဂိုး သွင်းအားသိသိသာသာကျဆင်းတတ်ကာ ယူရိုပါလိဂ်လည်းကစားရဖို့ရှိတယ်။ အီဘားကလည်း အိမ်ကွင်းအားနဲ့ခံကစားမှာဖြစ်လို့ ဆဲလ်တာဗီဂိုသရေလောက်ပဲရမယ်။

## အလာဗက်စ် - အက်စ်ပန်ညို

**ညနေ ၅း၃၀ (၂၀-၁၁-၁၆)**

အက်စ်ပန်ညိုက နောက်ဆုံးကစားခဲ့တဲ့ လာလီဂါ ငါးပွဲမှာရှုံးပွဲမရှိခဲ့ဘူးဆိုပေမယ့်လည်း အဆိုပါ ငါးပွဲမှာ တစ်ပွဲသာနိုင်ခဲ့တာကိုကြည့်ရင် ခြေစွမ်းပိုင်းသာမန်သာရှိတာမြင်သာနေတယ်။ ဒါပေမယ့်လည်း လက်ရှိအချိန်မှာ အလာဗက်စ်ကလည်း ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ နောက်ဆုံး ၅ ပွဲမှာတစ်ပွဲသာနိုင်ထားပါတယ်။ အလာဗက်စ်အနေနဲ့ အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကောင်းမွန်တတ်ပေမယ့်ဒီပွဲမှာ အက်စ်ပန်ညိုတို့ သရေလောက်ကစားနိုင်မယ်။

## ဂီဂျွန် - ဆိုစီဒက်စ်

**နံနက် ၀၀း၀၀ (၂၁-၁၁-၁၆)**

ဆိုစီဒက်စ်ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လေးပွဲတိတိ အနိုင်ရယူနိုင်ခဲ့တာတွေ့ရပါတယ်။ အဝေးကွင်းပွဲတွေမှာလည်းကစားပုံတည်ငြိမ်မှုရှိလာတာကိုတွေ့ရပြီး ဒီပွဲစဉ်မှာလည်း ဂီဂျွန်ကိုထိန်းချုပ်ကစားနိုင်ဖို့ရှိနေပါတယ်။ ဂီဂျွန်ကတော့ ခြေစွမ်းပိုင်းကျဆင်းနေကာ တိုက်စစ်ပိုင်းကအစအားနည်းမှုတွေရှိနေပါတယ်။ ဂီဂျွန်အိမ်ကွင်းဖြစ်ပေမယ့်လည်း ဆိုစီဒက်စ်ကသာ နိုင်ပွဲရသွားဖို့ရှိနေပါတယ်။

## လီဂါနက်စ် - အိုဆာစူနာ

**နံနက် ၂း၁၅ (၂၂-၁၁-၁၆)**

တန်းဆင်းဇုန်အတွင်းမှာ ရောက်ရှိနေတဲ့ အိုဆာစူနာခြေစွမ်းက အားနည်းမှုတွေ များနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလည်း တစ်ပွဲသာနိုင်ခဲ့ပြီး တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေတည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ ဒါပေမယ့်လီဂါနက်စ်ကလည်း အိမ်ကွင်းမှာ ခြေစွမ်းကျဆင်းတတ်ပြီး နိုင်ပွဲမရသေးသလိုတိုက်စစ်ပိုင်းကလည်းဂိုးသွင်း ခြေသိသိသာသာကျဆင်းတတ်ပါတယ်။ဒါကြောင့်လည်းအိုဆာစူနာတို့ အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်းကပ်ရနိုင်ပါတယ်။

# စီရိုနယ်လ်ဒိုနှင့် ဂါရတ်ဘေးလ်တို့မှာ ရီးယဲလ်မက်ဒရစ် အကောင်းဆုံး ကစားသမားများမဟုတ်ဟု ဂါဘီရှုမြင်

အက်သက်လတီကို အသင်းခေါင်းဆောင် ဂါဘီက ရီးယဲလ်မက်ဒရစ်အသင်းတွင် ၎င်းအကြောက်ရွံ့ရဆုံးကစားသမားမှာ စီရိုနယ်လ်ဒိုနှင့် ဂါရတ်ဘေးလ်တို့ မဟုတ်ဘဲ ရီးယဲလ်ကွင်းလယ်လူ လူကာမိုဒရစ်သာ ဖြစ်ကြောင်း ပြောကြား ခဲ့သည်။ အက်သလက်တီကို အသင်းသည် နိုဝင်ဘာ၁၉ရက်တွင် မြို့ခံပြိုင်ဘက် ရီးယဲလ်အသင်းကို အိမ်ကွင်း ကယ်လ်ဒါရွန်၌ ဧည့်ခံကစားရမည်ဖြစ်ရာ ဂါဘီက လူကာမိုဒရစ်သာလျှင် ရီးယဲလ်အကောင်းဆုံး ကစားသမားအဖြစ် ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။

ဂါဘီက ရီးယဲလ်အသင်း၏ အကောင်းဆုံး ကစားသမား လူကာမိုဒရစ်ကြံ့ခိုင်မှု ပြန်လည်ရရှိနေပြီဖြစ်သဖြင့် အက်သလက်အနေဖြင့် အားထုတ်မှု ပိုမိုလုပ်ဆောင်ရတော့မည်ဖြစ်ကြောင်းဆိုခဲ့သည်။ ဂါဘီက လူအများက ရီးယဲလ်အကြောင်းပြောလျှင် စီရိုနယ်လ်ဒိုနှင့် ဂါရတ်ဘေးလ်တို့အကြောင်းသာ ပြောကြားကြသော်လည်း အသင်းဟန်ချက်ညီမျှရေးကို ဖော်ဆောင်နိုင်သူမှာ လူကာမိုဒရစ်သာ ဖြစ်ကြောင်း ဂါဘီက ရှုမြင်သည်။

ဂါဘီက“နိုင်ငံတကာပွဲစဉ်တွေ ကစားအပြီး ဒီလိုအရေးကြီး ပွဲစဉ်ကို ကစားရတာ အနည်းငယ်ထူးခြားတယ်လို့ ထင်ပါတယ်။ အချို့ကစားသမားတွေက ဒဏ်ရာပြဿနာတွေနဲ့ ကြုံလာပြီး ပြန်လာရမှာဖြစ်လို့ ဒါက ရလဒ်ပိုင်းကိုအဓိက အဆုံးအဖြတ်ဖြစ်လာနိုင်ပါတယ်”ဟု ဆိုခဲ့သည်။


အက်သလက်တီကိုအသင်းတွင် အဓိက ကစားသမားဂရစ်ဇ်မန်းဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်ရန်မသေချာသော်လည်း ရီးယဲလ်တွင် လူကာမိုဒရစ်ပြန်လည် ပါဝင်လာမည်ဖြစ်သည်။ အက်သလက်တီကိုအသင်းသည် လာလီဂါ ပွဲစဉ်(၁၁)တွင် ဆိုစီဒက်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အရေးနိမ့်ပြီးနောက် ဦးဆောင်သူ ရီးယဲလ်နှင့် ရမှတ်ခြောက်မှတ်အထိကွာဟသွားပြီဖြစ်ရာ အဆိုပါပွဲစဉ်ကို အနိုင်ရရှိရန် လိုအပ်နေခြင်းဖြစ်သည်။

**မေလှဲ့သင်း**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**



## ဂျာနယ်လစ် သတင်းစာစဉ်(၁)

မြန်မာနိုင်ငံ၏ သမိုင်းအမှန်တရားတစ်ခုအတွက် မှတ်တမ်းမှတ်ရာအဖြစ် ရည်ရွယ်ပြီးဂျာနယ်လစ် အယ်ဒီတာအဖွဲ့က ဂျာနယ်လစ် သတင်းစာစဉ်(၁)စတင်ထွက်ရှိလာသည်။

အဆိုပါ သတင်းစာစဉ်တွင် အသက် ၇၁ နှစ်ရှိပြီဖြစ်သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်(၇၁)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးတွင် မိန့်ခွန်းပြောကြားစဉ်နှင့် ဒေါ် အောင်ဆန်းစုကြည်၏ လူထုအနာဂတ်ကိုထုဆစ်မည့် အမေရိကန် ခရီးစဉ်မှတ်တမ်းတို့ကို မျက်နှာဖုံးတင်အထူးပြုဖော်ပြထားသည်။ လူထုခေါင်းဆောင်တစ်ယောက်၏ အနောက်နိုင်ငံ ခရီးစဉ်များကြောင့် မြန်မာတို့၏ ဂုဏ်သတင်း ကမ္ဘာ့တစ်ခွင်မွှေးပျံ့စေပြီး ကမ္ဘာ့နိုင်ငံအချို့သို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်များ၊ နိုင်ငံတကာအစည်းအဝေးများသို့ တက်ရောက်ဆွေးနွေးပြောကြားမှုများသည် မြန်မာနိုင်ငံ အတွက် သမိုင်းဝင်မှတ်တမ်းများ ဖြစ်သလို နိုင်ငံတည်ဆောက်ရေးအတွက် အထောက်အပံ့ကောင်းများဖြစ်စေသည့် အပြင် မြန်မာနိုင်ငံအတွက် ဂုဏ်ယူဖွယ်၊ မှတ်သားဖွယ်အချက်များဖြစ်ကြောင်း စာအုပ်တွင် မီးမောင်းထိုးပြထား သည်။

အဆိုပါစာအုပ်ကို ဂျာနယ်လစ်မီဒီယာဂရု အမှတ်(၂၁၁)၊ (၉)လွှာ(ညာ)၊ ဗိုလ်တထောင်ဘုရားလမ်း (အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့က တန်ဖိုးကျပ် ၂၈၀၀ ဖြင့်ဖြန့်ချိထားသည်။



## နှင်းဆီပန်းထဲက နတ်သူငယ်လေးနှင့်အခြားပုံပြင်များ

ကလေးသူငယ်များ စာဖတ်စွမ်းရည်မြင့်မားရေးအတွက် တက္ကသိုလ်မလေးခိုင် ရေးသားပြုစု ထားသည့် "နှင်းဆီပန်းထဲက နတ်သူငယ်လေးနှင့်အခြားပုံပြင်များ"စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူက မိသားစုနှင့်အတူနေရသည့် မိသားစုဘဝမှာ အမှန်တကယ်အဖိုးတန်ကာ ပျော်ရွှင်စရာကောင်းသည်ဟူသော အသိလေးများအား အခြားကလေးငယ်များ အားရစေချင်သည့်ဆန္ဒဖြင့် မြေးငယ်လေးများအား ပြောပြလေ့ရှိသည့် ပုံပြင်လေးများကို စုစည်းကာ ထုတ်ဝေ ထားခြင်းဖြစ်သည်။ စာအုပ်တွင် ကလေးငယ်များ အသိအလိမ္မာတိုးပွားပြီး ဘိုးဘွားမိဘများ၏ မေတ္တာဖြင့် လုံခြုံနိုင်ကြစေရန်၊ စိတ်ထားဖြူစင် ပြီး ရိုးသားဖြောင့်မတ်သည့် ကလေးငယ်များဖြစ်လာစေရန်၊ သတ္တိရှိပြီး ပညာရဲရင့် ပွဲလယ်တင့် သော ကလေးငယ်များ ဖြစ်လာကြစေရန် ရည်ရွယ်ကာ ရေးသားထားခြင်းဖြစ်သည်။ မောင်နှမ နှစ်ယောက်ပုံပြင်မှစ၍ ဖရောင်းတိုင်နဲ့ကညင်ဆီ တိုင် ပုံပြင်အထိ ပုံပြင်ပေါင်း ၅၄ ပုဒ်ပါဝင်သည်။

ကလေးငယ်များအတွက် နှင်းဆီပန်းထဲက နတ်သူငယ်လေးနှင့်အခြားပုံပြင်များ စာအုပ်ကို တူဒေးစာအုပ်တိုက်က ထုတ်ဝေဖြန့်ချိထားသည်။



## ရှေ့ပြေးအရေးတော်ပုံ

၁၉၄၈ ခုနှစ်က CARL VAN DOREN ထုတ်ဝေခဲ့သည့် THE GREAT REHEARSAL စာအုပ်ကို မောင်စိုးလှ(ဘီ-အေ)မြန်မာပြန်ဆိုထားသော "ရှေ့ပြေး အရေးတော်ပုံ" စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် အမေရိကန်ပြည်နယ်ပေါင်းစုံ ဖက်ဒရယ်အခြေခံဥပဒေညီလာခံ ၏ အချေအတင်ဆွေးနွေးပွဲအကြောင်း သိကောင်းစရာများကို ဖော်ပြထားသည်။ အမေရိကန်ပြည်ထောင်စုကြီး ဖွဲ့စည်းတည် ထောင်ခဲ့သော အတ္ထုပ္ပတ္တိကို ရှုမြင်ရမည်ဖြစ် ပြီး ယခုလက်ရှိ ကုလသမဂ္ဂတွင် ကမ္ဘာ့အစိုးရဖွဲ့စည်းရေးအတွက် လိုလားအပ်သည့် အကြောင်းများနှင့် ၁၇၈၇ ခုနှစ်က အကြောင်းများနှင့် တစ်ပုံစံတည်းရှိသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုစဉ်က ပြည်ထောင်စုအစိုးရကို မလိုလားသူတို့က အတိုက်အခံပြုခဲ့သည့် ကိုးကားချက်များနှင့် ယခုအတိုက်အခံဘက်က ကိုးကားသော အချက်အလက်များ တစ်ပုံစံတည်းပင်ဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံရေးအတွက် အထောက်အကူပြုနိုင်သည်။

စာအုပ်ကို အမျိုးသမီးဂုဏ်ရည်စာပေ၊ အမှတ်(၁၉၁)၊ ရွှေသရဖီလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၂၅၂၂၄၇၆၄၈က တန်ဖိုးကျပ် ၃၅၀၀ ဖြင့်ဖြန့်ချိထားသည်။



## သိပ္ပံပညာကျော် ၁၀၀

ရောဘတ်ဖရက်ဒရစ် လီမိတက်က ၂၀၀၇ ခုနှစ်တွင်ထုတ်ဝေထားသည့် Great Scientists စာအုပ်ကို မိုးသိမ်းဘာသာပြန်ဆိုသော "သိပ္ပံပညာကျော် ၁၀၀" စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် ဘီစီ ၆ ရာစုနှစ်ခန့်မှ ၂၀ ရာစုနှစ်အထိ ထင်ရှားကျော်ကြားသော သိပ္ပံ ပညာရှင် ၁၀၁ ဦး၏ အကြောင်းများကို စုံလင်အောင်ဖော်ပြထားပြီး မျက်မှောက်ကာလ သိပ္ပံပညာဝါသနာရှင်များအတွက် လေ့လာ ဖွယ်ဖြစ်သည်။ ဘီစီ ၅၈၀ တွင်မွေးဖွားသော ဂရိသင်္ချာပညာနှင့် အတွေးအခေါ်ပညာရှင် ပိုက်သာဂိုရပ်စ်၊ ဘီစီ ၄၆၀ ခန့်တွင်မွေးဖွားသော ဂရိသမားတော် ဟစ်ပိုကရေးတီးစ်၊ ဘီစီ ၃၈၄ တွင်မွေးဖွားသော ဂရိသိပ္ပံပညာနှင့်အတွေးအခေါ်ပညာရှင် အရစ္စတိုတယ်လ်မှ အစပြု၍ ၁၉၁၁ ခုနှစ်တွင်မွေးဖွားသည့် အမေရိကန်သိပ္ပံပညာရှင် မယ်လ်ဗင်ကယ်လ်ဗင်၊ ဆေး ပညာရှင်ဂျိုးနပ်စ်အက်ဒဝပ်ဆော့လ်ခ်၊ ဆေးသိပ္ပံပညာရှင် ဖရန်စ္စခရစ်ခ်၊ ဆေးဝါးဗေဒပညာရှင် ဂါးထရူဘဲအီလီယန်၊ ဖရက်ဒရစ်စန်ဂါ၊ ဂျိမ်းဒီဝေးဝပ်ဆင် စသည့်သိပ္ပံပညာရှင်များပါဝင်သည်။

အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ (၃၉)လမ်း(အထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅ က တန်ဖိုးကျပ် ၂၅၀၀ ဖြင့်ဖြန့်ချိထားသည်။



## ပတ္တမြားရွှေရည် စာစီစာကုံးများ

အခြေခံပညာအောက်အဆင့်ကလေးများ ရွတ်ဆိုဖတ်ရှုရန်နှင့် မြန်မာစာဆရာများ လက်စွဲ စာအုပ်အဖြစ် ဆရာကြီးဦးဝမ်ထိန် ရေးသားသော 'ပတ္တမြားရွှေရည် စာစီစာကုံးများ'စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်ငယ်မှာ အခြေခံပညာမူလတန်းအောက်အဆင့် (GRADE 1) သူငယ်တန်း ကျောင်းသားငယ်များ ဖတ်ရှုနိုင်ရန် အပိုင်း(၁)၊ အခြေခံပညာမူလတန်းအောက်အဆင့် ပထမ တန်း၊ ဒုတိယတန်းကျောင်းသား များလေ့လာဖတ်ရှုနိုင်ရန် အပိုင်း(၂)၊ အခြေခံပညာမူလတန်း အထက်အဆင့် တတိယတန်းကျောင်းသားများ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်း(၃)၊ အခြေခံပညာအထက်တန်းအဆင့် စတုတ္ထတန်းကျောင်းသားများ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်း(၄)ဟူ၍ပါရှိပြီး ကလေးငယ်တစ်ယောက်၏ ဉာဏ်ရည် ဉာဏ်သွေး၊ အတွေးအခေါ်၊ အတွေ့အကြုံများနှင့်ကိုက်ညီအောင်၊ ကလေးငယ်များ၏ အဆင့်အတန်းအတိုင်း အံဝင်ခွင်ကျဖြစ်စေအောင် လေ့ကျင့်မှု များအပြင် မြန်မာစာသင်ဆရာများ နမူနာလက်စွဲအဖြစ်လည်း ဖော်ပြထား သည်။

ထိုစာအုပ်ကို ပတ္တမြားငမောက်စာပေ၊ အမှတ်(၁၆၁)၊ (၃၃)လမ်းအထက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၆၄၀၈ တန်ဖိုးကျပ် ၈၀၀ ဖြင့် ဖြန့်ချိထားသည်။



## ပျော်ရွှင်နိုင်ပါစေ

စာရေးဆရာချစ်နိုင် က WE DEVELOP, WHO DEVELOP, WHO DEVELOP BUSINESS ဆောင်ပုဒ်ဖြင့် ရေးသားပြုစုသည့် "ပျော်ရွှင်နိုင်ပါစေ"စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် လူ့ဘဝအတွက် အခြေခံလိုအပ်ချက်များကို စိတ်ကူးစိတ်သန်းကောင်းများဖြင့် ရေးဖွဲ့ထား သည်။ သင့်ရင်ထဲကပန်းဥယျာဉ်၊ ဘဝဆိုတာ ကိုယ်ဖန်တီးတဲ့အရာ၊ ပျော်ရွှင်မှုဟာ သင့်လက်ထဲမှာ၊ သူ၏စေတနာ၊ ရိုးရှင်းသောဘဝ၊ ဘဝအောင်မြင်မှု၊ စွဲစွဲမြဲမြဲ၊ မေတ္တာဖြင့် ဖွဲ့နှောင်သောအရပ်၊ စာကြည့်တိုက်ဝန်ဆောင်မှုအရည်အသွေး၊ တစ်ဦးချင်း၏စွမ်းရည်များ၊ စိတ်အားထက်သန်သူ၊ ဝန်ဆောင်မှုကောင်းပါမှသာ၊ စစ်မှန်တဲ့အောင်မြင်မှု၊ အခြေခံဥပဒေသသဘော၊ ခေါင်းဆောင်မှုစွမ်းရည်၊ ခေါင်းဆောင်၏အခန်းကဏ္ဍ၊ အမှန်တရားမြတ်နိုးခြင်း၊ လူငယ်နှင့်ခေါင်းဆောင်မှု၊ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်လာ စေရန်၊ ရည်မှန်းချက်အောင်ပါစေ၊ အများနှင့်ပြောဆိုဆက်ဆံသည့်အခါ၊ အရှုံးထဲက ပြုံးနိုင်ဖို့ စသည့်ဆောင်းပါးများ ပါဝင်သည်။

အဆိုပါစာအုပ်ကို နိုင်စာပေ၊ ခြံအမှတ်(၁၅၀)၊ ရတနာလမ်းမကြီး၊ ရတနာအိမ်ရာ၊ တိုင်းရင်းသားကျေးရွာ အနီး၊ သာကေတ၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၁၇၁၉ က တန်ဖိုးကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိထားသည်။




## လှတစ်မျက်နှာ

ဒေါက်တာရဲသွင်(Clinique de Skin) ရေးသားပြုစုသော မျက်နှာနှင့်အရေပြား ထိန်းသိမ်းကုသရေး၊ ကာကွယ်ရေးဆိုင်ရာ ဆောင်းပါးများပါဝင်သည့် "လှတစ်မျက်နှာ" စာအုပ်ထွက်ရှိလာသည်။

မျက်မှောက်ကာလတွင် မြန်မာ့အလှကို ကမ္ဘာကသိအောင် ပြသခွင့်ရနေပြီဖြစ်သော ကြောင့် မြန်မာမိန်းကလေးများအနေဖြင့် သဘာဝအလှတရားနှင့် ပေါင်းစပ်ပြုပြင်ထိန်းသိမ်း ခြင်းဖြင့် အလှတွင်အယဉ်ဆင့်သော လှ တစ်မျက်နှာပိုင်ရှင်မလေးများ ဖြစ်လာစေရန်ရည်ရွယ် ချက်ဖြင့် စာရေးသူက ဤဆောင်းပါးပေါင်းချုပ်စာအုပ်ကို ရေးသားပြုစုထားခြင်းဖြစ်သည်။ စွဲမက်ဖွယ်မျက်နှာ အလှပိုင်ရှင်ဖြစ်လာစေရန်အတွက် မျက်နှာ၏အရေပြားကျန်းမာရေးပညာပေးဆောင်းပါးများကို စုစည်းထားသည်။ မျက်နှာနှင့်အရေပြားထိန်းသိမ်းခြင်းဆိုင်ရာ ဆောင်းပါး ၁၇ ပုဒ်ပါဝင်ပြီး မျက်နှာအလှသာမက ဆံပင်ကျန်းမာရေးနှင့် အခြားသော လူတစ်ကိုယ်ရေးကျန်းမာရေးဆိုင်ရာများ ပါဝင်သဖြင့် ကျန်းမာရေးလိုက်စားသူများ ဖတ်ရှုလေ့လာနိုင် သော စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရန်အောင်စာပေ၊ အ. ထ. က(၁)ရန်ကင်းကျောင်းရှေ့၊ ဆိုင်အမှတ် H ၊ ၁၂ လုံးတန်း မှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၁၇၉၃၉၇ က တန်ဖိုးကျပ် ၂၀၀၀ ဖြင့်ဖြန့်ချိသည်။



## ထိုင်းစကားပြော

အေးမြင့်ခိုင်ရေးသားပြုစုသည့် "လက်တွေ့အသုံးချလုပ်ငန်းခွင်သုံး ထိုင်းစကားပြော" ဘာသာစကားစာအုပ် ထွက်ရှိလာသည်။

အဆိုပါ ထိုင်းဘာသာစကားစာအုပ်ကို လေ့လာရာတွင် နေ့စဉ်လူမှုဘဝပြောဆိုဆက်ဆံမှု များအား ထိုင်း ဘာသာ၊ မြန်မာစကား၊ ထိုင်းအသံထွက်၊ အင်္ဂလိပ်အသုံး တို့ဖြင့်ဖော်ပြထားရာ တစ်ချိန်တည်း နှစ်ဘာသာ ပြောဆိုရေးသားနိုင်သကဲ့သို့ တတ်မြောက်နိုင်မည်။ ကျား/မ စကားပုံအသုံးအနှုန်း၊ လိပ်စာမေးခြင်း၊ အချိန်နာရီများ၊ (၇)ရက်အခေါ်အဝေါ်များ၊ (၁၂) လ အခေါ်အဝေါ်များ၊ နှစ်အခေါ်အဝေါ်များ၊ နံပါတ်များ၊ ငွေရေးကြေးရေးအခေါ် အဝေါ်များ၊ ဈေးရောင်းဈေးဝယ် အသုံးများ၊ အသုံးအဆောင်များ၊ စားသောက်ဆိုင် အသုံးများ၊ တည်းခိုခန်းအသုံးအနှုန်းများ၊ ဆေးရုံ၊ ဆေးခန်းနှင့် အခြားအကြောင်းအရာမျိုးစုံတို့ပါဝင်သဖြင့် စေ့စပ်သေချာစွာဖြင့် အချိန် ယူမှန်မှန်လေ့ကျင့်သွားရမည့် ထိုင်းဘာသာစကား စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ (၃၉)လမ်း(အထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅ က တန်ဖိုးကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။

## ပြည်သူ့အသံ

### ကျူးကျော်တဲမုန့်ဟင်းခါးဆိုင် ဖယ်ရှားစေချင်

တာမွေမြို့နယ် ဝဏ္ဏသိဒ္ဓိလမ်းထိပ်နှင့် ဒဂုံလွင်လမ်းထောင့်တွင်ရှိနေသည့် ကျူးကျော်တဲမုန့်ဟင်းခါးဆိုင်သည် အနီးအနားရှိ ပြည်သူများက တိုင်ကြားမှုကြောင့် သက်ဆိုင်ရာမှ နှစ်ကြိမ်တိုင်တိုင် သတိပေးဖယ်ရှားခံရပြီး တစ်ပတ်သာခြား၍ ယခင်နေရာဟောင်းဘေးကပ်လျက်ပင် ဆက်လက်ရောင်းချသည်မှာ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဆိုင်ဖွင့်၍ ကျူးကျော်တဲသဖွယ်နေထိုင်လျက်ရှိပါသည်။ တစ်နေကုန် ဆိုင်တွင်နေထိုင်ပြီး ဘေးနားရှိ တိုက်ခန်းများအား စောင်းမြောင်းပြဿနာရှာခြင်းများ ပြုလုပ်လျက်ရှိပါသောကြောင့် သက်ဆိုင်ရာမှ အရေးယူပေးပါရန် တင်ပြအပ်ပါသည်။ **(ရပ်ကွက်နေပြည်သူများ)**

### ပတ်ဝန်းကျင်အနှောင့်အယှက်ဖြစ်နေ၍ဖယ်ရှားပေးစေလို

အမှတ်(၁၀၂၂) စပ်စံထွန်းလမ်း (၁)ရပ်ကွက် ဒဂုံအရှေ့ပိုင်းမြို့နယ်အတွင်းတွင် နေထိုင်လျက်ရှိသော မိသားတစ်စုသည် ပတ်ဝန်းကျင်အများပြည်သူများအား စိတ်အနှောင့်အယှက်ဖြစ်စေသော သံပန်ကာဒလက်များအား လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါသောကြောင့် အများပြည်သူများ နားမခံနိုင်အောင် သံပန်ကာဒလက်များအား ထုနှက်ရိုက်သံများနှင့်တကွ ဝရိန်တို့ရာမှ ထွက်ပေါ်လာသော ညှော်နံ့များ၊ သံပန်ကာဒလက်များအား ဆေးမှုတ်ရာမှ ထွက်ပေါ်လာသော ပတ်ဝန်းကျင်လေထုအား ညစ်နွမ်းစေသော ဆေးအနံ့အသက်ဆိုးများကို ပတ်ဝန်းကျင်နေသူများ နေ့စဉ်နှင့်အမျှ ခံစားနေရပါသည်။ ပူပြင်းခြောက်သွေ့သော နွေရာသီကို ရောက်ရှိလာခြင်းကြောင့် မီးလန့်မှုကိုလည်း ဖြစ်စေနိုင်ပါသဖြင့် ဖယ်ရှားဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **(လမ်းသူလမ်းသားများ)**

### တရားဝင်လိုင်စင်မရှိ အရောင်းအဝယ်လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိခိုက်

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် လမုတန်းရပ်ကွက် ယမုံနာအိမ်ရာအတွင်း တရားဝင်လိုင်စင်မရှိဘဲ ဖွင့်လှစ်ထားသည့် ဆေးနှင့်ပတ်သက်သည့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ တစ်ဆင့် ပြန်လည်ရောင်းချနေခြင်းလုပ်ငန်းများ လုပ်ကိုင်နေမှုကြောင့် ပတ်ဝန်းကျင်နှင့် အိမ်ရာဝင်းရှိ နေအိမ်များမှ ကလေးများ၊ အသက် (၈၀)ကျော် မိဘများနှင့် မိသားစုဝင်များ လူမှုဒုက္ခအမျိုးမျိုး ခံစားနေရသောကြောင့် သက်ဆိုင်ရာမှ အမြန်ဆုံးပိတ်သိမ်းပေးပါရန် တိုင်ကြားအပ်ပါသည်။ **(အိမ်ရာတွင်းနေထိုင်သူများ)**

### ရပ်ကွက်အတွင်း နိဗ္ဗာန်ယာဉ်ပြုပြင်ခြင်း၊ လူသေအလောင်းတင်ဇန်းများ ပြုပြင်ခြင်း၊ လူသေအလောင်းထည့်သည့် အခေါင်းများပြုပြင်ခြင်းလုပ်ငန်းများကို တရားမဝင်လာရောက်လုပ်ကိုင်နေမှုအား ဖယ်ရှားရှင်းလင်းပေးပါရန်

ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် သွပ်ဝိုင်းကြီးရပ်ကွက် သံသုမာလမ်း အ-လ-က(၆)ကျောင်းဘေး သမဝါယမပိုင်ဝင်းအတွင်း လင်းထက်စတီးပစ္စည်းပြုပြင်ခြင်း လုပ်ငန်းလုပ်ကိုင်သူတို့သည် နေ့စဉ်ပစ္စည်းပြုပြင်ခြင်း၊ လူသေအလောင်းထည့်သည့် စတီးဇန်းများပြုပြင်ခြင်းနှင့် အခေါင်းများပြုပြင်ခြင်းလုပ်ငန်းများကို လူနေရပ်ကွက်အတွင်း နေ့စဉ်ဆောင်ရွက်လျက်ရှိရာ အခြားလုပ်ငန်းလုပ်ကိုင်ကြသည့် ရပ်ကွက်နေ မိဘပြည်သူများ၏ အကျိုးစီးပွားကို အနှောင့်အယှက်ဖြစ်စေခြင်း၊ ပတ်ဝန်းကျင် အမြင်မတင့်တယ်ခြင်းနှင့် အဆိုပါလုပ်ငန်းများသည် သီးခြားသီးသန့် နေရာများတွင်သာ လုပ်ကိုင်ရမည်ဖြစ်သော်လည်း လူနေရပ်ကွက်အတွင်း လာရောက်လုပ်ကိုင်နေသောကြောင့် တာဝန်ရှိသူများမှ တားဆီးပေးပါရန်နှင့် ပတ်ဝန်းကျင်နေ ပြည်သူတို့က ကန့်ကွက်ကြောင်း ပူးတွဲလက်မှတ်ရေးထိုးကာ တင်ပြအပ်ပါသည်။

**ပတ်ဝန်းကျင်နေ ပြည်သူများ**

### ရပ်ကွက်အတွင်း ဆူညံနေမှုအား ကြပ်မတ်ဆောင်ရွက်ပေးစေလို

မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းနှင့် စက်ရုံလမ်းထောင့်ရှိ မင်္ဂလာဈေးဝင်းအတွင်း၌ရှိသော နိုက်ကလပ်နှင့် KTV များမှာ ညစဉ်ညတိုင်း နံနက် ၂ နာရီကျော်အထိ အများပြည်သူများ နားမခံသာအောင် တေးသီချင်းဖွင့် ဆူညံလျက်ရှိပြီး ရပ်ကွက်များအတွင်းရှိ သက်ကြီးရွယ်အိုများ၊ လူနာများ၊ ကျောင်းသား/သူများမှာ စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။ ဈေးဝင်းပြင်ပ၌ ညဘက် ဖြတ်သန်းသွားလာကြသော မိန်းမပျိုများမှာလည်း ပြည့်တန်ဆာအလုပ်လုပ်ကိုင်နေကြသည့် အမျိုးသမီးများနှင့် ထင်ယောင်ထင်မှားခံနေကြရသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကြပ်ကြပ်မတ်မတ် အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **(ရပ်ကွက်သူ ရပ်ကွက်သားများ)**

### မော်တာစက်သံဆူညံမှုအားတားဆီးပေးပါ

တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် နတ်စင်လမ်း ငါးလွှာရှိအခန်းတစ်ခန်းတွင် အထည်ချုပ်လုပ်ငန်းအား စီးပွားဖြစ်လုပ်ဆောင်လျက်ရှိပါသည်။ ထိုလုပ်ငန်း၏ အထည်ဖြတ်သည့်မော်တာစက်သံနှင့် ယင်းစက်၏တုန်ခါမှုများကြောင့်ပတ်ဝန်းကျင်နေသူများမှာ များစွာစိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ နေ့လယ်နေ့ခင်းတွင် သက်ကြီးရွယ်အိုများ အိပ်စက်အနားယူချိန် ၎င်း၏လုပ်ဆောင်မှုကြောင့် ကျန်းမာရေးထိခိုက်ခြင်းများကို နေ့စဉ်နှင့်အမျှကြုံတွေ့ခံစားနေရပါသောကြောင့် သက်ဆိုင်ရာမှ လူနေအိမ်အတွင်းလုပ်ငန်းလုပ်ဆောင်နေခြင်းကို တားမြစ်ပေးပါရန် တင်ပြအပ်ပါသည်။ **(လမ်းသူလမ်းသားများ)**

# အညာဒေသထွက်ထန်းပင်မြစ်များ စတင်ရောင်းချလျက်ရှိ



**မုံရွာ နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ တောင်သူများ ဆောင်းသီးနှံများ စိုက်ပျိုးချိန်တွင် စွန့်ပစ်ထန်းသီးအစေ့များကို ထန်းပင်မြစ်များအဖြစ် စိုက်ပျိုး ထုတ်လုပ်ရောင်းချခြင်းဖြင့် မိသားစု အပိုဝင်ငွေရရှိကြောင်း သိရသည်။

အပူပိုင်းဒေသများတွင် အများဆုံးပေါက်ရောက်လျက်ရှိသော ထန်းပင်များမှ ရင့်သည့်အသီးများကို ဆွတ်ခူးပြီး အကာကိုခုတ်ထွင်ကာ နွားစာအဖြစ်အသုံးပြုပြီး အစေ့အဆန်များကိုလည်းကောင်း၊ ရင့်မှည့်ကြွေကျသည့် အသီးများကိုလည်းကောင်း၊ စိုက်ပျိုးပြီး ယခုရာသီတွင် ထန်းမြစ်အဖြစ် ထုတ်လုပ်ရောင်းချခြင်းဖြစ်ပြီး အဆိုပါထန်းပင်မြစ်ကို မုံရွာမြို့မှ တစ်ဆင့် အထက်ချင်းတွင်းဒေသများသို့လည်းကောင်း၊ မန္တလေးမြို့၊ ကချင်ပြည်နယ်နှင့် ရန်ကုန်မြို့တို့အထိ တင်ပို့ရောင်းချလျက်ရှိသည်။

"ထန်းပင်ပိုင်တဲ့ သူတွေက အသီးအရင့်တွေကိုခူးပြီး အကာကိုနွားစာအဖြစ်လုပ်တယ်။ အသီးဆန်ကို ထန်းပင်မြစ်စိုက်ကြတယ်။ ထန်းပင်အပိုင်မရှိတဲ့သူတွေကျတော့ အပင်မှာရှိတဲ့ အသီးတွေကိုပြုတ်ဝယ်ပြီး စိုက်ကြရတယ်။ တချို့သူတွေကျတော့လည်း အမှည့်လွန်ပြီးကြွေကျတဲ့ အသီးတွေကို လိုက်ကောက်၍လည်း စိုက်ကြတယ်။ ထန်းသီးအဆန်အရင့်တွေကို ဝါခေါင်လမှာ မြေကျင်းအနည်းငယ်တူးပြီး မြှုပ်ရတယ်။ အခု တန်ဆောင်မုန်းလဆန်းပိုင်းက စပြီးပေါ်တယ်။ ထန်းပင်မြစ်ကတော့ ဒီနယ်တစ်ဝိုက်မှာ အစောဆုံးပေါ်တာပဲ။ မနှစ်ကတော့တစ်စီးကို ၃၅၀ ကျပ်ဈေးနှုန်း ဖောက်သည်ဈေးပေါက်တယ်။ ဒီနှစ်ထန်းပင်မြစ် ၂၅ ပင်ပါတဲ့ အစီးတစ်စီးကို ဖောက်သည်ဈေး ၄၀၀ ကျပ်နှုန်းနဲ့ သွင်းရတယ်။ ရောင်းတဲ့သူတွေကတော့ အခုအချိန် တစ်စီးကို ၇၀၀ ကျပ်ဈေးရတယ်လို့ ပြောတယ်။ ပေ ၂၀ ပတ်လည် လောက်မြေအကျယ်စိုက်တာ တစ်နှစ်ကို သုံးသိန်းကနေ လေးသိန်းလောက်အထိ အပိုဝင်ငွေရတယ်။ မိသားစုလိုက်လုပ်ရတဲ့ အလုပ်ဖြစ်တဲ့အတွက် ထန်းပင်အပိုင်ရှိရင် ကုန်ကျမှုနည်းနည်းနဲ့ ဝင်ငွေများတဲ့ အလုပ်ပါ" ဟု ဆားလင်းကြီးမြို့နယ် အောင်ချမ်းစီ ကျေးရွာမှ ထန်းတောင်သူ ကိုမြင့်လွင်ဦးက ပြောသည်။

ထန်းပင် အပင်ပေါက်စိုက်ပြီး ထွက်လာသည့် ထန်းသီးဆန်အကာများကို ထင်းအဖြစ်ပြန်လည်အသုံးပြုရနိုင်သည့်ဖြစ်ရာ ထန်းပင်သည် အရွက်မှအသီးဆန်၊ အပင်လုံးများမှအစ လူသားများအတွက် အသုံးဝင်သော အပင်ဖြစ်ပြီး မြန်မာပြည် အလယ်ပိုင်းနှင့် ချင်းတွင်းအောက်ပိုင်းဒေသများတွင် အများဆုံးပေါက်ရောက်သော အပင်ဖြစ်သည်။ ဆားလင်းကြီးမြို့နယ်အတွင်းရှိ ဝက်မေး၊ ကန်စွယ်ကျေးရွာတွင်လည်း ထန်းပင်မြစ်များကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်း ဒေသများတွင် အများဆုံးပေါက်ရောက်လျက်ရှိသော ထန်းပင်များသည် အပင်တစ်ခုလုံးတွင် အရွက်ကို အမိုးအတွက်အသုံးပြုနိုင်ပြီး ထန်းလက်များကို ထန်းလျှော်၊ ထန်းခေါက်တောင်း၊ ကုလားထိုင်၊ ထင်းအဖြစ်လည်းကောင်း၊ ထန်းရေချိုမှ ထန်းလျက်ချက်၍လည်းကောင်း ထန်းသီးဆန်အနုများကို စားသုံးဖွယ်ရာအဖြစ်လည်းကောင်း၊ အသီး၏ အကာကို နွားစာအဖြစ်လည်းကောင်း၊ ပင်စည်ကို ထင်းအဖြစ်သော်လည်းကောင်း၊ အဆောက်အအုံ ဆောက်လုပ်ရာတွင်လည်းကောင်း၊ ရင့်မှည့်သော အသီးများကို မြေတွင်မြှုပ်စိုက်ပျိုးခြင်းဖြင့် စားသုံးဖွယ်ရာထန်းပင် အမြစ်အဖြစ် ထုတ်လုပ်ရောင်းချခြင်းဖြင့် လည်းကောင်း အညာဒေသနေ ထန်းတောင်သူများစွာကို အကျိုးပြုလျက်ရှိကြောင်း သိရသည်။ **မင်းဝေ(မုံရွာ)**

# ဈေးကွက်မြင့်သည့်အတွက်အဆင်ပြေလျက်ရှိသောဂန္ဓမာပန်းစိုက်ခင်းများ

**မန္တလေး နိုဝင်ဘာ ၁၆**

ဂန္ဓမာပန်း စိုက်ပျိုးရာတွင် အလုပ်သမားစရိတ်သက်သာစေရန်အတွက် ရေပန်းများကို အသုံးပြုလာကြသည်။ ရေပန်းများရေပိုက်များ တစ်ခါဝယ်ယူရင်းနှီးထားသည်နှင့် နောက်နှစ်များတွင် ဆက်လက် အသုံးပြုကြသည်။ ပန်းစိုက်ခင်း တစ်ဧကလျှင် ပလတ်စတစ်ပိုက်နှင့် ရေပန်းတန်ဖိုး ၁၀ သိန်းခန့်ကုန်ကျသည်။ ပိုက်သွယ်တန်းမှုအတွက် စက်မှ သုံးလက်မပိုက်ဖြင့် ရေတင်ကာ တစ်လက်မခွဲပိုက်ဖြင့်ခွဲထွက်ကာ ငါးမတ်ပိုက်ဖြင့် သွယ်တန်းကြသည်။ပိုက်ထိပ်တွင် ရေပန်းဒလက်များ တပ်ဆင်ပေးရသည်။ ရေပန်းဒလက်တစ်ခုလျှင်ငွေကျပ် ၂၅၀ သာပေးရသည်။ ရေပန်းများကို အသုံးပြုခြင်းဖြင့် အလုပ်သမားစရိတ်သက်သာသလို အချိန်ကုန်သက်သာကာ အဆင်ပြေကြောင်း သိရသည်။

ရာသီအလိုက် အလုပ်အကျိုးအမြတ်ဖြစ်ထွန်းသော နှစ်ပတ်လည်စိုက်ခင်းကိုပြပါဆိုလျှင် ဂန္ဓမာပန်းစိုက်ခင်းများကို ပြနိုင်သည်။ ပန်းစိုက်ခင်းများသည် ဂရုတစိုက်ဖြင့် စနစ်တကျစိုက်ပျိုးရသော လုပ်ငန်းပင်ဖြစ်သည်။ ဂန္ဓမာပန်းစိုက်ရန်အတွက် ပထမဦးစွာ ထယ်ရေးပြင်ခြင်းလုပ်ငန်းကို စနစ်တကျပြုလုပ်ကြရသည်။ ပန်းစိုက်ပျိုးနိုင်ရန်အတွက်အနည်းဆုံးထွန်ဖြင့် ငါးစပ်မျှခုတ်ရလေ့ရှိသည်။ ထယ်ရေးပြင်ပြီးသည်နှင့် ပေါင်များကို စနစ်တကျ ပြုလုပ်ပေးရသည်။ ပေါင်တစ်ပေါင်လျှင် အနည်းဆုံးတစ်တောင်ကျော်ကျော်ပြုလုပ်ပေးရသည်။ ဒေသအတိုင်းအတာဖြင့် တစ်တောင်နှင့် လက်ငါးလုံးတိုင်းတာ စိုက်ပျိုးကြသည်။

ပေါင်တစ်ပေါင်နှင့် တစ်ပေါင်အကြား တစ်တောင်ခန့်ခြားထားကာ ရေပိုက်လမ်းအဖြစ်ထားရှိကြသည်။ ဂန္ဓမာ ပန်းပျိုးပင်များကို ပြင်ဦးလွင်မှ ဝယ်ယူကြရသည်။ ပန်းပျိုးပင်တစ်ပင်လျှင် ငွေကျပ် ငါးကျပ်မှ ခြောက်ကျပ်အထိပေးရသည်။ လက်ရှိကာလ ပန်းပေါင်တစ်ပေါင်လျှင် အပင်အရေအတွက် ၁၂၀၀ ဝင်ဆံ့သည့် ပမာဏအတိုင်းအတာဖြင့် စိုက်ပျိုးထားသည်။ မြေအနေအထားအလိုက် ပေါင်အတိုအရှည်ကို လိုသလိုပြုလုပ်လေ့ရှိသည်။ မြေတစ်ဧကလျှင် ပန်းပေါင် ၁၀၀ ရရှိသည်။ တစ်ဧကစိုက်ပျိုးမည်ဆိုပါက ပန်းပေါင်များကို ရက်ခြားကာစိုက်ပျိုးလေ့ရှိသည်။ သို့မှသာ အဆုတ်အတက်ဖြင့် ဈေးကွက်ကိုအချိန်ဆွဲကာ ချိန်ဆရောင်းချနိုင်မည်ဖြစ်သည်။



ပန်းပျိုးပင်စတင်မစိုက်ပျိုးမီ ခြဆေးများခံထားရသည်။ စတင်စိုက်ပျိုးမည့်နေ့တွင် ရှေ့မှ ပန်းပေါင်ကို ရေစိုနေအောင်လောင်းကာ နောက်မှ မြေတွင်ထိုးကာစိုက်ကြရသည်။ ပန်းစိုက်ပြီးသည်မှစကာ ရေလောင်းကြရသည်။ ရေလောင်းမှုတွင် ရာသီဥတုပူပါက သုံးခါအထိလောင်းကြပြီး ရာသီဥတုအေးပါက နှစ်ခါလောင်းကြရသည်။ ပန်းပင်များဖြစ်ထွန်းအောင်မြင်ရန်အတွက် ၁၅ ရက်တစ်ကြိမ် မြေဆီကျွေးပေးရသည်။ စိုက်ပြီးသုံးလကျော်လေးလအရောက်တွင် ပန်းများဈေးကွက်အတွင်း ရောင်းချနိုင်သည့် အနေအထားသို့ရောက်ရှိသည်။ ဂန္ဓမာပန်းမျိုးများစွာရှိပြီး လက်ရှိ ကာလ မန္တလေးမြို့အနီးမှ စိုက်ခင်းများမှာ စန်းဘား၊ ကြွေဖြူနှင့် လက်ကီးမျိုးများကို အများစုစိုက်ပျိုးကြသည်။ စိုက်ပျိုးမှုတွင် အလုပ်သမား စရိတ်သက်သာစေရန် ရေပန်းများကို အသုံးပြုလာကြောင်း သိရသည်။ **တိမ်တမန်**

## ကျေးရွာမီးသတ်အဆောက်အအုံပြီးစီးမှု ကွင်းဆင်းစစ်ဆေး



**တနင်္သာရီ နိုဝင်ဘာ ၁၆**
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၄၉၀ သိန်းဖြင့် မြိတ်ခရိုင် တနင်္သာရီမြို့နယ် သိန်းကျေးရွာအုပ်စု မော့တောင်နယ်စပ်ကျေးရွာ၌ အောင်ဘုန်းပြည့်စုံကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိသော မီးသတ်အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာတို့ ပြီးစီးမှုအခြေအနေကို တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ရဲသူရိန်ခင်မောင်ရီနှင့် တနင်္သာရီမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမျိုးနိုင်နှင့် ဝန်ထမ်းများသည် နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီက ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးသတ်အဆောက်အအုံမှာ (၄၅ × ၃၉ × ၁၅) ပေ၊ RC ကွန်ကရစ် တစ်ထပ်အဆောက်အအုံအမျိုးအစားဖြစ်၍ ဝန်ထမ်းအိမ်ရာမှာ (၄၀×၅၀×၂၂) ပေ (နှစ်ခန်းတွဲ) အဆောက်အအုံဖြစ်ကြောင်းနှင့် ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။ **ထိန်ဝင်း(ပြန်/ဆက်)**

# တောဆင်ရိုင်းအန္တရာယ်ကာကွယ်ရန် တိုက်ကြီးမြို့နယ် ကျေးရွာလေးရွာအား လျှပ်စစ်ခြံစည်းရိုးခတ်

**တိုက်ကြီး နိုဝင်ဘာ ၁၆**
ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အရှေ့ဘက် ပဲခူးရိုးမတောစပ်များရှိ တောဆင်ရိုင်းများ ဝင်ရောက်လေ့ရှိသော ကျေးရွာလေးရွာအား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဦးဆောင်အဖွဲ့ (Grow Beck for Posterity) မှ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် လျှပ်စစ်ခြံစည်းရိုးအား ဩဂုတ်လပထမပတ်တွင် ချောင်းစောက်ကျေးရွာတွင် စတင်၍ လျှပ်စစ်ခြံစည်းရိုးခတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာပထမပတ်တွင် သာယာအေးကျေးရွာထိ ရွာလေးရွာ ပြီးဆုံးကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့မှ ဦးမောင်မောင်ကြီးက ပြောသည်။

"ကျွန်တော်တို့တွေ တောဆင်ရိုင်းအများဆုံးဝင်ရောက်တဲ့ ရန်ကုန်တိုင်းအတွင်း တိုက်ကြီးမြို့နယ်နဲ့ လှည်းကူးမြို့နယ်တွေကို ရွေးချယ်လိုက်တဲ့အခါမှာ ကျွန်တော်တို့စစ်တမ်းအရ တောဆင်ရိုင်းတွေ အများဆုံးဝင်ရောက်တဲ့ တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်းခြောက်ရွာကို ရွေးချယ်လိုက်တာ။ ကျေးရွာလေးရွာတော့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ လျှပ်စစ်ခြံစည်းရိုးဟာ လူများအန္တရာယ်မဖြစ်စေနိုင်တဲ့ လျှပ်စစ်ဓာတ်အားနဲ့ နေရောင်ခြည်ဆိုလာဖြင့် အသုံးပြုထားပါတယ်" ဟု ၎င်းကရှင်းပြသည်။

တိုက်ကြီးမြို့နယ်အရှေ့ဘက် ပဲခူးရိုးမအနောက်ခြမ်းရှိ တောဆင်ရိုင်းအများဆုံးဝင်ရောက်သည့် ချောင်းစောက်ကျေးရွာ၊ အလယ်မြောင်ကျေးရွာ၊ အောင်ချမ်းသာကျေးရွာနှင့် သာယာအေးကျေးရွာတို့တွင် ဒေသခံများ တောဆင်ရိုင်းအန္တရာယ်ကာကွယ်နိုင်ရေးအတွက် လျှပ်စစ်ခြံစည်းရိုးများ ခတ်ပေးခြင်းဖြစ်ကြောင်း၊ ကျန်ရွာနှစ်ရွာအား တောဆင်ရိုင်းများဝင်ရောက်မှုများကို ဒေသခံများတင်ပြချက်အရ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးရွာပတ်လည်ကို လျှပ်စစ်ခြံစည်းရိုးခတ်ထားတော့ လယ်တွေ၊ လူနေအိမ်တွေ ဆုံးရှုံးမှုမရှိတော့ဘူး။ လင့်စင်ပေါ်လည်း တက်နေစရာမလိုတော့ဘူး။ လျှပ်စစ်ခြံစည်းရိုးမခတ်ခင် ညညဆို အိပ်တောင်မအိပ်ရဘူး" ဟု သာယာအေးကျေးရွာနေ အသက် ၄၅ နှစ်ရှိဒေသခံတောင်သူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံမှာ တောဆင်များနေထိုင်သည့် သပိတ်ကျင်း၊ တိုက်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် ဆင်နှင့်လူ ပဋိပက္ခဖြစ်ပွားလေ့ရှိကြောင်း၊ မြန်မာတစ်နိုင်ငံလုံးအနေဖြင့် ခန့်မှန်းတောဆင်ရိုင်းကောင်ရေ ၂၀၀၀ ခန့် ရှိကြောင်း၊ တစ်ကမ္ဘာလုံးအနေဖြင့် အိန္ဒိယနိုင်ငံသည် တောဆင်ရိုင်းအများဆုံးဖြစ်ပြီး ဒုတိယအများသည် မြန်မာနိုင်ငံဖြစ်ကြောင်း၊ Country Coordinator (Myanmar Program) Smithsonian Institution အဖွဲ့က တောဆင်ရိုင်းများပြားသည့် ဒေသဖြစ်သည့် နေရာများကို ကွင်းဆင်းပြီး ဟောပြောပွဲများကို ၂၀၁၄ ခုနှစ်ကနေစတင်ပြီး ဟောပြောပွဲများ လက်ကမ်းစာစောင်များဖြင့် ပညာပေးလုပ်ငန်းများလည်းလုပ်နေကြောင်း အဖွဲ့မှတာဝန်ရှိသူ ဦးအောင်မျိုးချစ်က ပြောသည်။

တိုက်ကြီးမြို့နယ်အတွင်း ပဲခူးရိုးမတောင်ခြေတွင်နေထိုင်သော ကျေးရွာများမှ တောဆင်ရိုင်းအန္တရာယ်ကို စိုးရိမ်နေကြရကြောင်း၊ ညနေ ၆ နာရီကျော်လျှင် ရွာပြင်သို့မထွက်ရဲတော့ကြောင်း၊ တောဆင်ရိုင်းသည် တစ်ခါတစ်ရံ တစ်ကောင်တည်း အစာရှာထွက်လေ့ရှိသော်လည်း တစ်ခါတစ်ရံ အုပ်စုလိုက်အစာရှာထွက်လေ့ရှိကြောင်း၊ ခန့်မှန်းအားဖြင့် တောဆင်ရိုင်းကောင်ရေ ၃၀ ကျော်ရှိကြောင်း၊ တစ်နှစ်လျှင် တောဆင်ရိုင်းအနင်းခံရ၍ တိုက်ကြီးမြို့နယ်အတွင်း လူသုံးဦးထက်မနည်း သေဆုံးလေ့ရှိကြောင်း တိုက်ကြီးမြို့နယ် ပဲခူးရိုးမတောင်ခြေတွင်နေထိုင်သော ကျေးရွာများမှ ဒေသခံများ၏ပြောပြချက်အရ သိရသည်။ **ထွန်းလှိုင်(မြိုင်)**

## လက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားပစ္စည်းဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်

**ကျောက်ဆည် နိုဝင်ဘာ ၁၆**
ကျောက်ဆည်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးတွင် နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ကျန်းမာရေးအားကစားဝန်ကြီးဌာနနှင့် (NGO)အဖွဲ့အစည်းများဖြစ်သည့် (PSI၊ 3MDG၊ UNFPA) တို့ပူးပေါင်းပြီး လက်မောင်းအရေပြားအောက်တွင် ထည့်သွင်းရသည့် သားဆက်ခြားပစ္စည်း (Contraceptive Lmplants) ဆိုင်ရာ ဆရာဖြစ်သင်တန်းဖွင့်လှစ်ရာ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ တံတားဦးမြို့တို့မှ ဆေးရုံဆရာဝန်များနှင့် တိုက်နယ်ဆေးရုံများမှ ဆရာဝန်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးတိုးတိုးက သင်တန်းဖွင့်လှစ်ပို့ချရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး လက်ထောက်ဆေးရုံအုပ်ကြီး (သားဖွားမီးယပ်ဆရာဝန်) ဒေါက်တာတင်ထူးလှိုင်က မြန်မာနိုင်ငံတွင် အသုံးပြုလျက်ရှိသော သားဆက်ခြားနည်းများနှင့် အသုံးပြုလျက်ရှိသောပစ္စည်းများ၊ ဆေးဝါးများအကြောင်း ဆွေးနွေးခဲ့ကြောင်းသိရသည်။

ယင်းနောက် လက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားနည်းများကို နေပြည်တော် မိခင်နှင့်မျိုးဆက်ပွားကျန်းမာရေးဌာနခွဲ ဦးစီးအရာရှိ ဒေါက်တာဉာဏ်ဟိန်း၊ ကျောက်ဆည်မြို့ လက်ထောက်ဆေးရုံအုပ် (သားဖွားမီးယပ်ဆရာဝန်) ဒေါက်တာတင်ထူးလှိုင်နှင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာခိုင်မွန်မွန်လှိုင်တို့က လေးရက်ကြာ သင်ကြားဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## ကညင်ဆိုင်ချောင်းကူးတံတားကြီးပြီးစီးပါက ဒေသခံပြည်သူများအတွက် လွန်စွာအကျိုးရှိနိုင်



**ကျုံပျော် နိုဝင်ဘာ ၁၆**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော ကညင်ဆိုင်ကျေးရွာရှိ ဒါးကချောင်းကူးတံတားကြီးပြီးစီးပါက ကျေးရွာပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေပြီး ကျေးရွာ ၁၅ ရွာမှ လူဦးရေ ၂၈၀၀၀ ကျော်တို့အတွက် လွန်စွာအကျိုးရှိမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းယုလှိုင်ထံမှ သိရသည်။

လက်ရှိတွင် အဆိုပါကျေးရွာရှိကျောင်းသို့ လာရောက်ပညာသင်ကြားလျက်ရှိသော ကျောင်းသားများမှာ လှေဖြင့်ချောင်းကူး၍ လာရောက်ကျောင်းတက်ကြသူ အများအပြားရှိပြီး တစ်လလျှင် ၄၀၀၀ကျပ် လှေကူးခ ကုန်ကျကြောင်း၊ ရေလမ်းခရီးကို နေ့စဉ်ဖြတ်သန်းနေကြရသောကြောင့် အန္တရာယ်များကြောင်း၊ ယခုတံတားပြီးစီးပါက ငွေကြေးကုန်ကျမှုသက်သာပြီး ပညာကောင်းစွာသင်ယူနိုင်မည်ဖြစ်ကြောင်းနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုလည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရသည်။

တံတားမှာ အရှည်ပေ ၃၀၀၊ အကျယ် ၁၄ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၁၅ ပေဖြင့် အုတ်သံပေါင် ကွန်ကရစ်ကြမ်းခင်း အမျိုးအစားဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ်သန်း ၄၈၀ ဖြင့် တည်ဆောက်ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ဘိုးပိုင်တူးခြင်း၊ ဘိုးပိုင် ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကာ ၂၀၁၇ ခုနှစ် မတ်လတွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

## မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ဒီးမော့ဆို နိုဝင်ဘာ ၁၆**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်တွင် မီးဘေးလုံခြုံရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်းဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် လူမှုရေးအသင်းအဖွဲ့တို့ ပူးပေါင်းကာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ဒီးမော့ဆိုမြို့ မြို့မဈေး၌ ဆောင်ရွက်ခဲ့သည်။

ပွင့်လင်းရာသီရောက်ရှိလာချိန်တွင် ပြည်သူများ မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ သရုပ်ပြမီးငြိမ်းသတ်နည်းများ၊ မီးလောင်မှုဖြစ်ပွားပါကလျင်မြန်စွာမီးငြိမ်းသတ်နိုင်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ရှေးဦးသူနာပြုစုနည်းများကို တပ်ဖွဲ့ဝင်များ ထိရောက်စွာဆောင်ရွက်နိုင်ရန် မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးနှင့် လူနာတင်ယာဉ်နှစ်စီးတို့ဖြင့် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်ရာတွင် မီးဘေးလုံခြုံရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်းနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆယ်သဲသင်ယူလေ့လာရေးသင်တန်းကျောင်းမှ သင်တန်းသားများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ကော့ဒွတ်ကျေးရွာ၏ သမိုင်းဝင်ကော့ဒွတ်ဘုရားတောင်ပင်လယ်ဝဘုရားပွဲတော်စည်ကား

**ရေး နိုဝင်ဘာ ၁၆**
မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ ကော့ဒွတ်ကျေးရွာ၏ သမိုင်းဝင်ကော့ဒွတ်ဘုရား တောင်ပင်လယ်ဝဘုရားပွဲတော်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြ၍ စည်ကားနေလျက်ရှိကြောင်း သိရသည်။

ဘုရား၏ဘုန်းတန်ခိုးကြောင့် ဘုရားပရိဝုဏ်အတွင်းမှာ ပင်လယ်ရေတက်ချိန်နဲ့ မိုးလေလှိုင်းများချိန်ဖြစ်စေကာမူ ရေလွှမ်းမိုးခြင်းမခံရ၍ ဘုရား၏အလယ်မှာ ကန်တော့ပုံသဏ္ဍာန်လည်းတည်ရှိသည်။ ခေတ်အဆက်ဆက်ရှိ မွန်ဆရာတော်ကြီးများနှင့် ရဟန်းရှင်လူပြည်သူတို့၏ သာသနာတော်စည်ပင်ဝပြောလာနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်လာ၍ ယနေ့အချိန်အထိ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများမှာ လာရောက်ဖူးမြော်နေကြောင်း သိရသည်။

အဆိုပါကော့ဒွတ်ဘုရားတောင်ပင်လယ်ဝ၏ ဗုဒ္ဓပူဇနိယပွဲတော်ကာလကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်ထိဖြစ်ကာ လူမျိုးဘာသာမရွေး စတုဒိသာထမင်းဟင်းများဖြင့် ကျွေးမွေးလှူဒါန်း၍ စည်ကားလျက်ရှိကြောင်း သိရသည်။ **ထွဋ်ထွဋ်(ရေး)**

# အညာဒေသမှ တန်ဆောင်တိုင်မင်းသားလေးများရိုးရာအရုပ်ကလေးများ ကိုယ်တိုင်ပြုလုပ်ကာ တန်ဆောင်တိုင်ကထိန်ပွဲအား ပျော်ရွှင်စွာဆင်နွှဲ



**မန္တလေး နိုဝင်ဘာ ၁၆**
တန်ဆောင်မုန်းလရောက်ပြီဆိုသည်နှင့် ကထိန်ပွဲများ၊ တန်ဆောင်တိုင်ပွဲများကို ဆင်နွှဲကြရာ ယခုအခါ အညာဒေသတွင် ကိုယ်တိုင်လုပ်ရိုးရာဆင်ရုပ်များ၊ ပစ်တိုင်းထောင်ရုပ်များဖြင့် လှပစွာ ကပြဖျော်ဖြေရင်း တန်ဆောင်တိုင်ပွဲကို ပျော်ရွှင်စွာဆင်နွှဲကြကြောင်း သိရသည်။

အညာဒေသတွင်မူ တန်ဆောင်တိုင်ပွဲကို လူငယ်များစွာ အားခဲနွှဲလေ့ရှိသည်။ တန်ဆောင်တိုင်မရောက်ခင်ကပင် တန်ဆောင်တိုင်ပွဲအတွက် အိုးစည်ဗုံမောင်းတို့ဖြင့် ကခုန်ကာ အလှူခံလေ့ရှိကြသည်။ ဒေသအခေါ်အဝေါ်အားဖြင့် ပျော်ကြေးဟုပင်ဆိုတတ်ကြသည်။ ထိုပျော်ကြေးများဖြင့် တန်ဆောင်မုန်းလပြည့်နေ့တွင် လမ်းဆုံလမ်းခွတွင် မုန့်လုံးရေပေါ်များလုပ်ကာ စတုဒိသာကျွေးသည့်အလေ့အထတို့ရှိသည်။ စတုဒိသာမုန့်လုံးရေပေါ်လုံးသူလုံး၊ ကခုန်သူကခုန်ဖြင့် ပျော်ပါးလေ့ရှိသည်။

လူငယ်များကမူ ရိုးရာနတ်အကများဖြင့် တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့တွင် ပျော်ကြေးတောင်းကြသည်။ လပြည့်နေ့ညတွင်မူ ထိန်ထိန်သာနေသော လမင်းကြီးအောက်တွင် ပျော်ရွှင်စွာဖြင့် တန်ဆောင်တိုင်ပွဲကိုဆင်နွှဲလေ့ရှိသည်။ ထိုသို့သောညများတွင် အညာကျေးလက်တွင် ပုံ့သကူပစ်သည်ဆိုသောအခေါ်အဝေါ်ဖြင့် လူမသိအောင် ဆန်၊ ဆီ၊ ဆားနှင့် ဟင်းချက်စရာများ၊ ပိုက်ဆံများကို လမ်းဘေးများတွင် ပစ်ချထားလေ့ရှိသည်။ ထိုပုံ့သကူကို လိုက်ရှာသူများလည်းရှိသည်။ ထို့အတူပင် တန်ဆောင်မုန်းလပြည့်ညကို သူခိုးညဟုတင်စားကာ အပျော်သဘောဖြင့် ကြက်မှအစ စားစရာတို့ကိုယူငင်ကာ ချက်ပြုတ်စားသောက်တတ်ကြသည်။ ခေတ်မီသောကာလတွင် တန်ဆောင်မုန်းလ သူခိုးကာလကို ခိုးယူခြင်းမပြုရန်၊ လွန်ကဲစွာမပျော်ရန် သတိပေးထိန်းသိမ်းလေ့ရှိသည်။

လက်ရှိကာလတွင် ကလေးငယ်များကိုယ်တိုင်လုပ်အရုပ်များဖြင့် ဒိုးပတ်သံ၊ လင်းကွင်းသံတို့ဖြင့် စည်စည်ညံလျက်ရှိနေသည်။ ပစ်တိုင်းထောင်အရုပ်များ၊ ဆင်ရုပ်များကို ကိုယ်တိုင်ချိုးကြပြီး ဆေးအဖြစ် ခတ်ခဲကုန်ပြီးသားများနှင့် သာကူကော်ကိုတွဲစပ်ကာ သုတ်လိမ်းပြီး ဖန်တီးကြသည်။ အညာဒေသကလေးငယ်များသည် ဒိုးပတ်နှင့်လင်းကွင်း၊ ဝါးလက်ခုတ်များကိုဆင်ကာ နိုင်သည်အထိ တီးမှုတ်တတ်ကြသည်။ တန်ဆောင်တိုင်မင်းသားလေးများ၏ ဆင်ရုပ်ငယ်များ၊ တန်ဆောင်တိုင်မင်းသားကြီးတို့၏ ပွဲဝင်ဆင်များ၊ ရိုးရာနတ်ကများနှင့် အခြားဦးရွှေရိုးအကမှအစ အကမျိုးစုံကြည့်ရသောလပင်ဖြစ်သည်။ ခိုက်ရန်ဖြစ်ပွားမှုမရှိဘဲ အပြစ်မဲ့သောပျော်ရွှင်မှုကို အားပေးကာ ငွေကြေးထည့်ကြသည်။

ဆင်ရုပ်များဖြင့် အိမ်၊ ဈေးဆိုင်ကလေးများကို ဦးတိုက်ကာ အလေးအမြတ်ပြုလာဘ်ခေါ်မှုကလေးများ ပြုလုပ်ပေးသည်မှာလည်း ချစ်စရာဓလေ့ပင်ဖြစ်သည်။

**စိုးရွှေ**

## ထားဝယ်မြို့ (၁၀၇) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရား ဒေသစာရီ လှည့်လည်အပူဇော်ခံ



**ထားဝယ် နိုဝင်ဘာ ၁၆**
နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက်ကျင်းပလေ့ရှိသည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ဒေသ၏ အစည်ကားဆုံးပွဲတော်တစ်ခုဖြစ်သည့် ပွင့်တော်မူပြီးဖြစ်ကြသော နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများ၏ ရုပ်ပွားတော်များ ဒေသစာရီလှည့်လည်ပူဇော်ခံပွဲကို နိုဝင်ဘာ ၁၃ ရက် ည ၇ နာရီတွင် ရွှေတောင်စားဘုရားကြီးဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ထားဝယ်မြို့၏ကျက်သရေဆောင် နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရား၏ ရုပ်ပွားတော်များ ဒေသစာရီလှည့်လည်ပူဇော်ခံပွဲကို ကောဇာသက္ကရာဇ် ၁၂၇၂ ခုနှစ်မှ စပြီး ကျင်းပလာခဲ့ရာ ယခုနှစ်တွင် နှစ်ပေါင်း ၁၀၇ နှစ်တိုင် ကျင်းပလာခြင်းဖြစ်သည်။

နှစ်ကျိပ်ရှစ်ဆူဘုရားများ လှည့်လည်ပွဲတော်အတွက် နှစ်စဉ် တန်ဆောင်မုန်းလဆန်း (၁) ရက်နေ့တွင် မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသည် ဘုရားတစ်ဆူစီကို ကြိုတင်ပင့်ဆောင်ကြပြီး သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာများ၏ အဓိကကျသည့်နေရာများတွင် ကိန်းဝပ်စံပယ်တော်မူရန် ယာယီမဏ္ဍပ်များဆောက်လုပ်ကာ ပူဇော်ခံလေ့ရှိသည်။

ယင်းကဲ့သို့ မိမိဒေသအတွင်း ကိန်းဝပ်စံပယ်တော်မူသော နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများအား တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့နှင့် ၁၁ ရက်နေ့တို့တွင် ဘုရားကြီးဝင်းအတွင်းရှိ ယာယီစံပယ်ရန် ရပ်ကွက်နှင့်ကျေးရွာများသည် မိမိတို့ပင့်ဆောင်ထားကြသော နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားကို အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် ပြန်လည်ပို့ဆောင်ကြသည်။ ဘုရားကြီးဝင်းအတွင်း၌ နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက်နေ့ထိ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ရဟန်းရှင်ပြည်သူများ နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားရုပ်ပွားတော်များကို ပူဇော်ကန်တော့ရန် ယာယီစံကျောင်းတော်ဖြင့် ထားရှိပေးခြင်းဖြစ်သည်။

အဆိုပါ တန်ဆောင်မုန်းလဆန်း ၁၄ ရက်တွင် ဘုရားကြီးဝင်းအတွင်း ယာယီစံကျောင်းတော်မှ မြို့တွင်းသို့လှည့်လည်ပူဇော်ခံရာ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ကျေးရွာနှင့် မြန်မာနိုင်ငံအတွင်းမှ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ပွဲတော်ကျင်းပရာလမ်းတစ်လျှောက်တွင် ဒေသခံပြည်သူများက နိဗ္ဗာန်ဈေးများဖြင့် အစားအသောက်မျိုးစုံ လှူဒါန်းကုသိုလ်ပြုကြရာ ညလုံးပေါက် စည်ကားလျက်ရှိသည်။

သန့်ရှင်းရေးအတွက် ထားဝယ်ဒေသရှိ လူငယ်များက သန့်ရှင်းရေးလုပ်အားပေးခြင်းကို အချိန်နှင့်တစ်ပြေးညီ ပါဝင်လုပ်အားပေးလျက်ရှိပြီး အရေးပေါ်လုပ်ငန်းများအတွက် ဇမ္ဗူသီရိနာရေးကူညီမှုအဖွဲ့က ပါဝင်လုပ်အားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တနင်္သာရီတိုင်းဒေသကြီး(ပြန်/ဆက်)**

## ချောင်းရေဝင်ရောက်ခဲ့သောကျေးရွာများသို့ သောက်ရေသန့်ဘူးများလှူဒါန်း

**တပ်ကုန်း နိုဝင်ဘာ ၁၆**
နေပြည်တော် တပ်ကုန်းမြို့နယ် နဝင်းချောင်းရေကြီးရေလျှံမှုဖြစ်ကာ ကျေးရွာအချို့ ရေများဝင်ရောက်ခဲ့ပြီး ရွာထဲရှိ တုံကင်ရေတွင်းများ ရေဆိုးစီးဝင်ခဲ့၍ သောက်သုံးရေအခက်အခဲဖြစ်သည့် ကျေးရွာများသို့ နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးဌေးဝင်း၊ ဥတ္တရခရိုင်ဦးစီးမှူးနှင့် မြို့နယ်ရုံးမှတာဝန်ရှိသူများ ကျေးရွာရပ်မိ၊ ရပ်ဖမျာနှင့်တွေ့ဆုံပြီး ဒေသခံပြည်သူများ သောက်ရေအခက်အခဲမရှိစေရန်အတွက် သောက်ရေသန့်ဘူးများလှူဒါန်းခဲ့ကြောင်း သိရသည်။

ရေဝင်ရောက်ခဲ့သည့်ကျေးရွာများဖြစ်သည့် ကင်းသာကျေးရွာအုပ်စု၊ သပြေကုန်းကျေးရွာ၊ ကြို့ကုန်းကျေးရွာနှင့် ရှောက်ကုန်းကျေးရွာအုပ်စု၊ ရှောက်ကုန်းကျေးရွာ၊ နောင်ခမ်းကျေးရွာများသို့ ၂၀ လီတာရှိ သောက်ရေသန့်ဘူး ၇၃၄ ဘူးအား ကွင်းဆင်းလှူဒါန်းခဲ့သည်။

"ကျွန်တော်တို့မြို့နယ်မှာ နိုဝင်ဘာ ၁၀ ရက်က မိုးအဆက်မပြတ်ရွာသွန်းခဲ့ပါတယ်။ နောက်ရက်တွေမှာ မုန်ချောင်း၊ နတ်ကင်ချောင်း၊ နဝင်းချောင်းပေါင်းစုံနေရာက စတင်ပြီး နဝင်းချောင်းရေကြီးရေလျှံဖြစ်တယ်။ ချောင်းရေတွေ ရေတွင်းထဲစိမ့်ဝင်လို့ တုံကင်ရေတွင်းရေတွေက သောက်ရတာ အဆင်မပြေဖြစ်ခဲ့တယ်" ဟု နောင်ခမ်းကျေးရွာမှ ဒေသခံဦးမောင်ဝင်းက ပြောပြသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## တန်ဆောင်တိုင်ပွဲတော်အထိမ်းအမှတ် ပန်းချီ၊ ဓာတ်ပုံပြပွဲ ကျင်းပ

**သံဖြူဇရပ် နိုဝင်ဘာ ၁၆**
ယခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်အထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၁၃ ရက် ညနေပိုင်းမှစတင်ကာ သံဖြူဇရပ်မြို့လယ်ပန်းခြံအတွင်း ပန်းချီ၊ ဓာတ်ပုံနှင့် လက်မှုအနုပညာပြပွဲကို မြို့နယ်အတွင်းမှ ဝါသနာရှင်များစုစည်းကာ ပြသခဲ့သည်။

မီးထွန်းပွဲတော်စည်ကားသိုက်မြိုက်စေရေးအတွက် သံဖြူဇရပ်မြို့နယ်၊ စည်ပင်သာယာရေးကော်မတီ၊ ရပ်ကွက်တာဝန်ရှိသူများနှင့် ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများပူးပေါင်းစီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ခဲခြစ်ပန်းချီပြခန်းကို ဝါသနာရှင် အောင်မင်းဇော်၊ နန္ဒာချမ်း၊ ကျင်ဟုတ်တို့မှလည်းကောင်း၊ ဖောင်းကြွပန်းချီကိုအစိုးမှလည်းကောင်း၊ ဖီလေးမှ မှန်သဲဂန်းပန်းချီပြသခြင်း၊ အဘတို့အဖွဲ့မှ စွန့်ပစ်ပစ္စည်းဖြင့် မီးပုံးမီးအိမ်အလှပြုလုပ်ပြသပြီး သီဟစိုးနှင့် ဝိုင်းချစ်စံတို့မှ ဓာတ်ပုံပြခန်းပြသခဲ့ရာ ပြည်သူများစိတ်ဝင်စားစွာကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့မြို့နယ်အတွင်းမှာ မထင်မရှားရှိနေတဲ့ အနုပညာဝါသနာရှင်တွေစုစည်းပြီး သူတို့ရဲ့ အနုပညာလက်ရာတွေကို ပြည်သူတွေသိရှိအောင် မထင်မှတ်ပဲဖော်ထုတ်ပြသနိုင်ခဲ့တာ ကျေနပ်မိပါတယ်။ ပြည်သူတွေလည်းစိတ်ဝင်စားမှုရှိတာ တွေ့ရပါတယ်" ဟု မှန်သဲဂန်းပန်းချီဝါသနာရှင် ဖီလေးကပြောသည်။

ပြခန်းကို ည ၉ နာရီအထိဖွင့်လှစ်ကာ နှစ်ရက်ကြာပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**



ကြေးမုံ






# ပရဟိတ ကလေးများဘ၀ ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းစံပြကျေးရွာ၊ မြို့ဦးပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ၂၀၀၁ခုနှစ်တွင် မိဝေးဖဝေး၊ မိမဲ့ဖမဲ့၊ မိဘမဲ့၊ ဆင်းရဲနွမ်းပါး ကလေး(၃၅)ဦးဖြင့် နိုင်ငံတော်အစိုးရ၊ သာသနာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။

ယခုနှစ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား/ ကျောင်းသူ ကလေးပေါင်း (၃၁၅) ဦးကို ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိပါသည်။ (၁၆)နှစ်တာ ခရီးတိုင်အောင် ဖြတ်သန်းလာရသော်လည်း အမာခံငွေပင်ငွေရင်း ကျောထောက်နောက်ခံမရှိခြင်း၊ ရပ်ဝေးအလှူရှင်အားနည်းခြင်း စသောအကြောင်းများကြောင့် လိုအပ်ချက်များ ရှိနေပါသည်။

အထူးသဖြင့် ကလေးများအတွက် ကျွေးမွေးရေး ဆန်၊ ဆီ၊ ပဲ၊ အာလူး၊ ကြက်သွန် စသည်များ လိုအပ်ခြင်း၊ ကျောင်းသူ မိန်းကလေး အိပ်ဆောင်လိုအပ်ခြင်း၊ စာအုပ်၊ စာရေးကိရိယာများ လိုအပ်ခြင်းတို့သည် အရေးကြီးဆုံးများဖြစ်သည်။ သို့ဖြစ်၍ စေတနာရှင် မိဘပြည်သူများသည် ဤကျောင်းရှိ ကလေးများအား မိမိတို့၏ သားသမီးပမာ ကရုဏာထား၍ အနာဂတ်မှာ ရွှေရောင်တောက်ပဖို့ ဝိုင်းဝန်း၍ မြေတောင်မြှောက်ကြပါရန် အထူးမေတ္တာရပ်ခံ နှိုးဆော်အသိပေးအပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည်။

၁။ ကျောင်းအုပ်ဆရာတော် ဖုန်း-၀၉-၇၉၆၆၂၅၇၀၀၊ ၀၉-၂၅၅၇၄၈၆၂၄၊ ၀၉-၄၉၃၁၅၃၇၀၊
ရွှေဂုံတိုင်ကမ္ဘောဇဘဏ်အကောင့်နံပါတ်
ဦးဇဋိလ(A/C No.007-301-00700708002)
CB Bank အကောင့်နံပါတ် U ZATILA (A/C No.0092600100002526)ဘဏ်စာရင်းသို့ နီးစပ်ရာဘဏ်၌ ထည့်သွင်း၍ လှူဒါန်းနိုင်ပါသည်။

၂။ ဦးအောင်လွင်-ဒေါ်ချိုချိုထွေး(ငြိမ်းချမ်းရေးနှင့်ကမ္ဘာကျော်ပင်ရင်းထီဆိုင်ကြီး)
အမှတ်(၁၆၈/၁၈၈)၊ အခန်း(၄)၊ ၂၇လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၄၉၂၀၈၊ ၀၁-၂၄၈၀၈၈၊ ၀၁-၂၄၉၀၁၃၊ ၀၁-၂၄၉၀၁၅

၃။ ဦးဟန်ကြည်-ဒေါ်ဝါဝါကျော် Alpine သောက်ရေသန့် ကိုယ်စားလှယ်မိသားစု ပုဇွန်တောင်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၁၄၁၉၀၊ ၀၉-၅၁၃၀၁၉၀

၄။ အဖြူရောင်မေတ္တာအဖွဲ့၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၅၃၃၅၁၊ ၀၉-၅၄၁၄၂၉၅၊ ၀၉-၅၁၁၂၄၁၆

မှတ်ချက် - ကျိုက်ထီးရိုးဘုရားဖူးရင်း တစ်ခေါက်တစ်ခါ အရောက်လာစေချင်ပါသည်။
ကျိုက်ထီးရိုးဘုရားနှင့် (၁၇)မိုင်ခန့်သာ ကွာပါသည်။
ကေလာသဘုရား၊ ကျိုက်ထီးဆောင်းဘုရားနှင့် တစ်မိုင်ခန့်သာ ကွာပါသည်။
- မည်သူ့ကိုမျှ အလှူခံစေလွှတ်ထားခြင်းမရှိပါ။

01-293159
01-9000293
09-5160048
www.heincarrental.com

MIHARA
ခရီးစဉ် (အပတ်စဉ်)
Car Rental Services
09-49218700, 09-5025400

မင်္ဂလာပါ
Box
09-450042704
09-250095116
09-420096296

## ဘဝနတ်ထံစံလွန်တော်မူသွားခဲ့ပြီးသော ရွှေဥမင်ဆရာတော်ကြီး၏ (၁၄)နှစ်ပြည့် ဂုဏ်ရည်မှန်းဆ ဓမ္မဂုဏ်တော်ပူဇော်ပွဲ ဖိတ်ကြားလွှာ


ရွှေဥမင်ဆရာတော်မှ ရွှေဥမင်ဓမ္မသုခတောရရိပ်သာကြီးကို တည်ထောင်တော်မူခဲ့၍ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယော) ဆရာတော်ကြီးမှ ဦးစီးပဓာနနာယက အဖြစ် စီမံအုပ်ချုပ်တော်မူသော ရွှေဥမင်ဓမ္မသုခတောရ ရိပ်သာနှင့် ပရိယတ္တိစာသင်တိုက်၌ ဘဝနတ်ထံစံလွန်တော်မူသွားခဲ့ပြီးသော ရွှေဥမင်ဆရာတော်ကြီး၏ (၁၄)နှစ်ပြည့် ဂုဏ်ရည်မှန်းဆ ဓမ္မဂုဏ်တော်ပူဇော်ပွဲအခမ်းအနားကို (၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ရက်) ၂၀-၁၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ကျောင်းတိုက်၏ပစ္စည်းလေးပါးဒါယကာ၊ ဒါယိကာမများ၊ ကုသိုလ်ရှင်များကြွရောက်၍ အနုမောဒနာတရားစုပေါင်းနာယူ၊ ကုသိုလ်အမျှရယူကြပါရန် လေးမြတ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ရိပ်သာအကျိုးတော်ဆောင်အဖွဲ့**

FULLY LIGHT ခရီးသွားတုမ္ပဏီ
လူကြီးမင်းတို့ သွားလိုရာ ခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်...
01-503815 ,09-333 777 82,09-42 101 3085

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
ACCA (UK)
PART I,II,III, DIP IFR
JANUARY 2017 INTAKE
REGISTRATION FEES SCHOLARSHIP
ENROL NOW
Nay Lin Aung Finance & Accountancy Academy




Have been built
7F
SPRING LINE
★ Hlaing River Landmark ★
MODERN COMPLEX BUSINESS CENTER
BEYOND
YANGON
★ Permanent Property ★
A new business center, next to the Aung Zay Ya bridge.
ပျော်ရွှင်သော ဘဝနှင့် စီးပွားရေးကို တစ်နေရာထဲတွင် ခံစားနိုင်သည့် ဘိုးဘွားပိုင်မြေ 800000 Sqft ရှိသော လှိုင်မြစ်လမ်း အောင်ဇေယျတံတားအနီးတွင်တည်ရှိပြီး လှပသော အင်တာနေရှင်နယ်စတိုင်လ် အဆောက်အဦးတစ်ခု ဖြစ်လာတော့မည့် Spring Line သည် ရန်ကုန်မြို့၏ စီးပွားရေးစင်တာနှင့် နေအိမ်အဆောက်အဦးတစ်ခု ဖြစ်လာတော့မည်။
800000 square feet innovative RBD,
enjoy one-stop business and life.
International style buildings occupy the most beautiful
landscape of Hlaing River and Aung Zaya Bridge.
Spring Line is the iconic Business and
residential center at Hlaing River of Yangon.
Beyond Yangon today,
for tomorrow Yangon.
SHOPPING ARCADE
BOUTIQUE BUSINESS HOTEL
SMART STAR OFFICE
VOHO& SOHO
ELITE CLUB
Hlaing River
Aung Zay Ya Bridge
Hlaing River Rd
Ba Yint Naung Rd
Insein Rd
Hlaing River
TEL: 09 7930 66666
Shwe Oak Khai Construction Co.,Ltd
Add: No 461 Kanar Middle Qtr,Hlaing River Road,
Near Aung Zay Ya Bridge,Insein Township,Yangon

## ကြော်ငြာ

**သန်းရွှေနှင့်ရောင်းရင်းများ မှ ကျိုက်ထီးရိုး/ ချောင်းသာ(နေ့စဉ်)**

* တောင်ကြီး၊ ပင်းတယ၊ ကံ့လုံ၊ ထမ်စမ်းလိုဏ်ဂူ၊ မွေတော်ကက္ကူ(၄)ရက် လျှိုင်ကော်ပါ(၆)ရက်။ * မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်(၄)ရက်။
* ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ အလိုတော်ပြည့်ဆုတောင်းပွဲ(၄)ရက်။ ...Dec1ဦ
* ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ခမီ၊ စက်ဆဲ (၆)ရက်။
* မန္တလေး၊ ပြင်ဦးလွင်၊ ဒီးခုတ်ရေပြောအိုင်၊ ဝေဝေရာစန ကျောက်စိမ်းစေတီ(၄)ရက်။
* မော်လမြိုင်၊ ကျိုက္ခမီ၊ စက်ဆဲ၊ (ကျိုက်ထီးရိုး) (၂/၃)ရက်။ Nov18,23,25 ထွက်မည်
* ဗလှူ * နေပြည်တော် * ပြည်၊ အကောက်တောင် ...(နေ့ချင်းပြန်)...(ဝနေ/တနင်္ဂနွေ)

ထားဝယ် မြိတ် ကော့သောင်း (ရခေါင်း) (၇)ရက် အထူးစရီးစဉ် Dec23 ထွက်မည်

အမှတ်(၄၂၄)၊ ရွှေဘုံသာ(အထက်) Ph: 01-380141, 01-241863, 09-43043109, 09-73251422

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**ရွှေအိုးကြီး**
မြဝတီ၊ မဲဆောက်၊ ဖဒေါ၊ ဘားအံ၊ဘုရားဖုံနှင့်ချစ်သူမြို့
Hotel ...S/P (Visa) ... (75000) Nov.11.18.25 ...
09421073634, 777636630

**Travel Mate Myanmar** Travels & Tours
မြဝတီ - မဲဆောက် - ဘားအံ
ဘားအံ - တောင်ပိုင်း - ချစ်သူမြိုင်
မော်လမြိုင် - ကျိုက္ခမီ - စက်စဲ
5+1 FOC စနေနေ့တိုင်း ထွက်မည်
09450 200 522 , 09450 200 533 , 09450 200 544

တက္ကသိုလ်ဝင် စာမေးပွဲမှာ ... အမှတ်များလိုသူများ အတွက်

# ဂုဏ်ထူး ဦးအောင်ဒိုင်

2017 English Question 5 Sets
၂၀၁၇ အင်္ဂလိပ်စာ မေးခွန်း ၅ စုံ
၂၅၂ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။ 01 252 919, 09 964 252 919

လိုနေသူကို ပေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်

# ဆရာမိုး Follow Me Ph.D (USA) IELTS

တန်းခွဲသစ် လက်ခံပြီ။

အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်

**Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်**
**ENGLISH 4 SKILLS Level (1,2) ၄ လ နှင့်**
ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)ချိန်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝဏ္ဏဆောင်ပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်၍ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ် Nov 19 စမည်။
**4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။**
အင်္ဂလိပ်စာကို တိတိကျကျ သေသေချာချာ တတ်မြောက်ပြီး ထိထိရောက်ရောက် သင်ကြားပေးနိုင်သည့် အင်္ဂလိပ်စာဆရာ ဖြစ်လာစေဖို့
**အင်္ဂလိပ်စာ ဆရာဖြစ် Certificate in Teaching English ၄ လ အထူး တန်းခွဲသစ် လက်ခံပြီ။**
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျှက်
**သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄ လ အတတ် လက်ခံပြီ။**
**4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄ လ အထူး လက်ခံပြီ။**
**ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။**
အမှတ် ၁၈၊ ၅-လွှာ၊
အင်းဝ စာအုပ်တိုက် (အပေါ်ထပ်)၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း။ 0943125393
ပိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ်၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်)။ 01 398118, 295798

(Batch 30) December 4th စမည်။

PASAS (Singapore) မှ အသိအမှတ်ပြု

**Executive Cert in Business Management** (3 Modules)

(Module 1) **Human Resource Management**
Dr. ... Ph.D (HRM, Delhi) (9:00 am to 12:00 pm)

(Module 2) **Leadership and Organizational Development**
Dr. ... Ph.D (1:00 pm to 4:00 pm)

(Module 3) **Marketing Management**
Asst. Prof. ... (Principal of YCTC) (4:00 pm to 7:00 pm)

Sunday Only (6 Weeks) တစ်ဘာသာချင်းစီ တက်ရောက်သူများလည်း
YCTC မှ Competence Certificate ချီးမြှင့်ပါမည်။

**YCTC** Business Institute
အမှတ် (၂၄)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ် (PARK ROYAL HOTEL အနီး)
Ph : 01-393076
09-420118100
09-250640429

ကမ္ဘာ့အဆင့်သတ်မှတ်ချက်မြင့်မားသည့် Lincoln University College မှ တိုက်ရိုက် ချီးမြှင့်ပေးအပ်သည့် ဘွဲ့များကို River Samon Institute of Management တွင် တက်ရောက်နိုင်ပါသည်။

**-MBA**
**-PGDBF**
(Post Graduate Diploma in Banking & Finace)

10% Dis for Sat & Sun Class...

Enroll Now! for NOV Intake

ဘွဲ့တစ်ခုခုရပြီးသူများ မည်သူမဆိုတက်ရောက်နိုင်ပါသည်။
ဘဏ်နှင့်ချိတ်ဆက်ပြီး Student Loan Plan စီစဉ်ပေးပါသည်။

Hot Line
09-420725566
01-73094060

@ Myanmar Campus



RIVER SAMON
No.(8), Room(#506), Pan Chan Tower, Bargayar Road, Myaynigone, Sanchaung Township, Yangon, Myanmar. www.rsic-edu.com, riversamonmay2014@rgmail.com

**တာဝတိံသာ**
အဆင့်မြင့် အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်း၊ ပြောင်းရွှေ့လိုပါက
၁၀ ပေ၊ ၁၄ ပေ၊ ၁၅ ပေ၊ ၁၆ ပေ၊ ၁၇ ပေ၊ ၂၄ ပေ၊
၁၀ ဘီး၊ ၁၂ ဘီး ကားများနှင့် အတွေ့အကြုံရှိသူများဖြင့်
ပြောင်းရွှေ့ပေးသည်။ (မြို့တွင်း/ နယ်ဝေး)
Ph: 09 32152526, 09 421024222
09 31483218, 09 49344288

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

**THE BROTHERS** မြဝတီ Live Shopping TV အစီအစဉ်
New ...

146,000 Ks
209,000 Ks
305,000 Ks
331,000 Ks
438,000 Ks
191,000 Ks
120,000 Ks
170,000 Ks
145,000 Ks
175,000 Ks
186,000 Ks
207,000 Ks
250,000 Ks

မနေ့နေ့နှင့်တနင်္ဂနွေနေ့ (ညနေ ၅ နာရီမှ ၆ နာရီအတွင်း) မြဝတီ Live Shopping TV အစီအစဉ်တွင်ကြည့်ရှုဝယ်ယူနိုင်ပါသည်။
... 09-459258885,459258886

**Air Con**
(၁၀)ပေတပ်ဆင်အပြီးအစီး
250,000 Ks
320,000 Ks
မီးလစ်ပေါက်လေးပဲ လုပ်ထားပေးပါ...
(၁၀)ပေအထိ
ကျန်တာဘာဆိုဘာမှထပ်မကုန်...

**အောင်နိုင်သူ ပဟာဇိန် ကုမ္ပဏီလီမိတက်**
**Winner Super Diamond Pile Co., Ltd.**
**W.S.D Group**



# W.S.D Pile

Licence No.PL-12

လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊ Bored Pile, လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊ ၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊မန္တလေး။
Ph: 09-265820507

# အကြမ်းဖက်သမားများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့များအပေါ် အထင်အမြင်လွဲမှားစေရေးလုပ်ဆောင်ကာ နိုင်ငံတကာမှ အထောက်အပံ့များရရှိအောင် လုပ်ကြံဖန်တီးခြင်းများ ပြုလုပ်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ချက်အမှတ် ၁/၂၀၁၆ အား ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။ အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ**
**သတင်းထုတ်ပြန်ချက်အမှတ် ၁/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်**
**(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)**

၁။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်ထုတ် Bangkok Post သတင်းစာပါ မောင်တောနယ်မြေအတွင်း လူနေအဆောက်အအုံများ မီးရှို့ဖျက်ဆီးခံရသည့် သတင်းနှင့်ပတ်သက်၍ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ ထုတ်ပြန်ချက်အား ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ အဆိုပါသတင်းနှင့်ပတ်သက်၍ တိကျစွာထုတ်ပြန်နိုင်ရန် တပ်မတော်မှ ရဟတ်ယာဉ်ဖြင့် ဝါးပိတ်ကျေးရွာ၊ ကြက်ရိုးပြင်ကျေးရွာ၊ ဒါးကြီးဇားကျေးရွာနှင့် ပတ်ဝန်းကျင်နယ်မြေများအား လှည့်လည်၍ ဓာတ်ပုံရိုက်ခြင်း၊ မျက်မြင်စစ်ဆေးခြင်းတို့အား နိုဝင်ဘာ ၁၅ ရက် ညနေပိုင်းတွင် ဆောင်ရွက်ခဲ့ရာ ဝါးပိတ်ကျေးရွာ၌ အဆောက်အအုံ ၁၀၅ လုံးခန့်၊ ကြက်ရိုးပြင်ကျေးရွာ၌ အဆောက်အအုံ ၃၀ လုံးခန့်၊ ဒါးကြီးဇားကျေးရွာ၌ အဆောက်အအုံ ၃၀ လုံးခန့်၊ ပြောင်ပိုက်ကျေးရွာ၌ အဆောက်အအုံ ၂၀ လုံးခန့် မီးလောင်ပျက်စီးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

၃။ ဝါးပိတ်ကျေးရွာ၌ နိုဝင်ဘာ ၁၃ ရက် ညနေပိုင်းတွင်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

# နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေး ကော်မတီဖွဲ့စည်း

**နေပြည်တော် နိုဝင်ဘာ ၁၆**

ရခိုင်ပြည်နယ်အတွင်း ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အချိန်နှင့်တစ်ပြေးညီ သတင်းများထုတ်ပြန်နိုင်ရန်အတွက် "နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ"ကို ဖွဲ့စည်းလိုက်ကြောင်း နိုင်ငံတော်သမ္မတရုံးမှ ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

**ဖွဲ့စည်းထားရှိ**

အဆိုပါ သတင်းထုတ်ပြန်ရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဒုတိယဥက္ကဋ္ဌအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦး၊ အဖွဲ့ဝင်များအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးစိုး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီးမျိုးသူစိုး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းအောင်နှင့် အတွင်းရေးမှူးအဖြစ် နိုင်ငံတော်သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ဖြင့် ဖွဲ့စည်းထားရှိသည်။

**(သတင်းစဉ်)**



အထူးသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

# မောင်တောဒေသကို စစ်ဆင်ရေးဒေသအဖြစ် သတ်မှတ်ထားပြီး နိုင်ငံတကာဥပဒေနှင့်အညီ ထိန်းသိမ်းလျက်ရှိ မြေပြင်တွင် မီဒီယာများ သတင်းယူခွင့်နှင့်ပတ်သက်၍ မီဒီယာအစုံပါအောင် လွှတ်ဖို့ရှိ

နေပြည်တော် နိုဝင်ဘာ ၁၆

**မောင်တောနယ်မြေအတွင်း လူနေအဆောက်အအုံများ မီးရှို့ဖျက်ဆီးခံရသည့် Human Rights Watch (HRW) ၏ အစီရင်ခံစာပါအချက်များအပေါ် ပြန်လည်ရှင်းလင်းခြင်း အထူးသတင်းစာရှင်းလင်းပွဲကို ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသည်။**

ရှင်းလင်းပွဲတွင် နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီ အတွင်းရေးမှူး နိုင်ငံတော်သမ္မတရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့ နိုင်ငံတော်သမ္မတရုံးမှ ရခိုင်ပြည်နယ်နှင့်ပတ်သက်ပြီး နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီကို ဖွဲ့စည်းလိုက်ပါကြောင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီဖွဲ့စည်းရခြင်း ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားသည့်ဖြစ်စဉ်များနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ရေးဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခြင်းဖြစ်ပါကြောင်း။

ကော်မတီအနေဖြင့် အခါအားလျော်စွာ သတင်းစာရှင်းလင်းပွဲများ၊ သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲသည် အစီရင်ခံစာပါအချက်များနှင့်ပတ်သက်ပြီး ပြန်လည်ရှင်းလင်းတင်ပြရန်ဖြစ်ပါကြောင်း၊ Human Rights Watch (HRW)မှ နိုဝင်ဘာလ ၁၀ ရက်တွင် ရခိုင်ပြည်နယ် မောင်တောဒေသရှိ ကျေးရွာများ မီးလောင်မှုနှင့်စပ်လျဉ်းပြီး အစီရင်ခံစာ ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါထုတ်ပြန်ချက်အပေါ် မူတည်ပြီး ဘန်ကောက်ပို့စ်သတင်းစာမှ နိုဝင်ဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပါကြောင်း၊ HRW ၏ သတင်းထုတ်ပြန်ချက်အပေါ် အခြေခံပြီး ထုတ်ပြန်သွားခြင်းဖြစ်ပါကြောင်း၊ အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီး တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှလည်း ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

